
လုံးချင်းဝတ္ထုသစ်
ဆုလေးနှယ်
(ရန်ကုန်တက္ကသိုလ်)
တိမ်တိုက်ထဲကလမင်းသခင်

စာမူခွင့်ပြုချက် ...... ၅၀၁၇၆၅၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက် ... ၅၀၀၆၀၇၀၆၁၀
**ထုတ်ဝေခြင်း** - ပထမအကြိမ်
**၂၀၁၀ - ဩဂုတ်လ**
**အုပ်ရေ** - ၁၀၀၀-အုပ်
**တန်ဖိုး** - သုံးဆယ်ကျပ်တိတိ
**မျက်နှာဖုံးပန်းချီ** - Lလင်း
**စီစဉ်သူ** -ဒေါ်ငွေးငွေးမော်

၇၉၅·၇၃
ဆုလေးနွယ်
တိမ်တိုက်ထဲကလမင်းသခင်/ဆုလေးနွယ်။ - ရန်ကုန်
ဉာဏ်ဝင်း စာပေ ၂၀၁၀၊
၂၄၇ - စ ၊ ၁၂· ၅ x ၁၇· ၅ စင်တီ။
(၁) တိမ်တိုက်ထဲကလမင်းသခင်

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ်၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီ ပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၃၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ဆုလေးနှယ်

# တိမ်တိုက်ထဲက

## လမင်းသခင်

ဒီနေ့သင်တန်းတက်ရတာ ပျင်းစရာကောင်းသလိုကြီး ဖြစ်နေပါသည်။ အမှန်တော့ သူမရဲ့သူငယ်ချင်း ဝတ်မှုံ ရောက်မလာ၍ ဖြစ်သည်။

ခါတိုင်းတော့ သင်တန်းက ဘရိတ်တိုင်းပေးလျှင် အောက်ဆင်းကာ ဆိုင်တစ်ခုခုထိုင်ပြီး မုန့်စားရင်းစကားပြောရင်း အချိန်ကုန်တတ်တာမို့ ပျင်းရိဖို့ပင် အချိန်မရ။

ကြွေရုပ်ဖြူက သူမရဲ့ သားရေပိုက်ဆံအိတ်အဖြူရောင် ခပ်ပါးပါးသေးသေးလေးကို ပုခုံးမှာလွယ်၍ လှေကားမှ အောက်သို့ ဆင်းလာခဲ့သည်။

• ဉာဏ်ဝင်းစာပေ •

ဝတ်ထားသည့်ဝတ်စုံလေးကလည်း အဖြူပေါ် ချောက လက်ရောင် အကွက်လေးတွေ ဖော်ထားတဲ့ အသားခပ်ပျော့ပျော့ အစလေးတစ်ခုကို အထက်အောက်ဆင်တူချုပ်ထားတဲ့ဝတ်စုံ။

ကြွေရုပ်က အပြင်ထွက်လျှင် မြန်မာဆန်ဆန်လုံချည်နှင့် ရိုးရိုးအင်္ကျီလေးတွေကိုသာ ရွေးချယ်ဝတ်ဆင်လေ့ရှိသည်။

အခုလည်း သူမဝတ်ထားသော ရင်စေ့လက်မောင်းပုံစံ အင်္ကျီလေးပါ။

ကြွေရုပ်ဖြူရဲ့အသားက ဖြူဝင်းဝါနုစ်နေတာမို့ ဘာလေး ဝတ်ဝတ် ပေါ်လွင်ထင်ရှားနေသည်။

ဆံပင်ကိုတော့ သူမက မဟော်ဂနီရောင်ဆိုး၍ တူးစ တက်ပုံစံ အခွေအလိပ်ကလေး ပုံသွင်းထားသည်။

တစ်လတစ်ကြိမ်ခန့်တော့ ပုံမှန်ပြုတီစပါးသွားပြီး ဆံပင် ကို ပြုပြင်ထားသဖြင့် သူမရဲ့ဆံပင်ပုံဟာ အမြဲတမ်း ဆန်းသစ်ပြီး ပုံပန်းကျနနေသည်။

ကြွေရုပ်က မျက်နှာကိုတော့ ဘာမှ ထူးထူးခြားခြား သိပ် မပြင်။ ဒါပေမယ့် မပြင်ဘူးဆိုပေမယ့် ပေါင်းတင်ထားသော မျက်နှာနုနုလေးမှာ ဖွေးဥဝင်းနှစ်နေပြီးသားမို့ ခရင်မ်ပါးပါးလေး





လိမ်းပြီး တူးဝေးကိတ်လေး တဖတ်ဖတ်ရိုက်လိုက်တာနှင့် ဝင်းပ နုးညံ့စိုပြေသွားရပြီလေ။

ပုံဖော်ထားသော မျက်ခုံးသေးသေးမျှင်မျှင် အဖျားကော့ ကော့လေးအောက်က နက်ရှုန်းတဲ့မျက်ဝန်းအစုံကို သူမက လိုင်နာရည်လေးနှင့် မျက်တောင်ကော့ထားတတ်သည်။ ပြီးတော့ နှုတ်ခမ်းနီကို အရောင်ဖျော့ဖျော့ Lip Gloss အရည်လေးသာ မသိမသာ ခပ်ပါးပါးဆိုးထားတာမို့ ကြည့်လိုက်ရင်တော့ မျက်နှာ လေးက ပြင်ထားတယ်ဆိုပေမယ့် မသိသာလှပေ။

ဒီလိုမသိသာအောင် ခြယ်သရတာမျိုးကို ကြွေရုပ်က နှစ်သက်သည်။

ပလက်ဖောင်းအတိုင်းလျှောက်လာပြီးနောက် လက်ဖက် ရည်နှင့် မြန်မာမုန့်မျိုးစုံရသော ဆိုင်ကလေးထဲသို့ သူမက လှမ်းဝင် လိုက်သည်။

ဒီဆိုင်ကို ဝတ်မှုံနှင့်အတူ နေ့တိုင်းလိုလို ရောက်လာတတ် တာမို့ ကတ်ရှာစားပွဲက အစ်မကြီးနှင့်ပင် မျက်မှန်းတန်းမိနေပါပြီ။

ထိုအစ်မကြီးက သူမကို ပြုံးပြကာ . . .

"ဟော့ . . . နင်တို့အစ်မအတွက်နေရာလုပ်ပေးဦးဟော့"

ဟု စားပွဲထိုးလေးတွေကို လှမ်းအော်ပြောလိုက်၏။

နံနက်ပိုင်း ကိုးနာရီခွဲခန့်ရှိနေပြီဖြစ်သော်လည်း ဆိုင်တစ်ခုလုံး အပြည့်နီးပါး လူကျနေတုန်းပါပဲ။

သူ့ဆိုင်က အစားအသောက်လေးတွေက ပူးနွေးလတ်ဆတ်သန့်ရှင်းပြီး စားလို့လည်းအရသာရှိတော့ လူကြိုက်များသည်။

ကြွေရုပ်သည် ဒီမနက်ခုနစ်နာရီခွဲမှာ သင်တန်းရှိမှန်းသိသော်လည်း အိပ်ရာထနည်းနည်းနောက်ကျသွားသဖြင့် ဘရိတ်ဖတ်စ်စားခဲ့ဖို့ အချိန်မမီ။

ကြီးမြဖျော်ပေးသော ကော်ဖီတစ်ခွက်သာ ကမန်းကတန်း သောက်၍ ထွက်လာရသဖြင့် အခုအချိန် ဗိုက်အရမ်းဆာနေပြီ။

ဒါကြောင့်ပင် ဝတ်မှုံမပါသော်လည်း ကော်ဖီဆိုင်သို့ တစ်ဦးတည်း ရောက်လာရတာဖြစ်သည်။

စားပွဲထိုးလေးက သူမကို နံရံထောင့်က လွတ်နေသော စားပွဲတစ်လုံးကို ညွှန်ပြသည်။ တစ်ဆိုင်လုံးမှာ ထိုစားပွဲတစ်လုံးသာ အခုလေးတင် စားသောက်ထပြန်သွားလို့ နေရာအားသွားတာဖြစ်သည်။ \





ကြွေရုပ်က ခုံတစ်လုံးမှာ ဝင်ထိုင်၍ နန်းကြီးသုတ်နှင့် ကော်စ်ကော်ဖီတစ်ခွက်မှာသောက်လိုက်သည်။

ထိုစားသောက်ဖွယ်ရာတွေ လာမချသေးခင်မှာပင် သူမရဲ့စားပွဲအနီးသို့ လူတစ်ယောက် ရောက်လာခဲ့၏။

"လူရှိလား"

"ရှင်"

"ကျွန်တော် ဒီမှာ ထိုင်လို့ရမလား"

သူ့အသံက မွန်ရည်အေးဆေး နူးညံ့လှပါသည်။

သက္ကလပ်ဂျင်းသား ခဲရောင်ဘောင်းဘီရှည်နှင့် စပို့ရှပ်အဖြူကိုဝတ်ထားကာ ရှင်းသန့်သားနားနေသော သူ့သဏ္ဌာန်ကို ကြွေရုပ် တခဏ ငေးမောသွားရ၏။

ထူတန်းမည်းနက်သော မျက်ခုံးနှင့် စိမ်းညို့စူးရှသော မျက်လုံးရီရီတွေမှာ သူမ ခေတ္တခဏ အညို့ခံလိုက်ရသလို ဖြစ်သွားသည်။

ယောကျ်ားပီသခန့်ညားချောမောသော သူ့ရုပ်သွင်ဟာ မြင်သူငေးစရာ ဖြစ်နေတာလည်း အမှန်ပါ။

သူ့ကို ကြွေရုပ် မြင်ဖူးသည်။

မြင်ဖူးတယ်ဆိုတာကလည်း သူ ချောလွန်းမိုက်လွန်းလို့ အမှတ်မထင် ကြည့်မိတာမျိုးပါ။

သူလည်း ကြွေရုပ်တို့တက်နေတဲ့ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းတွေမှာပဲ တစ်ခုခု လာတက်နေတာ ဖြစ်ပုံရသည်။

ကွန်ပျူတာတော့ မဟုတ်. . .

စားဖိုမှူးသင်တန်းလား . . . ဟိုတယ်အုပ်ချုပ်ရေးလား၊ ဒါမှမဟုတ် ဘားဝန်ထမ်းလား မသေချာ။

သူကလည်း ကြွေရုပ်ကို သိနေပုံရ၏။

"ဪ. . . ရပါတယ်"

ကြွေရုပ်ဆီက ခွင့်ပြုချက်စကားသံထွက်လာတာ စောင့်ပြီးမှ သူက မျက်နှာချင်းဆိုင် ဟိုဖက်ခြမ်းက ထိုင်ခုံမှာ ထိုင်လိုက်ပါသည်။

ကြွေရုပ်သည် သူ့ရှေ့မှာ မနေတတ်သလို တစ်မျိုးကြီး ရှက်ရင်ဖိုမိပါသည်။

"ကျွန်တော်လည်း ဗိုက်ဆာလို့ နန်းကြီးသုတ်လာစားတာ ကြွေရုပ် အနှောင့်အယှက်မဖြစ်ပါဘူးနော်"

"ဟင် . . . ရှင်က ကြွေရုပ်နာမည်ကို သိတယ်"





"သိတာပေါ့ဗျာ၊ ကွန်ပျူတာတက်နေတဲ့ မမလှလှကို ကျွန်တော်တို့ဖက်က အကုန်လုံးသိကြတာပဲ၊ ဒါမဆန်းပါဘူး"

သူ့ပြောလိုက်ပုံကြောင့် ကြွေရုပ်မှာ ဘဝင်လေးတောင် မြင့်ချင်သလို ဖြစ်သွားရသည်။

မှာခ်တူးအဖြူရောင်သန့်သန့်လေးကို ကိုယ်တိုင်မောင်းပြီး ရောက်လာတတ်သော သူမရဲ့ ဟန်ပန်ကြော့ကြော့ရှင်းရှင်း အဆင့်အတန်းမြင့်မြင့်လေးဟာ အားလုံးထဲမှာ အလိုလို ပေါ်လွင်ထင်ရှားကျော်ကြားပြီးသားပါ။

သူမက ရိုးရိုးလေးပဲဝတ်ကာ လမ်းလျှောက်ရင်လည်း ဖြေးဖြေးလေးပဲ လှမ်းသည်။

သူမ အဲလိုလျှောက်လာပြီဆို ကဗျာလေးတစ်ပုဒ် လေ့ထဲ လွင့်မျောလာသလို အားလုံးရဲ့အကြည့်တွေကို ဖမ်းစားဆွဲငင်နိုင်သည်။

အရပ်အနေတော်လေးမြင့်ပြီး ပြေပြစ်သွယ်လျလှပသော သူမရဲ့ကိုယ်လုံးလေးက ပန်းပုရုပ်လေးတစ်ရုပ်လို အပိုအလိုမရှိ ကွက်တိအချိုးအစားကျနနေတာ သူတင်မက သူ့သူငယ်ချင်းတွေအားလုံးလည်းသတိထားမိ ငေးမိကြတာပဲလေ။

ကြေရှုပ်ဖြူဆိုသော အမည်လေးနှင့် သူမပုံစံလေးက လည်း အတော်လိုက်ဖက်တာ အမှန်။

"ရှင်တို့ဖက်က ! ရှင်တို့က ဘာတက်နေတာလဲ"

"မန်းနစ်မန့် Management"

"ဩော်"

"ယောကျ်ားလေးတွေချည်းပဲ၊ အယောက်နှစ်ဆယ်၊ အကုန်လုံး ကြေရှုပ်ကိုသိတာချည်းပဲ၊ မယုံဘူးလား"

"ကျွန်မက ဘာများထူးခြားနေလို့လဲ"

"မင်းက အရမ်းလှနေလို့ပေါ့"

"အို . . . မဟုတ်တာ၊ ရှင် ပေါ်တင်လာမြှောက်နေတယ် ကြည့်စမ်း"

"မြှောက်တာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အရမ်းလှတဲ့ ကြေရှုပ်နဲ့တော့ မိတ်ဆွေဖြစ်ချင်တယ်၊ ကိုယ့်ကိုလည်း မှတ်ထား ဦး၊ အလင်းနီလို့ ခေါ်တယ်"

"အလင်းနီ . . . အဲဒါဘာလဲ၊ မျက်စဉ်းဆေးလား"

ကြေရှုပ်ကလည်း သူ့ကို ပြန်နောက်မိသည်။

အခုလေးတင်မှ စတင်သိကျွမ်းခင်မင်ရတယ်ဆိုပေမယ့်





ကြေရှုပ်ရင်ထဲ သူ့ကို စိမ်းတိမ်းတိမ်းဖြစ်မနေ။ အရင်ကတည်းက သိကျွမ်းရင်းနှီးပတ်သက်ခဲ့သလိုပင် ခံစားရသည်။

သူ့ကိုစတင် မြင်ဖူးကတည်းကလည်း သူ့ရဲ့ဥပမိရုပ်နှင့် ခန့်ညားသောဆွဲဆောင်မှုကို မှင်သက်ဖွဲ့ခြသဘောကျနှစ်သက် ခဲ့မိတာတော့ အမှန်ပဲလေ။

အခု သူကိုယ်တိုင်က ကြေရှုပ်ရှေ့မှောက်ရောက်လာပြီး မိတ်ဆက်စကားဆိုလာတော့ ယုံတောင်မယုံနိုင်ဘဲ ရင်ထဲ ကြည် မွေ့ ရင်ခုန်မိသည်။

"ဟုတ်တယ် . . . ဆေးဖက်ဝင်တယ်၊ ခပ်ကြည့်လိုက် လေ"

"အံမယ်"

သွားစွယ်ရှည်ရှည်မျောမျောလေးများနှင့် နှုတ်ခမ်းပွင့် ကာ ပြုံးလိုက်တာမို့ ကြေရှုပ် ငေးရပြန်သည်။

သူ့အပြုံးက ဒီလောက်ပဲသစ်လွင်ပြီး မျက်စိမလွှဲနိုင် အောင် တောက်ပညို့ငင်ရသလား . . . သူဟာ တော်တော်အပြုံး လှတဲ့သူပါလား။ အပြုံးဆုဝင်ပြိုင်ရင်တောင် ဒီအပြုံးကြောင့် ပထမဆု ချိတ်နိုင်လောက်သည်။

ထိုအချိန်မှာပင် မှာထားတဲ့ နန်းကြီးသုတ်နှင့် ကော်ဖီက ရောက်လာသည်။

အင်း. . . ကြွေရုပ်တော့ သူ့ရှေ့မှာ မုန့်စားရဦးမည်။

သူကလည်း နန်းကြီးသုတ်ပဲမှာထားတာမို့ မရှေ့မနှောင်းပင် လာချပါသည်။

အဲလို အတူတူ တပြိုင်နက်စားသောက်ရလျှင် တော်ပါသေးရဲ့. . .

ကိုယ်ကစားပြီး သူထိုင်ကြည့်နေမှာဆိုလျှင်တော့ ကြွေရုပ်ရှက်သည်။

“ကဲဗျာ. . . စားလိုက်ပါဦး”

သူက တူတစ်စုံကို အိတ်ကလေးထဲက ဖောက်ထုတ်ပြီး ကြွေရုပ်ကို ပေးသည်။

အဲဒီနောက် နန်းကြီးသုတ်ကို သူက အားပါးတရစားပါ၏။ ရေတ်သီးမှုန့်တွေပင် ထပ်ပြီး ခပ်ထည့်လိုက်သေးသည်။

ကြွေရုပ်ကတော့ တူကလေးနှင့် တစ်မျှင်ခြင်း နှစ်မျှင်ခြင်း ခပ်ဖြေးဖြေးသာ နှုတ်ခမ်းလေးပိတ်၍ ကြွေရရအလှမပျက်အောင် စားသည်။





အလင်းနီက တစ်ချက်တစ်ချက် သူမကို ရွှန်းရီသော ျက်လုံးတွေနှင့် စိုက်ကြည့်၏။

ကြွေရုပ်က ခေါင်းလေးငုံ့လျက် မသိချင်ယောင်ဆောင် ရသည်။

သူကြည့်နေတာကိုတော့ မိန်းကလေးပီပီ စိတ်လှုပ်ရှား ကြည်နူးမိတာ အမှန်။

အလင်းနီသည် သူမကို အဝေးက ငေးကြည့်မိတုန်းက ဒီလောက်လှမှန်း မသိတာ အမှန်ပင်။ အခုလို နီးနီးကပ်ကပ်ကြည့် မိတော့မှ သူမဟာ သူငယ်ချင်းတွေပြောသလို ညှို့ငင်ဖြားယောင်း နိုင်သော မှော်မင်းသမီးလေးဆိုတာ ယုံရမလိုဖြစ်လာသည်။

ဆံနွယ်ခွေခွေညိုညိုလေးတွေ ပုခုံးတစ်ဖက်တစ်ချက်မှ ရှေ့ဘက်သို့ နွယ်ခွေနေတာလေးကပင် တစ်မျိုးတဖုံဆွဲဆောင်နေ သည်။

အဲဒီဆံနွယ်လေးတွေဟာ ထိတွေ့ကိုင်တွယ်ကြည့်ချင် စရာ။

သူမနှုတ်ခမ်းလေးဟလိုက်ပုံ၊ မျက်လွှာလေးပင့်လိုက်ပုံ လေးတွေကလည်း ဘာမှ မထူးခြားဘဲ ချစ်စရာကောင်းနေသည်။

မှန်တာပြောရရင် အလင်းနီ အစက သူမကို စိတ်မဝင်စားပါ။ လှတာလေး မျက်စိရှေ့တွေ့လို့ ငေးမိတာမျိုးက လွဲပြီးတာမှ မပို။

ညီညီတို့ ဝေယံတို့ အမွှန်းတင်လွန်းလို့သာ သူမနှင့် ခင်မင်အောင် မိတ်ဖွဲ့ချင်စိတ်ပေါက်လာခဲ့တာ။

"သူ ဒီနေ့ တစ်ယောက်တည်းကွ၊ ဟိုကောင်မလေး မပါဘူး၊ သူ ကော်ဖီဆိုင်သွားရင် ငါ လိုက်သွားမယ်"

"မင်းတစ်ယောက်တည်း. . ."

"အေးလေ. . ."

"မင်းအဲလောက် သတ္တိရှိရင် ညကျ ဘီယာတိုက်မယ်"

"တကယ်လား. . . ကြည့်လိုက်လေ"

"ဟိုမှာ . . . ကြွေရုပ်ဖြူ ဆင်းလာပြီ၊ လိုက်သွားလေ"

"အေး. . . လိုက်မယ်၊ မင်းစကားကို မင်းမမေ့နဲ့ ဝေယံ"

"အိုကေ. . . မမေ့ဘူး၊ ဘီယာတင်မကဘူး၊ မင်းစားချင်တာ အကုန်ကျွေးမယ်"

ဝေယံတို့က ခပ်အေးအေးနေတတ်သော သူ့ကို အထင်မကြီးတာလည်း ပါလိမ့်မည်။





ကြွေရုပ်ဖြူကို သူစကားရောဖောင်ရော သွားလုပ်မှာ မဟုတ်ဘူးဟု ယူဆထားသည်။

သူ တကယ် ကြွေရုပ်နောက်က မသိမသာလိုက်သွားတော့ သူတို့နှစ်ယောက်လည်း နောက်ကလည်း လိုက်ချောင်းကြသည်။

အခုလည်း ရှေ့နားက စားပွဲတစ်ခုကနေ ပြုံးတုံးပြတဲ့ အကဲခတ် စောင့်ကြည့်နေကြသည်။

ကြွေရုပ်ဖြူနှင့် ဒီလောက်အဆင်ပြေပြေ လေပေးဖြောင့်ပြီး အတူတူလက်ဆုံစားရင်း တရင်းတနှီးဖြစ်နေတာကို သဘောကျပြီး ပြုံးဖြီးဖြီးတွေ ဖြစ်နေကြတာ။ အလင်းနီ လှမ်းတွေ့ပေမယ့် မတွေ့သလိုပဲ ဟန်ဆောင်ထားလေသည်။

ဒီညတော့ ဘီယာပုံခြောက်ဖို့ သေချာနေပြီလေ။

သူ့ဖက်က ဒီတိုင်းလေး ဘာရယ်မဟုတ် ကြွေရုပ်ဖြူကို သာရောတယ်ဆိုပေမယ့် တကယ်တမ်း သူမနှင့် စကားပြောခွင့်ရသွားတော့လည်း အလင်းနီရင်ထဲ ကျေနပ်နှစ်သိမ့်မိတာအမှန်။

"ကြွေရုပ်"

"ရှင်"

"နောက်နေ့တွေရော အတူတူလာမလား"

"ဘာလို့လဲ"

"ကိုယ်တို့နှစ်ယောက် သူငယ်ချင်း ဖြစ်သွားပြီလေ"

"နောက်နေ့ ဝတ်မှုံပါမှာပေါ့"

"ကြေးရုပ်သူငယ်ချင်းလာရင် ကိုယ့်ကို မခေါ်တော့ဘူးလား"

"ရှင့်မှာလည်း သူငယ်ချင်းတွေပါလာမှာပဲ မဟုတ်လား"

"ကိုယ် သူတို့နဲ့ လောလောဆယ် မတွဲဘူး"

သူ့စကားကြီးက ဘယ်လိုတုန်း . . .

သူတို့နှင့်မတွဲဘူးဆိုတော့သူမနှင့်တွဲနေမည့်သဘောပေါ့။

"ဘာစဉ်းစားနေတာလဲ၊ မင်းက ကိုယ်နဲ့ မတွဲချင်ဘူးဆိုတဲ့ သဘောလား"

"အို. . . ရှင့်မေးပုံကြီးကလဲ"

"ဘာဖြစ်လို့လဲ"

"တွဲမလားဆိုတော့ အမိပ္ပာယ်က တစ်မျိုးဖြစ်မနေဘူးလား"

"အဟဲ. . ကိုယ်က ရိုးရိုးပဲပြောတာပါ"





ကြေးရုပ်ဖြူက ကော်ဖီပန်းကန်လုံးထဲ ဇွန်းကလေးနှင့် ဖြေးဖြေးမွှေရင်းက သူ့ကို မျက်စောင်းလေးတစ်ချက် ရွယ်သည်။

"ရည်းစားရှိနေရင်တော့ မသိဘူးပေါ့ကွာ"

သူက စကားတောက်သည်။ ကြေးရုပ်က မဖြေလျှင်. . .

"ရှိလား"

"ဘာလဲ"

"ရည်းစား"

"အများကြီးပဲ"

"ဘယ်နှစ်ယောက်လဲ"

"အများကြီးပါဆိုမှ"

"အနားမှာတော့ တစ်ယောက်မှမတွေ့ပါလား"

"သင်တန်းကိုမှ မခေါ်တာ"

"ဘာကြောင့်လဲ"

"မခေါ်ချင်လို့"

"သူများတွေ တွေ့မှာမြင်မှာ သိမှာစိုးလို့လား"

"ဒါပေါ့"

"ဒါဆို ကြေးရုပ်တို့ ဘယ်မှာချိန်းတွေ့လဲ"

"အံမယ်. . . မချိန်းပါဘူး"

"မချိန်းဘူးဆိုတော့ မတွေ့ကြဘူးလား"

"ဖုန်းပဲပြောတယ်"

"တစ်မျိုးပါလား"

"အလကားနောက်တာပါ၊ ဖုန်းပြောနေတဲ့ ကောင်လေးတွေတော့ရှိတာပေါ့၊ ဒါပေမယ့် သေချာတော့ ဘယ်သူ့ကိုမှ မရွေးသေးဘူး"

"တော်သေးတာပေါ့ကွာ"

အလင်းနီက ပြုံးပြုံးကြီးနှင့် အဓိပ္ပာယ်ပါပါဆိုလိုက်သည်။

"ရှင့်ကို ခင်လို့ပြောပြတာ"

"ဟုတ်ကဲ့ . . . အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"မနောက်နဲ့နော်. . . ဟွန်း. . ."

"ရည်းစားထားဖို့စဉ်းစားရင် ကိုယ့်ကိုအရင်ဆုံးစဉ်းစားပါလား"

"ဟွန်း. . . ဝေးပါသေးတယ်"

"နီးနီးလေးပါ . . . စားပွဲတစ်လုံးပဲ ခြားတယ်"





"ရုပ်ကိုကြည့်တော့ မထင်ရဘူး၊ မျက်နှာတော်တော်ပြောင်တယ်"

"ရည်းစားစကား ပြောမိလို့လား"

"အခုမှသိတာ တစ်နာရီမပြည့်သေးဘူး"

"တစ်နာရီအတွင်း ချစ်သူမထားရဘူးလို့ ဘယ်သူသတ်မှတ်ထားလဲ"

"ပေါ့ပေါ့ဆဆနဲ့ လျှောက်မပြောနဲ့"

"အလေးအနက် ပြောရင်ရော"

"မသိဘူး. . . တော်ပြီ"

သူက ကြွေရုပ်မထင်တာတွေချည်းပဲ ဆက်တိုက်လုပ်ရှားနေသည်။

ပထမ အမှတ်မထင် ကြွေရုပ်ထိုင်နေတဲ့ စားပွဲမှာလာထိုင်ဖို့ ခွင့်တောင်းသည်။ နောက်တော့ တရင်းတနှီးမိတ်ဖွဲ့သည်။ နောက်ထပ် မိနစ်အနည်းငယ်အကြာမှာ နောက်တီးနောက်တောက်လိုလို ရည်းစားစကားဆန်ဆန် ပြောသည်။

သူဟာ ဘယ်လိုလူပါလိမ့်။

ကြွေရုပ်က သူ့စကားကို အလေးအနက်ထားရမှာလား။

ဒီတိုင်းပဲ ပေါ့ပေါ့ပါးပါး ပြန်နောက်ရမလား။

ကြွေရုပ် မဝေခွဲတတ်ချေ။

သူဟာ နောက်သလို ပြောင်သလို ပေါ့တီးပေါ့ရွှတ်နှင့် ဒီလိုပဲ ကြုံရာကောင်မလေးတွေ အရောဝင်တတ်သူလား။

သူ့အကြောင်းလည်း ဘာမှမသိသေးဘူးလေ။

"ကြွေရုပ် ကိုယ့်ကိုကြည့်ပြီး ဘာတွေတွေးနေလဲ"

"ရှင်ဘယ်လိုလူလဲပေါ့"

"ဒီလိုပဲ သူလိုငါလိုပါပဲ၊ ရုပ်ရည်ကတော့ ဆွဲဆောင်မှု ရှိရှိနဲ့ ကောင်မလေးတွေအကြိုက်တွေ့မယ့်ရုပ်ပေါ့"

"ဘဝင်မြင့်နေတာ မုန်းစရာချည်း"

"ပြောင်းပြန်ယူဆရမလား"

"ကြွေရုပ်ကို ရှင်အရမ်းလျှော့တွက်ထားတဲ့သဘောလား"

"နိုး. . . အဲလို အထင်မလွဲကြေး"

"လျှော့မတွက်ရင် တစ်ထိုင်တည်းမှာ ဒီလိုနောက် မလား"

"ကိုယ်မှ နောက်တာ မဟုတ်တာ"

"ဒါဖြင့် ဘာလဲ"





"အတည်အတံ့ပြောတာ"

"သေလိုက်ပါလား"

"ဟ. . . ဘာတွေစိတ်ဆိုးနေတာလဲ"

"ရှင်ပဲ စိတ်ဆိုးအောင် ဖန်တီးနေတာ"

"ဆောရီး . . . ကြွေရုပ်မကြိုက်ရင် မပြောတော့ပါဘူး"

သူမက နှုတ်ခမ်းလေး စူထော်နေမိ၏။

နေရင်းထိုင်ရင်း ကြွေရုပ်ကို အတင်းလာရောတဲ့ သူ့ကို ကြွေရုပ်ကရော ဘာကြောင့်စိတ်မပျက်ဘဲ လက်သင့်ခံလိုက်လျော ခင်မင်လိုက်ရသလဲ။

ကိုယ့်ဘာသာလည်း အံ့သြမိသည်။

အရင်ကဆို ကြွေရုပ်က မာနကြီးတာမဟုတ်ပေမယ့် ယောက်ျားလေးတစ်ယောက်ကို အလွယ်တကူ ခင်မင်စကားပြော ဘတ်သူ မဟုတ်ခဲ့တာ အမှန်ပင်။

ကြွေရုပ်ပတ်ဝန်းကျင်မှာ ချဉ်းကပ်ဖို့ ကြိုးစားနေသူတွေ သည်း အများကြီးပါ။

အခု ရဲရဲတင်းတင်းခပ်သွက်သွက်ပုံစံ ပေါက်နေတဲ့သူ့ကို စိတ်လှုပ်ရှားသက်ဝင်သွားမိတာ။

ကိုယ့်ဖက်က ခံစားချက်ထူးခြားတော့ သူ့ဖက်ကလည်း ပေါ့တီးပေါ့ဆသဘောထားမျိုး မခံချင်။

ကြွေရုပ် နှုတ်ဆိတ်နေတော့ သူကလည်း ဘာမှပြန် မပြော။

အလင်းနီသည် သူမရဲ့မျက်နှာလေးကို ပြုံးစိစိနှင့် မရဲတရဲ ကြည့်နေမိသည်။

သိပ်လှတဲ့ မိန်းကလေးတစ်ယောက်က သူ့အပေါ် နှုတ်ခမ်းစူမူနဲ့ပြီး စိတ်ကောက်နေတာဟာ သူ့အတွက်ဆန်းသစ်သော ခံစားချက်တစ်ခု ဖြစ်နေသည်။

ဆိုင်ထဲမှာလည်း တဖြည်းဖြည်း လူရှင်းလာပြီ။

အလင်းနီက သူမတိတ်နေသဖြင့် ဟိုဒီတစ်ချက်ဝေ့ဝဲ ကြည့်ကာ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။

ရေနွေးက တဖူးဖူးမှုတ်သောက်ရလောက်အောင် မပူ တော့ပါ။ ဒါပေမယ့် အေးနေတာလည်း မဟုတ်သေး။

အငွေ့တော့ ရှိသည်။

အလင်းနီက ရေနွေးတစ်ငုံသောက်ရင်း သူမနှင့်အကြည့် ချင်းဆုံဖို့ ကြိုးစားသည်။





သို့ပေမယ့် ကြွေရုပ်က သူ့ကိုမကြည့်ဘဲ ဟိုဖက်သို့ မျက်နှာလွှဲထားသည်။

တမင်တကာ မကြည့်မိအောင် သတိထားနေတာ။

ပုံစံလေးက အသည်းယားချင်စရာပဲ. . .

ကြွေရုပ် ဟိုဖက်လှည့်နေတော့လည်း အလင်းနီက လက်တီနမ်မျှင်မျှင်လေးဆွဲထားတဲ့ သူမရဲ့လည်တိုင်ကြော့ကြော့ လေးဆီ ကြည့်မိသည်။

လည်ပင်းသားလေးတွေက တင်းရင်းပြီး အကြောစိမ်း လေးတွေပင် မြင်ရသည်။ ထိုမှ ရင်ညွန့်လေးဆီ အကြည့်ရောက်မိ တော့ သူ အားနာ မျက်နှာပူမိ၏။

သူမကိုယ်က အကြည့်မလွှဲချင်စရာဖြစ်အောင် လှပနူးညံ့ နေတာလေ။ ကြည့်မိတာ မတတ်နိုင်ဘူးပေါ့။

အလင်းနီရဲ့အကြည့်က သွယ်လျသော လက်မောင်း လေးကတဆင့် လက်ကောက်ဝတ်လေးထိ စုန်ဆင်းလာသည်။

စိတ်ဆိုးနေတော့လည်း စိမ်ပြေနပြေ ခိုးကြည့်နေမိတာ ပေါ့။ ဖြူနုဝင်းအိသော လက်ဖမိုးနှင့် လက်ချောင်းသွယ်သွယ် လေးတွေကို သူ အလိုလို ထိတွေ့ချင်လာမိသည်။

"ကြွေရုပ် . . . ရေနွေးသောက်မလား"

သူက ကြွေရုပ်အတွက် ရေနွေးတစ်ခွက် ငှဲ့ပေးမိ၏။

"မသောက်ဘူး"

သူမက ငြင်းရင်း လက်ကလေးကို ဖယ်ရှားစဉ် . . .

"ဟာ. . . ဆောရီး. . . ဆောရီး၊ ပူသွားပြီလား"

အလင်းနီက အလန့်တကြား မေးမြန်းရင်း သူမလက်ကလေးကို ဆွဲယူကြည့်ရှုသည်။

ဒီရေနွေးကြမ်းက အပူလောင်လောက်အောင် မပူပြင်းဘူးဆိုတာ သူ သိသားပဲ။

ရေစိုသွားသော လက်ဖမိုးလေးကို သူ ဆုပ်ကိုင်ကြည့်လိုက်တာ။ ပြီးတော့ သူမရဲ့မျက်နှာလေးကိုလည်း အကဲခတ်ကြည့်မိသည်။

နူးညံ့သော အတွေ့အထိလေးဟာ သူထင်ထားတာထက် ပိုပြီး စွဲမက်လိုက်ဖို့ရာကောင်းသည်။ သူက လက်ကလေးကို မလွှတ်ဘဲ တစ်သျှူးပေပါနှင့် ဖွဖွသုတ်ပေးလိုက်သည်။

ကြွေရုပ်က ရှက်မျက်နှာနီနီနှင့် လက်ကလေးကို ရုန်းမိလျှက် . . .





"ဖယ်ပါ. . . ကျွန်မဘာသာ သုတ်ပါ့မယ်"

"အပူလောင်သွားလားလို့ပါ"

"ရှင်သောက်နေတာပဲ၊ ပူ မပူ မသိဘူးလား"

သူမက ဘုကျကျလေး ခပ်တင်းတင်းပြန်မေးသည်။

"ကြွေရုပ်က တိုယ်တမင်လုပ်တယ်လို့ ထင်လို့လား"

"ဒါတော့ ရှင့်ရဲ့ကိုယ်စောင့်နတ်ပဲ သိလိမ့်မယ်"

သူမရိပ်မိသွားတာကို အလင်းနီ ရယ်ချင်လာသည်။

"အလင်းနီက အကြံသမား၊ သိပ်မယုံနဲ့"

"ရှင့်ကို ဘယ်သူကရော ယုံကြည်မိတယ်၊ အားကိုးပါဘယ်၊ ပြောနေလို့လဲ"

သူတို့နှစ်ယောက်ရဲ့အသံတွေကို မကြားရသော ခပ်လှမ်းလှမ်းစားပွဲမှာ ရှိနေတဲ့ ဝေယံနှင့် ညီညီကတော့ ကောင်မလေးလက်ကိုကိုင်ကာ တစ်သျှူးနှင့်သုတ်ပေးကာ ရှုပ်ယှက်ခတ်အောင် ချာယီချာယာလုပ်နေတဲ့ အလင်းနီကို တောမနာပြူးချင်တဲ့မျက်လုံးကြီးတွေနဲ့ မမှိတ်မသုန် ငေးမောကြည့်လျှက် ရှိနေကြလေသည်။



လမင်းကြီးက တိမ်ညိုတိမ်လိမ်တွေကြားမှာ ဆော့ကစား ပြေးလွှားနေသလို ကွယ်သွားလိုက်၊ ခေါင်းပြူထွက်လာလိုက်ဖြစ် နေသည်။

လေပြေညှင်းက ခပ်နော့နော့လေး တိုက်ခတ်လျက် ညချမ်းလေက အေးမြတိတ်ဆိတ်နေပါသည်။

ကြွေရုပ်က သူ့အခန်းနှင့်တဆက်တည်း ဝရံတာကလေး မှာ သံကုလားထိုင်ဖြူဖြူလေးနှစ်ခုနှင့် မှန်စားပွဲဝိုင်းလေးချကာ ဝတ်မှုံနှင့်အတူ လက်ဖက်သုပ်စားရင်း စကားပြောလျှက် ကောင်းကင်ကြီးဆီ မော့မော့ငေးငေးလေး ကြည့်နေမိသည်။





သူမ အတွေးအာရုံထဲ ထင်ဟပ်နေသူမှာ စိမ်းညို့ရီဝေသော မျက်ဝန်းတစ်စုံနှင့် မထိတထိ အကြည့်ငေးလေးကိုပဲ ဖြစ်သည်။

"နင်ပြောသလိုဆိုရင် သူက နင့်ကိုလိုက်ဖို့ အစကတည်းက အကွက်ချောင်းနေတာပဲ ဖြစ်မယ်"

ဝတ်မှုံက တွေးတွေးဆဆမှတ်ချက်ချသည်။

"စတွေ့တဲ့နေ့တုန်းက ငါတို့ကောရစ်ဒါမှာ ရပ်ပြီး သူ့ကို ကြည့်နေမိတာ နင်မှတ်မိလား ဝတ်မှုံ"

"အေး. . . အဲဒီတုန်းကတော့ သူ နင့်ကို မသိသေးဘူး ထင်တယ်"

"သူတို့သင်တန်းက တစ်ခန်းလုံး ငါ့ကို သိတယ်တဲ့"

"ဘာလို့သိတာလဲ"

"အဟိ. . . ငါချောလွန်းလို့တဲ့"

ကြွေရုပ်က မျက်နှာပြောင်ချော်ချော်လေးလုပ်ကာ ကိုယ့်ဘာသာ သဘောတကျရယ်မိသည်။

ကြွေရုပ်က သူဌေးသမီးလေးဆိုပေမယ့် မာနမကြီး၊ သွေးမကြီးတတ်ပေ။ သူမစိတ်ရင်းကောင်းတာ ဝတ်မှုံသိသည်။

"အဲဒါကတော့ ဖြစ်နိုင်ပါတယ်၊ နင့်အသှက ထင်ရှားတာပဲ"

"တကယ်လား. . . ဟား. . . ဟား. . . ရော့ . . . လက်ဖက်သုပ် နင်အကုန်စား"

ချီးမွမ်းစကားကြောင့် ကြွေရုပ် မနေတတ်စွာ ရယ်မောမိသည်။

"ငါမပါတဲ့နေ့မှ ဒင်းကစပြီး လှုပ်ရှားတာပေါ့လေ၊ နေနှင်ဦး. . . မနက်ဖြန်တွေ့မယ်"

"ဘာတွေ့မှာလဲ"

"သူ့ကို အင်တာဗျူးတွေ အပြတ်လုပ်ပစ်မှာပေါ့"

"နင်ကလည်း. . ."

"နင်က သူ့အကြောင်းလည်း ဘာမှမေးမထားဘူး"

"လျှောက်မေးရမှာ ရှက်စရာကြီး"

"သူတောင်၊ နင့်ကို အင်ထရိုလာဝင်သေးတာပဲ၊ နင်လည်း သိချင်တာ ပြန်မေးရမှာပေါ့"

ဟုတ်တော့ ဟုတ်သည်။ အတူထိုင်ကာ တရင်းတနှီးခင်မင်သွားပေမယ့် သူ့ အကြောင်းကို ကြွေရုပ် ဘာမှမသိလိုက်။





"လူပျိုလူလွတ်တော့ ဟုတ်တယ်မို့လား"

"ဘယ်သိမှာလဲ"

ဝတ်မှုံက မျက်လုံးပြူးပြူးသည်။ ဒါလေးတောင် မသိရမလား. . . ညံ့ရသလားဆိုတဲ့ အမူအယာ. . .

"ဟိုကတော့ လူလည်၊ နင့်ကို နောက်သလိုပြောင်သလိုနဲ့ ရည်းစားစကားတောင် ပြောသွားသေးတယ်"

"သူက ရုပ်ကြည့်တော့ ခပ်တည်တည်နဲ့ လူက ပျော်ပျော်နေတတ်ပုံပဲ"

"နင်ပြောပုံက ပြုံးစိပြုံးစိနဲ့ သူ့ကို နင်လည်း စိတ်ဝင်စားပါတယ်၊ ဟုတ်တယ်မို့လား"

ကြွေရုပ်က ငြင်းလည်းမငြင်း။ အပြုံးလည်း မပျက်ပေ။

"သူက ဘယ်မှာနေတာတဲ့လဲ"

"မသိဘူးလေ၊ နောက်နေ့တွေလည်း သင်တန်းမှာ တွေ့နေရမှာပဲ ဥစ္စာ"

"နင့်ဖုန်းနံပါတ်တော့ တောင်းသွားတယ်ဆို"

"အင်းလေ"

"နင်ကတော့ သူ့ဖုန်းကို မယူထားဘူးပေါ့"

"ဪ. . . ငါမှ ဆက်မှာမဟုတ်တာ၊ ဆက်ချင်ရင် သူ ဆက်မှာပေါ့"

"တော်တော်အိုက်တင်ခံတယ်"

"အံမယ်. . . အိုက်တင်ခံတာတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ပဲများတာပေါ့လေ"

"ဝတ်မှုံရယ်. . . အခုမှစသိတဲ့ ယောကျ်ားလေးတစ်ယောက်ကို ဘယ်လိုယုံရမလဲ၊ နင်က ငါ့အပြစ်တွေပဲ ထောက်နေတယ်"

"အပြစ်တင်တာ မဟုတ်ပါဘူး၊ နင်က မြူစိစိလုပ်နေတယ် ဟိုက လူလည်ကျသွားမှာစိုးလို့"

"သူ အဲလို မဟုတ်ပါဘူးနော်"

"နင့်လက်ကို ဖျတ်ကနဲ လာကိုင်တယ်ဆို"

"အဲဒါက လက်ပေါ် ရေနွေးဖိတ်ကျလို့ပါ"

ဝတ်မှုံက နှုတ်ခမ်းလေးတစ်ချက် မဲ့ရွဲ့ပြီး. . .

"တမင်ဖိတ်အောင်လုပ်တာနေမှာပေါ့"

"မဟုတ်ပါဘူး"

ကြွေရုပ်သည် နှုတ်က လှစ်ခနဲငြင်းမိသော်လည်း သူမ





ကိုယ်တိုင် အလင်းနီကို မသက်သာပေ။ ပြီးတော့ သူက ရယ်ဟဟနှင့် လက်ကို တမင်တကာ ဆုပ်ကိုင်ထားသလားလို့။

ကြွေရုပ်က ထိုအကြောင်းအရာကို ပြန်တွေးမိတာနှင့် ရင်ထဲ လှစ်ကနဲ ခုန်သည်။

လှုပ်ကနဲ ရင်ဖို့ အံ့ဩသွားရတဲ့ ခံစားချက်ကို မမေ့။

သူ တကယ်ပဲ ရဲတင်းသွက်လက်လွန်းသည်။

နေစမ်းပါဦး . . .

ကြွေရုပ်တို့ ကော်ဖီဆိုင်ထဲက ပြန်အထွက်မှာ မျက်တောင်မခတ်စတမ်း ပြူးတူးပြဲတဲလိုက်ကြည့်နေတဲ့ လူနှစ်ယောက်က သူ့နားမှာ မြင်ဖူးနေကျ သူ့သူငယ်ချင်းတွေများလား။

ဒီအကြောင်းတွေကိုပါ ပြောပြရင်တော့ ဝတ်မှုံက နောက်ထပ် ထင်ကြေးတစ်မျိုးပေးကာ မကောင်းတဲ့ဖက်က လှည့်တွေးပြပါလိမ့်မည်။

သူ့ကို ပြောလို့ မဖြစ်။

ကြွေရုပ်က အသာလေး နှုတ်ဆိတ် မြဲထားလိုက်သည်။

သူငယ်ချင်းတွေ မြှောက်ပေးရုံနဲ့တော့ သူလည်း ကြွေရုပ်ကို ဒီလိုစကားလာပြောမည်တော့ မထင်ပါဘူးလေ။

သူငယ်ချင်းတွေရှေ့မှာ ဂုဏ်ယူဝံ့ကြွားချင်တယ်ဆိုရင်တောင် သူကိုယ်တိုင်လည်း ကြွေရုပ်ကို ကြွေပြီးသားမို့လို့ပါ။

ရဲတင်းချိုမြိန်သော သူ့အကြည့်နွေးနွေးများကို ခုပြန်တွေးလျှင် ခုပြန်ရင်ခုန်ရသည်။

မညာတမ်း ဝန်ခံရလျှင် ရယ်မြူးသော သူ့အကြည့်ရွှန်းရီရီဟာ ကြွေရုပ်ရဲ့နှလုံးသားစည်းကို ဖြတ်ကျော် ချဉ်းနင်းဝင်လာခဲ့နိုင်သည်။

ကြွေရုပ်စိတ်ထဲမှာ သူနှင့် ထပ်တွေ့ချင်သည်။

သူက ခဏလေးနှင့် ကြွေရုပ်စိတ်တွေကို ညှို့ယူဖြားယောင်း သိမ်းပိုက်နိုင်ခဲ့သည်။

"သူက ရိုးသားပုံတော့ ရပါတယ်"

ကြွေရုပ်က သူ့အထင်ကို ပြောလိုက်သည်။

"နင်က တစ်ခါလေး စကားပြောဖူးတာနဲ့ ရိုးသားပါတယ်လို့ ဘာဖြစ်လို့ ယုံကြည်တာလဲ"

"ဒါတော့ ငါလည်း မသိဘူး ဝတ်မှုံ၊ နင်တွေ့တော့မှ အကဲခတ်ပေတော့"

"အင်း . . . မနက်ဖြန်တွေ့မှာပဲ"





ဝတ်မှုံက အပိုင်တွက်ထားသည်။

ကြွေရုပ်လည်း စိတ်ထဲမှာတော့ မျှော်လင့်သည်။

သူ ကြွေရုပ်နားကို ရောက်လာဦးမှာ သေချာသည်။

သူ တခဏလေး အပေါ်ယံရောတာမျိုးတော့ မဖြစ်နိုင်လောက်ပါဘူး။

သူနှင့် ကြွေရုပ်တို့ ခင်မင်ပတ်သက်မှုဟာ ခိုင်ခိုင်မာမာနှင့် ရှေ့ဆက်ရဦးမှာပါ။

သူမရဲ့အထင် မှန်မမှန် သူမ စောင့်ကြည့်ရဦးမည်။

သူမကို စွဲမက်နှစ်သက်နေတဲ့ အလင်းနီရဲ့မျက်လုံးလေးတွေဟာ တော်ရုံတန်ရုံနှင့် ပြောင်းလဲသွားမှာ မဟုတ်။

ကြွေရုပ်သည် ကိုယ့်ကိုယ်ကိုယ်တော့ တိတ်တဆိတ် ယုံကြည်စိတ် လွှမ်းကဲနေမိသည်။



ကြွေရုပ်ဖြူက ရေချိုးခန်းထဲက ထွက်လာပြီးနော
သူမရဲ့ရေစိုဆံပင်လေးတွေကို လက်ချောင်းများနှင့် ထိုးဖိခါ
သဘက်အဖြူရောင် နုနုညံ့ညံ့လေးဖြင့် ခပ်ဖွဖွ သုတ်နေလိုက်

တစ်ကိုယ်လုံး အေးမြလန်းဆန်း၍ ပေါ့ပါးရွှင်ပြသွား
မယ့် ရင်ထဲမှာ မတင်မကျ ခိုးလုခုလုခံစားချက်ကတော့ ရှိနေ
ပါ။

၃၄

ဒီနေ့ ဝတ်မှုံနှင့်အတူ အလင်းနီရောက်လာမလား မျှော်
လင့်နေခဲ့မိပေမယ့် သင်တန်းမှာ သူ့အရိပ်အယောင်ပင် မမြင်

သူ သင်တန်း မတက်ဘူးလား။





ဒါမှမဟုတ် ကြွေရုပ်ရှေ့ကို တမင်တကာပဲ ရောက်မလာမိအောင်နေတာလား။

သူမ တွေးမရ။

ရင်ထဲရှိတာတွေ ဝတ်မှုံကို တတွတ်တွတ် ပြောပြထားသဖြင့် တကယ်တမ်း အလင်းနီကို ထပ်မတွေ့ရတဲ့အခါ ကြွေရုပ်ရှက်သလိုလိုဖြစ်မိသည်။

ဘာကြောင့်များ သူ့အကြောင်းတွေ အရမ်းကာရောလျှောက်ပြောထားမိပါလိမ့်။

သူကတော့ ကော်ဖီဆိုင်မှာ ကြုံတုန်းခဏ စကားရောဖောရော လာလုပ်ကာ နောက်တီးနောက်တောက် ချစ်ရေးဆိုသွားခဲ့ပေမယ့် တကယ်တမ်း ကြွေရုပ်ကို ခေါင်းထဲထည့်ထားပုံမရ။

အင်း. . . နေစမ်းပါဦး။

ငါကရော . . ဒါလေးကို ဘာကြောင့် အလေးအနက်ထားပြီး အဖြစ်သည်းသည်း အကဲပါပါ ပြန်တွေးနေမိပါလိမ့်။

မေ့ထားလိုက်လည်း ပြီးသွားတာပဲ။

တော်ပြီ. . . သင်းအကြောင်းကို မစဉ်းစားတော့ဘူး။

ပင့်သက်ကလေး ရှိုက်ရင်း ခေါင်းယမ်းမိသည်။

ပြီးတော့ နံရံကပ်ဗီရိုကို ဆွဲဖွင့်၍ ဒီညနေ ဘာဝတ်ရ ကောင်းမလဲ ရွေးချယ်လိုက်သည်။

ပန်းနုရောင်ဖျော့ဖျော့ပေါ်မှာ ဘီန်းပန်းဖူးအနီရဲလေး တွေပါသော အသားခပ်ပျော့ပျော့ ဂါဝန်ရှည်လေးကိုပဲ ထုတ်ယူ ဝတ်ဆင်လိုက်သည်။

ဖူးဆစ်ဖုံးထိရောက်သော ဂါဝန်ပန်းရောင်လေးက ချပ် ချပ်ယပ်ယပ် သူမကိုယ်လုံးလေးနှင့် ကွက်တိပါပဲ။

မော်ဒယ်မလေးတစ်ယောက်လို ရှင်းရှင်းကျော့ကျော့နှင့် ကောက်ကြောင်း ပေါ်သွားရသည်။

ကြွေရုပ်က မှန်ထဲမှ သူ့ရုပ်သွင်ကို ကျေနပ်စွာ ကြည့် သည်။

ကျွန်မရဲ့ အလှအပမှာ ငေးမောကျရှုံးသွားခဲ့ရတယ်ဆို တာကိုတော့ ရှင်ညာလို့မရပါဘူး အလင်းနီရယ်။

အဲဒီနေ့က သတိလက်လွတ် မမှိတ်မသုန်ကြီး ငေးကာ စိုက်ကြည့်နေခဲ့တဲ့ ရှင့်မျက်လုံးတွေက အကောင်းဆုံးသက်သေ ပဲပေါ့။

ရှင့်ဖက်က ရှေ့ဆက်မတက်ချင်တော့လို့ ကိုယ်ယောင်





…ောက်သွားလည်း ရှင်ဟာ ကြွေရုပ်ဖြူကို စိတ်ဝင်တစားချဉ်းကပ် …ခဲ့တဲ့ ယောကျ်ားတစ်ယောက်ပဲဆိုတာ ငြင်းလို့မရနိုင်ပါဘူးလေ။

သူမက ဘဝင်ခပ်မြင့်မြင့်လေး အနိုင်ပိုင်းတွေးရင်း ရှက် …ငယ်စိတ်ကလေးကို ဖြေဖျောက်နေမိသည်။

ပြီးလျှင် မှန်တင်ခုံမှာထိုင်၍ ရေစိုဆံပင်တို့ကို ဟဲကုတ် …မ်း၍ ဖွဖွလေး ဖြီးသင်နေမိသည်။

ထိုအချိန်မှာပဲ သူမရဲ့လက်ကိုင်ဖုန်းလေးက မီးပြာလေး …င်းလျက် တေးသွားလေး တစ်ပိုင်းတစ်စ ပေါ်ထွက်လာသည်။

ကြွေရုပ်က စားပွဲပေါ်ထောင်ထားတဲ့ ဖုန်းလေးကို …ောက်ယူ၍ စခရင်ကို ကြည့်လိုက်သည်။

အမည်မရေးထားသော နံပါတ်တစ်ခု..

ဒါဟာ အပြင်သူစိမ်းပေါ့။ သူမ မသိတဲ့ ဖုန်းနံပါတ်။

"ဟက်လို"

ခေါ်ဖုန်းလေးကို အသာဖွင့်၍ နားထောင်လိုက်သည်။

ရင်ထဲမှာလည်း မရဲတရဲ ခုန်နေသည်။

"ကိုယ်ပါ ကြွေရုပ်"

"ဟင်"

"ကြွေရုပ်မဟုတ်လား. . . ကိုယ်သိပါတယ်"

"ကိုအလင်းနီ. . ."

"အဟား. . . ကြွေရုပ်လည်း အသံမှတ်မိသားပဲ"

"ရှင် ဒီနေ့ဘယ်ပျောက်နေတာလဲ"

"မပျောက်ပါဘူး. . . ရှိသားပဲ"

သူ့စကားကြောင့် ကြွေရုပ် မျက်မှောင်လေး ကုပ်လိုက်မိ၏။

"မင်းကို ကိုယ်မြင်သားပဲ၊ မင်းဒီနေ့အဖြူရောင်အကျႌလေးဝတ်ထားတယ်၊ လုံချည်က အမည်းရောင်လေး၊ ဖိနပ်က ခွာချွန်ချွန် အဖြူရောင်ကြိုးသိုင်းလေးနဲ့ ထူးခြားတာက မင်း ဘာဝတ်ဝတ် အရမ်းလှတာပဲ"

သူပြောတာ မှန်နေသဖြင့် ကြွေရုပ်ကို သူတွေ့တာ အဟုတ်ပဲဆိုတာ သဘောပေါက်ရ၏။

ဒါဖြင့် ကြွေရုပ်ကကျ သူ့ကို ဘာကြောင့်မတွေ့ရတာလဲ။

"ဝတ်မှုံနဲ့ ကော်ဖီဆိုင်သွားတော့ ကိုယ် နောက်မှာပါတယ်"

"ဟင် . . . မဟုတ်ဘဲနဲ့. . . မတွေ့ပါဘူး"





"ကြွေရုပ်က ကိုယ့်ကို ရှာလို့လား"

"မရှာပေမယ့် မျက်စိရှေ့မှာမှ မတွေ့တာ"

"ကိုယ်က ခိုးကြည့်တာ ဘယ်တွေ့မလဲ"

"ခိုးကြည့်တယ်. . . ဘာလို့လဲ. . . သူနဲ့ ကြွေရုပ် သိကျွမ်းပြီးပဲ"

"ခိုးကြည့်စရာ လိုလို့လေ"

"မနောက်နဲ့နော်၊ ဘာလို့ခိုးကြည့်ရမှာလဲ၊ ဝတ်မှုံပါလို့လား"

"အား . . . မဟုတ်ပါဘူး၊ သူနဲ့ မဆိုင်ပါဘူး"

"ဒါဆို ရှင် ဘာလို့ နှုတ်မဆက်တာလဲ"

"ကိုယ်လား မင်းကို နှုတ်ဆက်ဖို့ တစ်မျိုးဖြစ်နေတယ်၊ ပြီးတော့ မင်းကို ဝန်ခံစရာတစ်ခု ရှိလို့ပါ"

"ရှင်. . ."

"ဟုတ်တယ်. . . အဲဒါကို ပြောပြပြီးမှ ဆက်ခင်သင့်မခင်သင့် မင်းဖက်က ဆုံးဖြတ်ပေါ့"

သူ့စကားက သူမအတွက် ဆန်းနေပါသည်။

ဘာကိုများ ဝန်ခံဦးမှာလဲ. . .

"ကိုယ်အမှန်အတိုင်းပြောပြမယ်နော်. . . ပြောရမလား"

"ပြောချင်ပြောပေါ့"

"အဟား. . . မင်းစိတ်ဆိုးမှာပဲ"

"ဆိုးစရာရှိရင်တော့ ဆိုးမှာပဲ"

"အင်းလေ . . . မင်းသဘောပဲ"

သူက ဆုံးဖြတ်ချက်ချလိုက်ပုံပင်. . .

"မင်းကို အစက ကိုယ်သိပ်ပြီး သတိထားမိတာတော့ မဟုတ်ဘူး၊ ကိုယ့်သူငယ်ချင်းဝေယံတို့က မင်းအကြောင်းတဖွဖွ ပြောတာ နားညည်းလာတာနဲ့ . . . အဟဲ. . . ဟဲ"

"ဘာရယ်တာလဲ"

"ဒီကောင်တွေကို ငါလိုက်ပြမယ်လို့ မခံချင်လို့ပြောလိုက်တာ"

"ဘာရယ်. . ."

"မင်းနောက်ကနေ လိုက်သွားမယ်၊ မင်းကို စကားပြောခွင့်ရဖို့ ဖန်တီးမယ်၊ မင်းနဲ့ ခင်သွားအောင် လုပ်ပြမယ်လို့ပေါ့"

ကြွေရုပ်က သူ့စကားကို ငြိမ်သက်နားထောင်နေမိသည်။ ရင်ထဲမှာတော့ သိပ်မကျေနပ်။





"သူတို့ကလည်း မြှောက်ပေးတယ်၊ စကားသွားပြောရဲရင် ဘီယာတိုက်မယ်တဲ့"

"ဟင် . . . ရှင် မကောင်းဘူး"

"ဟုတ်တယ်. . . သိပ်တော့ မကောင်းဘူး၊ အဲဒါကို ကြွေရုပ်ကို ပြောပြချင်လို့"

"ဘီယာကြေး လောင်းတာပေါ့နော်"

ကြွေရုပ် စိတ်မကောင်း ဖြစ်သွားမိသည်။

သူက ရယ်ရယ်မောမော အမှန်အတိုင်း ဝန်ခံတာဆိုပေမယ့် နားထဲမှာ ကြားရတာ တော်တော်ဆိုးတာပဲ။

"အဲလိုလောင်းတာမျိုးတော့ မဟုတ်ပါဘူး၊ ကိုယ်ကလည်း မင်း ဘယ်လိုတုန့်ပြန်မလဲ သိချင်တာနဲ့. . ."

"ရှင့်သူငယ်ချင်းနှစ်ယောက်က ကော်ဖီဆိုင်ဝင်ပေါက်နားက စားပွဲမှာ ထိုင်ကြည့်နေကြတာ မဟုတ်လား"

"အဟား. . . ဟား. . . ဟုတ်တယ်၊ ကြွေရုပ် ဘယ်လိုသိနေတာလဲ"

"သူတို့ပုံစံက သိရတာပဲ ဥစ္စာ"

"ကဲ . . . အခု ကိုယ့်ကို စိတ်ဆိုးပြီ မဟုတ်လား"

"ဟုတ်တယ်. . . မုန်းတယ်"

"ဟာ. . . မုန်းတော့ မမုန်းလိုက်ပါနဲ့"

"ရှင့်အပြစ်နဲ့ ရှင်ပဲ"

"ဆောရီး. . . ကိုယ်က မင်းကို အမှန်အတိုင်းအသိပေးတာလေ၊ အဲဒါ ခွင့်လွှတ်သင့်တာပေါ့ကွာ၊ ဒီည ဟိုကောင်တွေနဲ့ ပါဝါလိုက်မှာ ချိန်းထားတယ်၊ ကိုယ်သွားရမလား"

"အို. . . ရှင့်ဘာသာ သွားချင်သွား၊ မသွားရင်နေပေါ့၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"ကြွေရုပ်နဲ့ ဆိုင်တယ်လေ"

"မဆိုင်ဘူး"

"ကြွေရုပ် ခွင့်လွှတ်မှသွားမယ်"

"အပိုတွေ လာမပြောနဲ့၊ ဒါပဲ မဟုတ်လား"

"ခဏနေပါဦးကွာ၊ ဘာဖြစ်တာလဲ"

"စိတ်တိုနေတယ်နော်၊ ထပ်မပြောနဲ့တော့"

"နားထောင်ပါဦး"

"တော်ပြီ၊ မသိဘူး"

"ကိုယ်ပြောစရာတွေ ကျန်သေးတယ်"





အလင်းနီက ဇွတ်တိုးတားမြစ်နေမိသည်။

သူမအသံလေးက တကယ်ပဲ စိတ်ချဉ်ပေါက်သွားဟန်။

ဘာလို့လဲကွာ. . .

မင်းကို လိုက်စကားပြောဖြစ်တာ ကိုယ့်ရင်ထဲက အမှန်တကယ် ဆန္ဒအတိုင်း ဖြစ်စေချင်တာလား။

"မင်းနဲ့ စကားပြောကြည့်လိုက်တော့ ကိုယ်ကိုယ်တိုင် စိတ်ပါလာတယ်၊ မင်းမျက်နှာကို ထိုင်ကြည့်နေရတာ ပျော်တယ်"

ကြွေရုပ် ပါးပြင်လေးမှာ နွေးသွားရ၏။

"ဟော့. . . ကိုယ်ပြောတာ ကြားရဲ့လား"

ကြွေရုပ်က မတုန့်ပြန်။ ဒါပေမယ့် သူမအသက်ရှူသံ တိုးတိုးလေးကို ဒီဖက်က ကြားနေရသည်။

"မင်းကိုလည်း အားနာသွားမိတယ်၊ မင်းပုံစံလေးက ကိုယ်ထင်ထားတာထက်ပိုပြီး ဖြူစင်နေတာတွေ့တော့ စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်သွားတယ်၊ ကိုယ် နည်းနည်းမှားသွားပြီလားလို့ တွေးမိတယ်၊ မင်းက တခြားမိန်းကလေးတွေနဲ့ သိပ်မတူဘူးလေ၊ မင်းကို ကိုယ်မလှည့်စားပါဘူး၊ အဲဒါတော့ ယုံ"

ကြွေရုပ်ရင်ထဲ မကျေမချမ်း အခဲမကြေဖြစ်နေတာတွေ

က သူ့စကားတစ်ခွန်းကြောင့် ဆန်းကြယ်စွာ ကျေပျက် ပပျောက်သွားရလေသည်။

ကြွေရုပ် နှုတ်ခမ်းလေးတွေ အမှတ်မထင် ပြုံးလာမိ၏။

"သွား. . . ရှင့်ကို လုံးဝမယုံတော့ဘူး"

"ကိုယ် ဒီနေ့ မင်းအနားကို ဘာကြောင့်မလာသလဲ အခုသိပြီ မဟုတ်လား"

"မလာနဲ့ပေါ့"

"မရဘူး . . . လာချင်တယ်"

"ရှင့်ကို မခေါ်တော့ဘူး"

"ကိုယ် အတင်းလိုက်ခေါ်မှာပဲ"

"ရှင်က တစ်ကိုယ်ကောင်းဆန်ပြီး ကိုယ့်ဖက်ကိုတွေးတဲ့လူလေ"

"ကိုယ့်အကျင့်တွေ ကြိုးစားပြင်မယ်လေကွာ၊ နားလည်ပေးလိုက်ပါ"

"ဟင့်အင်း"

"မနက်ဖြန် စနေ၊ သင်တန်းလည်းပိတ်တော့ ကိုယ်တို့ ဘယ်မှာတွေ့ကြမလဲ"





"ရှင့်ကို ဘယ်သူက တွေ့မယ်ပြောနေလို့လဲ"

"ကိုယ်က တွေ့ချင်တယ်လေကွာ"

ကြွေရုပ်က တစ်ယောက်တည်း မျက်စောင်းလေး ရွယ်မိသည်။

တတ်လည်းတတ်နိုင်တဲ့သူ. . .

အားလုံးရှင်းပြပြီးမှ တွေ့ခွင့်တောင်းနေသည်။

"မနက်ဖြန် ကျွန်မ မအားဘူး"

သူမ ငြင်းပစ်လိုက်သည်။ အလင်းနီက လက်မလျှော့။

"မနက်ပိုင်းမအားရင် ညနေပိုင်းလေ၊ ဒါမှမဟုတ် ည
က်ပေါ့"

"တစ်နေကုန် အပြင်သွားရမှာ"

"နှစ်ဆယ့်လေးနာရီလုံးပဲလား"

"ဟုတ်တယ်"

ရွဲ့ဖြေပစ်လိုက်၏။

"ဒါဆို တနင်္ဂနွေရော၊ တနင်္ဂနွေထွက်ခဲ့ပါလား"

လူကို ပိုင်စိုးပိုင်နင်းချိန်းနေသည်။ ဟွန်း. . . အမြင်ကပ်
ောကောင်းလိုက်တာ။

"မထွက်ခဲ့ပါဘူး"

"ဘာလို့လဲ"

"ထွက်စရာ ဘာအကြောင်းများ ရှိလို့လဲ"

"ကိုယ်တို့ နားအေးပါးအေးလေး တစ်နေရာမှာ စကား ပြောရအောင်"

"ရှင်က ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲ"

"ဟုတ်တယ်. . . ကြွေရုပ်လက်ခံမယ်လို့ တွက်ထားတာ မှားသွားပြီ"

သူ့စကားပြောပုံက ပွင့်လင်းရဲတင်းတာလား ဘာမှ တော့ မသိပါ။

"လက်မခံနိုင်ပါဘူး၊ ကျွန်မကို ဘယ်လိုများ ထင်ထား လဲ"

"သဘောကောင်းတဲ့ကောင်မလေး၊ ချစ်ဖို့လည်း ကော တယ်"

"မဟုတ်ဘူး၊ လုံးဝ မှားနေတယ်၊ ကျွန်မ သဘော မကောင်းဘူး၊ အရမ်းစိတ်ပုပ်တတ်တယ်"

"ဘာပဲဖြစ်ဖြစ် ကိုယ်က ချစ်မှာပဲလေ"





"ရှင်က ချစ်တယ်ဆိုတဲ့စကားကို လွယ်လွယ်ပြောစရာ မှတ်နေလား"

"ဟုတ်ကဲ့. . . ဘယ်လိုများ ခက်ခက်ခဲခဲ ပြောစေချင် ပါသလဲ ခင်ဗျာ. . . ချစ်. . . ချစ်. . . ချစ် . . . တယ်"

သူက တုန်တုန်ယင်ယင် ထစ်ထစ်ငေါ့ငေါ့အသံကြီး လုပ် ပြလေသည်။ ကြွေရုပ်ပင် သူလုပ်နေသော အသံကြီးကြောင့် ရယ်ချင်သွားမိသည်။

"ချစ်. . . တယ်"

"တော်ပြီ. . . ရှင်နဲ့ စကားပြောရတာ ဒေါသဖြစ်ရတယ် ဒါပဲ"

"မန်းဒေးကျရင် သင်တန်းမှာတွေ့မယ်နော်၊ ဘိုင့်. . . ဘိုင်. . . ."

ခပ်မြန်မြန်ရအောင်ပြောလျက် သူ့အရင် ကမန်းကတန်း ဖုန်းချသွားလေသည်။

ကျွတ်. . . မုန်းစရာကောင်းလိုက်တာနော်. . .။



အလင်းနီက သူ့ရဲ့ဟွန်ဒါအက်ကော့ဒ်အဖြူလေး
လမ်းကျဉ်းလေးအတိုင်း သတိထား၍ ခပ်ဖြေးဖြေးမောင်းလ
သည်။

ကားဘီးလေလျော့နေလို့ လေသွားထိုးပြီး ဒီဖက်က
လမ်းမပေါ်ပြန်တက်ဖို့ ရည်ရွယ်တာ။

ကျွတ်. . . ဒီလမ်းမှာ ညနေပိုင်း ပျံကျဈေးတန်း
တစ်ခုရှိနေတာ သူ မေ့သွားသည်။

ခုမှတော့ မတတ်နိုင်။





လူစည်နေတဲ့ဈေးတန်းကို ဖြတ်၍ စိတ်ရှည်လက်ရှည်နှင့် ကားဘီးကို အသာကလေး ဖြေးဖြေးချင်းလှိမ့်၍ မောင်းလာရသည်။

သူက လမ်းပေါ်ရောက်နေတဲ့ ဈေးဗန်းတွေ တက်မကြိတ်မိအောင် ဂရုစိုက်ပြီး သတိထားနေသလောက် ဈေးသည်တွေက အရောင်းမပျက်သလို ဝယ်သူတွေကလည်း လမ်းလယ်ခေါင်မှာ ကျကျနန အဝယ်မပျက်။

စိတ်ပျက်စရာပဲ. . .

အလင်းနီက မျက်မှောင်ကုပ်၍ စိတ်တိုလာမိသည်။

ဟွန်းကလည်း တီးလို့မဖြစ်။

လူတွေကလည်း ကားရှေ့က တော်တော်နှင့် မဖယ်ကြပေ။

ဝံရွှေ့ရွှေ့ မောင်းနှင်နေရတာကို သူ စိတ်မရှည်။

"အရေးထဲမှာ ဒီကားကလည်း တစ်မျိုး"

မိန်းမကြီးတစ်ယောက်က သူ့ကိုပင်မျက်စောင်းလှည့်ထိုးလိုက်သေး၏။

လမ်းပေါ်ကားမောင်းလာတာပဲ သူ့အပြစ်။

ဩော်. . . လူတွေ. . . လူတွေ. . .

ကိုယ့်အရေးကိစ္စကလွဲလျှင် ဘာမှထည့်မတွက်ချင်ကြပါလား။

စည်းကမ်းပျက်ပြီး မှားနေတာကဖြင့် သူတို့ . . .

ကဲ . . . နေပစေ . . .

ငါ့ ဒီလမ်းထဲက ဖြတ်သန်းချိန်က မိနစ်ပိုင်းလေးပဲ။

ဒါအတွက် ခေါင်းစားမခံနဲ့။

လူဆိုတာ ကိုယ်ဦးနှောက်ခြောက်မခံဖို့ ကိုယ်ဒေါသမဖြစ်ဖို့ ကိုယ့်ဘာသာပဲ သတိထားထိန်းချုပ်ရတာ မဟုတ်လား။

အလင်းနီက ဘဝမှာ အင်မတန် ပျော်ပျော်နေသွားချင်သူ။

သူ ဘာကြောင့်မှ စိတ်မညစ်မခံနိုင်။ အသေးအဖွဲလေးတွေထားလိုက်။

အလင်းနီက ရှေ့ဆက်မောင်းလာသည်။

တဖြေးဖြေးနှင့် လမ်းထိပ်ပိုင်းနား ရောက်လာသည်။

"ဦးလေး. . . ဒီဇီးသီးက ဘယ်လောက်လဲ"

"သုံးလုံးတစ်ရာ"





"ဟင်. . . ဈေးကြီးလိုက်တာ"

မိုးနယုန်က ရှုံ့မဲ့သွားသည်။

ဇီးသီးလေးတွေဆိုတော့ ဈေးပေါမှာပဲထင်တာ။

လိမ္မော်သီးနဲ့ ဇီးသီးကို မျှဝယ်သွားမလို့ စဉ်းစားတာ။

သူဇာတို့အိမ်မှာ တည်းခိုလို့ရတာပဲ ကျေးဇူးတင်ရလှပြီမို့ စားစရာသောက်စရာတော့ သူမက ကိုယ့်ဘာသာ ဝယ်ခြမ်းချင်သေးသည်။

ဒါကြောင့်လည်း ညနေပိုင်းလေး ဈေးဆင်းဝယ်တာ။

"ဇီးသီးက ချိုတယ် ကလေးမ၊ မယုံရင် စားကြည့်လိုက် ဒါက ဇီးပန်းသီး"

နယုန်က ဇီးသီးတစ်လုံးကို ကောက်ယူ၍ လက်နှင့် သေချာပွတ်ကာ တစ်ကိုက်ကိုက်ဝါးကြည့်လိုက်သည်။

အင်း. . . တော်တော်ချိုတာပဲ. . . မဆိုးပါဘူး။

"ဦးလေးကြီး. . . တစ်ရာဖိုးလေးလုံး ထားပါလား၊ တစ်ထောင်ဖိုး ယူမယ်လေ"

တစ်ထောင်ဖိုးဆိုသဖြင့် ဦးလေးကြီးက အင်တင်တင်နှင့် ခေါင်းညိတ်သည်။

နယုန်က ဝမ်းသာအားရ အလုံးကြီးကြီးတွေ ဇကာထဲ ကောက်ထည့်၏။

ဘေးမှကားတွေ ဖြတ်သွားနေတာ လှည့်လည်းမကြည့် ဂရုလည်းမစိုက်။ ကိုယ့်အာရုံနှင့်ကိုယ်ပဲ ဇီးသီးရွေးတာမို့. . .

"ကားလာတယ်. . . နည်းနည်းဖယ်"

နယုန်က သတိပေးသံကြောင့် မဆိုသလောက်လေး ရွှေ့တိုးပေးလိုက်၏။

"ဟယ်တော့. . . အမယ်လေး. . . ဒီမှာတိုက်ကုန်ပြီ အို"

ကုန်းကုန်းကွကွ ဇီးသီးဝယ်နေတဲ့ သူမကို ကားအဖြူတစ်စီးက ပွတ်တိုက်သွား၏။

တင်ပါးနားမှာ နည်းနည်းအောင့်သွားလျှက် ဇီးသီးဇကာပေါ် လက်ထောက်ယိုင်ကျသွားတာမို့ ဘေးကလူတွေကလည်း ဝိုင်းအော်ပေးကြသည်။

"ကားက ဘယ်လိုမောင်းတာလဲ၊ ဒီမှာ တိုက်မိကုန်ပြီ"

မိုးနယုန်က ရှက်လည်း ရှက်သွားမိကာ ကမန်းကတန်း ဖုတ်ဖတ်ခါလျှက် ကားထဲကလူကို ဒေါသနှင့်ပြူးပြဲကြည့်လိုက်သည်။





"ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ကားမောင်းတာ မျက်စိ မပါဘူးလား"

ခပ်စွာစွာမေးလိုက်သံကြောင့် အလင်းနီ ခေါင်းနပန်းကြီး သွားမိသည်။

သူမက မဖယ်ပေးတော့ ဖြေးဖြေးလေးတိုးမိသွားတာပါ။

ဒါကို ဒေါသတကြီးနဲ့ အော်ကြီးဟစ်ကျယ်လုပ်နေတော့ ဘေးကလူတွေကလည်း ဝိုင်းအုံကြည့်ကြသည်။

"ဆောရီးပဲဗျာ"

"ဘာ ဆောရီးလဲ၊ ဒီမှာ အရမ်းနာသွားပြီ၊ ခင်ဗျားတို့ ချမ်းသာကုန်သားတွေက ဒီလိုပဲ ကားနဲ့ဝင်တိုက်ပြီးရင် ဆောရီးဆိုပြီး အေးချမ်းသာချင်ယောင်ဆောင်သွားလို့ရမလား၊ ရှင် အခု ကားပေါ်က ဆင်းစမ်း"

"ဗျာ"

ကြည့်ရတာ သူမကတော့ ရန်ကုန်သူမဟုတ်ဘူးထင် သည်။

ဝတ်ထားတာက ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီအဖြူ။ ရှပ် အင်္ကျီရဲ့အနားစကို ဘောင်းဘီထဲထိုးထည့်ကာ အပေါ်က ခါးပတ်

အပြားသေးသေးအဖြူလေး ပတ်ထားတာမို့ စတိုင်လ်လေးတ
တော့ မိသည်။

ဆံပင်က ခပ်တိုတိုဘောလုံးကေအဖောင်းလေး မျက်နှ
နုနုလေးကလည်း စူပုတ်ပုတ်နှင့် ကလေးဆန်လှသည်။

သို့သော် လေသံကတော့ ရုပ်ကလေးနှင့် မလိုက်အောင်
စွာကျယ်ကျယ်နှင့် မာဆတ်ဆတ်ပါလား။

"ဆင်းလေ"

"ဘယ်နားထိသွားလို့လဲ၊ ကားက တိုးမိရုံလေးပါဗျာ
ဘာမှ မဖြစ်လောက်ပါဘူး"

"အောင်မယ်. . ဘာပြောတယ်၊ ကျွန်တော်ကပဲ ခင်ဗျား
ကို လိမ်ပြောရမှာယ်ပေါ့ ဟုတ်လား၊ ခင်ဗျား လူကို အထင်သေး
ချည်လား"

ထိုသူရဲ့ ပမာပခန့်ဂရုမစိုက်ပုံစံကြောင့် မိုးနယုန် ပို၍
အသည်းတယား စိတ်တိုသွားမိသည်။

သူမတင်ပါးကို ကားနှင့်လည်း ဝင်တိုးသေး။ ဒီကြား
သူကပဲ အပေါ်စီးနှင့် မာရေကြောရေ. .

နယုန်တို့ကို ဒါမျိုး လာလုပ်လို့ ဘယ်ရမလဲ။





"အထင်သေးတာ မဟုတ်ပါဘူး၊ မင်းလည်း ဘာမှမှ
ဖြစ်တာဘဲ"

"ကဲ . . . ကားဆရာရေ စကားသိပ်မများနဲ့ ကိုယ့်ကိုစွ
ယ်မြန်မြန်ရှင်း"

"ဟုတ်တယ် ကလေးမ၊ ဆေးခန်းလိုက်ပို့ခိုင်းလိုက်"

ဘေးလူတွေက ဝင်၍ အကြံပေးသည်။

"ဒါမှမဟုတ် ဆေးခန်းစရိတ် တစ်ခါတည်း တောင်းထား
က်၊ တော်ကြာ မောင်းပြေးသွားရင် အခက်"

"ဘယ်မှ မောင်းမပြေးပါဘူးဗျာ၊ နေရင်းထိုင်ရင်း တရား
လုပ်ပါနဲ့"

"အို. . . ခင်းဗျားတိုက်တာ ခင်ဗျားလျော်ပေါ့"

"ဟာ. . . လျော်ရမှာလား"

"ဟုတ်တယ်. . . ကဲ . . . ကြာတယ်၊ ခင်ဗျားကားပေါ်
တက်လိုက်လာပြီ၊ ဒါပဲ"

ပြောပြောဆိုဆို မိုးနယုန်က ကားတံခါးကိုဆွဲဖွင့်၍ ခပ်
ဆောင့်ဆောင့် တက်ထိုင်လိုက်ပါသည်။

ဒီမှာ ရှင်းနေကြလျှင် မလွယ်။

နောက်က ကားတွေလည်း ဆူညံကုန်ကြလိမ့်မည်။

လူရှုပ်နေတဲ့အချိန်မို့ အခွင့်ကောင်းယူပြီး သူလစ်သွားမှာ စိုးရသည်။

ဒါကြောင့် မိုးနယုန်က သူ့ကားပေါ် တစ်ခါတည်းပဲ တက်ထိုင်လိုက်ဖို့ ဆုံးဖြတ်တာ။

အလင်းနီက ပုခုံးတစ်ချက်တွန့်မိသည်။

ဟူး. . . ကောင်မလေးက မလွယ်ပါလား။

သူက လမ်းမပေါ်သို့ မောင်းလာခဲ့သည်။

"အခု ခင်ဗျား ဘယ်သွားမှာလဲ"

"မင်းပဲ ဆေးခန်းပို့ပေးဆို"

"နေဦး. . . ဆိုင်တစ်ဆိုင်ဆိုင် အရင်မောင်း"

"ဆိုင်တစ်ဆိုင် . . . ဘာလုပ်ဖို့လဲ"

"ကျွန်တော်တို့ အရင်ညှိကြမယ်"

"ညှိမယ်"

"ဟုတ်တယ်လေ. . . လျော်ကြေးပေးဖို့၊ ပြီးတော့ ခင်ဗျား ကျွန်တော့်ကို တောင်းပန်ရမယ်၊ ဒါမှ ကျေနပ်မှာ . . ."

"ဟောဗျာ. . ."





"လာလာချည်သေး. . ."

တောင်းပန်ပြီးတော့ လျော်ကြေးပါပေးရဦးမှာတဲ့။

"ကားနဲ့နည်းနည်းလေးထိမိတယ်ဆိုရုံပါကွာ၊ မင်းလည်း ဘာမှထိခိုက်ဒဏ်ရာမှ မရတာ"

"အပိုတွေ မပြောနဲ့. . . ဆိုင်ကိုမောင်း"

အလင်းနီသည် သူမရဲ့အမိန့်တော်အတိုင်း နီးစပ်ရာ ကော်ဖီဆိုင်တစ်ခုရှေ့ ကားရပ်လိုက်ရသည်။

ဆိုင်ထဲရောက်၍ စားပွဲတစ်လုံးမှာ နေရာယူပြီးတာနှင့် သူမက အလင်းနီကို စေ့စေ့ကြည့်ကာ. . .

"ဒီမှာ . . . ဘယ်နေရာ နာသွားတယ်ဆိုတာ ခင်ဗျားကို အသေးစိတ်ပြောရမှာလား၊ ခင်ဗျားက ဘာလဲ၊ ဆရာဝန်မို့လို့လား၊ ကျွန်တော့်ဘာသာ ဆရာဝန်ရှေ့ရောက်မှ ပြောပြမှာပေါ့၊ အရေးကြီးတာက ဆေးခန်းစရိတ်နဲ့ နစ်နာကြေးကို အခုချက်ချင်း ပေးခဲ့ဖို့ပဲ"

"မပေးဘူးဆိုရင်ရော"

"မပေးရင်ဘာဖြစ်သွားမယ်ထင်လဲ၊ ကျွန်တော် အခုသွားတိုင်လိုက်မှာ၊ ခင်ဗျားတို့လို မဆင်မခြင် အရမ်းမောင်းတဲ့လူတွေ

ကို ကျွန်တော် ဒီတိုင်းလွှတ်ပေးလိမ့်မယ် မထင်နဲ့"

သူမက ခြိမ်းခြောက်တာမို့ အလင်းနီက နှုတ်ခမ်းကိုခပ်မဲ့မဲ့နှင့် ပြုံးမိသည်။ သူမပြောသလိုပဲ သွားတိုင်လျှင်တော့ ပို၍အလုပ်ရှုပ်မှာ သေချာသည်။

ဒီစွာတေးလန်က လွယ်လွယ်လက်လျှော့မှာ မဟုတ်။

"ကိုယ်က ကားသာ မောင်းတာနော်၊ သူဌေးမဟုတ်ဘူး သူများရဲ့ဒရိုင်ဘာ"

"ခင်ဗျားဆီက အများကြီးမတောင်းပါဘူး၊ လာငိုပြမနေနဲ့"

"ဟာ. . . မင်းစကားပြောတာ ရင့်လှချည်လား"

"နယုန်တို့က ရှင်းရှင်းပဲ ပြောတတ်တယ်"

"ဘာ. . . နွားရိုင်းဟုတ်လား၊ နွားတင်းကုပ်မဟုတ်ဘူးလား"

"ခင်ဗျား . . . မနောက်နဲ့နော်၊ လူကို ဘာမှတ်နေလဲ၊ ဆွဲထိုးပစ်လိုက်မှာ"

သူ့မျက်နှာနားသို့ လက်သီးတစ်ချက် ခပ်ဆတ်ဆတ်ရွယ်လိုက်သဖြင့် ယောင်ယမ်း၍ နောက်ဆုတ်မိသည်။





"မိန်းကလေးဆိုပြီး လျှော့မတွက်နဲ့၊ ကျွန်တော်က လက်ဗိတ် ကောင်းကောင်းရတယ်"

"သူများတွေ ကြည့်နေပြီ၊ မင်း မရှက်ဘူးလား"

"အံမယ် . . . ဘာလို့ရှက်ရမှာလဲ"

"မိန်းကလေးဖြစ်ပြီးတော့ ကိုရီးကားယားနဲ့"

"ခင်ဗျား ကျွန်တော့်ကို ဝေဖန်စရာမလိုဘူး၊ ကဲ လျော်ကြေး ငါးသောင်းထုတ်ပေးလိုက်. . . ဒါပဲ"

"ဟာ. . . ငါးသောင်းတောင်"

"ဟုတ်တယ်. . . ဒါအများကြီးလျှော့ထားတာ"

"ငါးထောင် တစ်သောင်းဆို တော်ရောပေါ့"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ဆေးခန်းသွားရင် ဓာတ်မှန်ရိုက်မှာနဲ့၊ အယ်ထရာဆောင်းရိုက်မှာနဲ့ လောက်တောင်လောက်မှာ မဟုတ်ဘူး၊ ကျွန်တော်က တစ်ခါတည်း ကိစ္စပြတ်အောင်သာ ပိုက်ဆံယူရမှာ၊ ခင်ဗျား အဲလို ဆစ်ရင်တော့ ညှိလို့ရမှာမဟုတ်ဘူး"

ကျွတ် . . . ရုပ်ကလေးကိုက ပိုက်ဆံကို မဟားတရားမက်မောမယ့်ရုပ်။

သူမရဲ့ဟန်ပန်၊ သူမရဲ့ စကားပြောပုံလေးများသည် အလင်းနီကို အငိုက်မိ မှင်သက်အောင် ဖမ်းစားနိုင်၏။

ဘယ်သူနဲ့မှမတူအောင် ရဲတင်းသွက်လက်ပြီး တရင်းတနှီးဟန်ပေါက်နေတာကိုပင် သူ့စိတ်ထဲ ဆန်းနေမိသည်။

လျှော်ကြေးပေးဖို့ ခပ်ပြတ်ပြတ်တောင်းပေမယ့် ဘာကြောင့်မှန်းမသိ အလင်းနီ စိတ်မဆိုးဘဲ ရယ်ချင်နေသည်။

ဒီကောင်မလေးကြည့်ရတာ သားသားနားနား ဝတ်ထားပေမယ့် ငွေကြေး မပြေလည်ဘူးထင်ပါရဲ့။

နေရင်းထိုင်ရင်း အလင်းနီက ကရုဏာသက်မိပါသေးသည်။ မိုးနယုန်က ငြိမ်တိတ်သွားသော သူ့ပုံစံကို အသာအကဲခတ်သည်။

လူပုံကဖြင့် စတိုင်လ်ပင်နံ အဲရိုးရှပ်နှင့် အကောင်းစား OAKIEY မျက်မှန်နဲ့။ ပိုက်ဆံကတော့ ကပ်စေးနဲ့ပုံပင်။

ငါးသောင်းလောက်ကို ရှုံ့ရှုံ့မဲ့မဲ့ စဉ်းစားနေသည်။

နယုန်ကတော့ သူ့ကို ပညာပေးဖို့ ဆုံးဖြတ်ပြီးသား။

"ကဲ. . . ခင်ဗျား ဘာတွေစဉ်းစားဦးမှာလဲ၊ အချိန်မရှိဘူးနော်"





အလင်းနီက ခေါင်းတစ်ချက်ဆတ်ပြီး . . .

"ကောင်းပြီလေ. . . မင်းတောင်းတဲ့ပိုက်ဆံကို ကိုယ်ပေးလိုက်မယ်၊ မင်းမှာအခက်အခဲရှိရင်လည်း ပြေလည်သွားတာပေါ့ကွာ"

"ဘာပြောတယ်"

"ကိုယ်လည်း ပွင့်ပွင့်လင်းလင်းပြောတာပါ"

"အင်းလေ. . . ပေးမယ်ဆိုရင်ပြီးရော. . . အခုပေး"

"ဟာ. . . အခုကိုယ့်မှာ ဘယ်ပါမလဲကွ"

အလင်းနီက အသံခပ်အုပ်အုပ်နှင့် တိုးတိုးပြော၏။

သူမက စိတ်ပျက်သွားသလို နှာခေါင်းလေးရှုံ့၏။

"ခင်ဗျားကလည်း ဒီလောက်ငွေတောင် မပါဘူးလား"

မိုးနယုန်သည် သူ့ကို သိပ်တော့ မယုံပေ။

များသောအားဖြင့် သူ့လိုသူဌေးတွေက လူလည်ကျတတ်သည် မဟုတ်လား။

"မပါဘူး"

အလင်းနီမှာ တကယ်လည်း ငါးသောင်းပြည့်အောင် မပါပါ။

သူ့ပိုက်ဆံအိတ်အပြာလေးထဲပါလာရင် အလွန်ဆုံး နှစ်သောင်းစွန်းစွန်းပဲ ရှိမှာ။

အမေကတော့ သူ့ကို ပိုက်ဆံများများဆောင်ထားဖို့ အမြဲပြောသည်။

သူက ပါလာရင် ကုန်အောင်သုံးမိမှာစိုး၍ ဘယ်တော့မှ များများစားစား ထည့်မထား။

အခုတော့ ဒီချာတိတ်မလေးကြောင့် အရှက်ကွဲရမလို ဖြစ်နေသည်။

"ဒါဆို ကျွန်တော်က ဘယ်မှာလိုက်ယူရမှာလဲ၊ ခင်ဗျား အိမ်ထိ လိုက်ခဲ့ရမှာလား"

"ဟာ. . . အိမ်တော့ မလိုက်ပါနဲ့"

"ဒါဆို. . . နေရာပြော"

အလင်းနီက သူ့အိတ်ကပ်ထဲက လိပ်စာကဒ်တစ်ခုကို ထုတ်ယူပြီး သူမလက်ထဲ ကမ်းပေးလိုက်သည်။

နယုန်က ကဒ်ကို သေချာငုံ့ဖတ်သည်။

Asia Royal ဟိုတယ်. . .

ဟာ. . . အမိုက်စားပဲ. . .





ကဒ်ရဲ့နောက်တစ်ဖက်မှာ ရက်စတောရင့်. . .

"ခင်ဗျားကို ဘယ်လိုမေးရမှာလဲ၊ ကဒ်မှာ နာမည်မှမပါဘာ"

"အလင်းနီလို့ မေးလိုက်"

"ခင်ဗျားက ဟိုတယ်မှာ အလုပ်လုပ်တာပေါ့"

"ဟုတ်တယ်"

"ဘာလုပ်တာလဲ. . . စာဖိုမှူးလား"

"ရက်စတောရင့်မှာ မန်နေဂျာ"

"ဒါဆို ဝင်ငွေကောင်းမှာပဲ၊ ကျွန်တော်ပြောတာတောင် နည်းသွားပြီ . . . ဟဲ. . . ဟဲ"

"မင်းနော်. . . သိပ်မလွန်လာနဲ့"

"ထားပါ. . . ပြောပြီးသားပဲ၊ နေပါစေတော့၊ ဒါနဲ့ ခင်ဗျား ဗစ်ဇစ်တင်းကဒ်က မှာစစ်ပါနော်၊ ခင်ဗျားကို အဲဒီမှာ လာရှာရင် တွေ့မှာလား"

"မယုံရင် အခုပဲ လိုက်ခဲ့လို့ရတယ်"

"ကိစ္စမရှိဘူး၊ မနက်ဖြန်မှ လာခဲ့မယ်၊ မနက်ပိုင်း ကိုးနာရီ ဆယ်နာရီပေါ့"

"မင်းသဘောပဲ"

"ဒါဆို ကျွန်တော်လစ်ပြီ"

သူမက ဖျတ်ခနဲ ထရပ်လိုက်၏။ ဒီလောက်သွက်လက်ဖျတ်လတ်နေတာ ဘယ်နေရာမှလည်း နှာကျင်နေပုံမရပါဘူး။

သူမက အလင်းနီ လိုက်ကြည့်နေတာသိသလို ခပ်မြောက်မြောက် မထိတရီစတိုင်လ်ဖြင့် လှည့်မကြည့်ဘဲ နောက်ပြန်တာ့တာ လုပ်ပြသွားသည်။

ကျွတ်. . . ဘာလေးမှန်း မသိဘူးကွာ။



ဟိုတယ်ရှိရာနေရာသည် ရပ်ကွက်သန့်သန့် နေရာကောင်းမို့ ဆိတ်ငြိမ်လှပသပ်ယပ်နေသည်။

မိုးနယုန်သည် ဟိုတယ်ရှေ့ဝင်ပေါက်နားမှာပဲ တက္ကစီကိုရပ်ခိုင်းလိုက်၏။ ရန်ကုန်မှာ သူမ သိပ်မကျွမ်း၍ လိုင်းကားမစီးဘဲ ဘက္ကစီ စီးခဲ့တာဖြစ်သည်။

နယုန်သည် မော့မော့ငေးငေးဖြင့် ဟိုတယ်ဝင်းထဲ လှမ်းဝင်ခဲ့သည်။

သူမပုံစံက အိတ်ကပ်တွေပါသော ခဲသားရောင်ဘောင်းဘီရှည်အဝွဲနှင့် အပေါ်က ရှပ်အင်္ကျီမီးခိုးကွက်လေးကို ဝတ်ထား

ပြီး ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ အေးအေးလူလူ ဟန်

လျှောက်လာတဲ့ ပေါ့ပေါ့ပါးပါးပုံစံ။

ဟိုတယ်က ခြံဝန်းကျယ်ထဲမှာ သုံးထပ်ခွဲပုံစံ လှလှ

ဆောက်ထားတာ။

ပြတင်းပေါက်လေးတွေ လိုက်ကာအဝါနုလေးတွေ

တစ်မျိုးတဖုံချစ်စရာ။

ရက်စတောရင့်က ဟိုတယ်ရဲ့ညာဖက်မှာ သီးသန့်

ရှည်ရှည်နှင့် ရှေ့မှာလည်း မြက်ခင်းကျယ်ပါသည်။

ဒီလူကြီးအလုပ်လုပ်ရတဲ့နေရာ အနေအထားကော

ရှယ်ပဲဟုတွေးကာ နံယုန် သဘောကျသွားပါသည်။

ဒါပေမယ့် သူ့ကို တကယ်ပဲ ဒီမှာတွေ့ရပ့်မလား မ

မိသေးတာ အမှန်။

လူလိမ်လူညာဖြစ်နေရင် ဘယ်လိုလုပ်မလဲ။

သူမက တကွကွစီခရင်းပြီး လာခဲ့ရတာ။

မိုးနံယုန်က ရက်စတောရင့်ဆိုင်းဘုတ်ရှိရာ အဆော

အဦးထဲသို့ ခပ်တည်တည် ဝင်လာခဲ့သည်။

မနက်ပိုင်းမို့ ဆိုင်က 'ရှင်းလင်းတိတ်ဆိတ်နေသည်





စားပွဲထိုးလေးတစ်ဦးက စားပွဲခင်းတွေ အသစ်လဲနေရင်း

သူမကို လှမ်းကြည့်သည်။

နယုန်က ကက်ရှာစားပွဲထိ လျှောက်လာပြီးလျှင်. . .

"ဦးအလင်းနီနဲ့ တွေ့ချင်လို့ပါ"

"ဩော်. . . ဟုတ်ကဲ့ ရှိပါတယ်၊ ဆရာ ဟိုဖက်ရုံးခန်းထဲ

မှာပါ၊ ဝင်သွားလိုက်ပါ. . . အစ်မ"

ကက်ရှာကလူက အခန်းတစ်ခုဆီ လမ်းညွှန်ပေးသည်။

နယုန်က စေ့ထားသော မှန်တံခါးလေးကို ဘေးသို့ တွန်း

၍ လှမ်းဝင်လိုက်လျှင် ရုံးခန်းလေးက အေးစိမ့်ပြီး သားနားသစ်

လွင်နေတာ တွေ့လိုက်ရ၏။

သူမက အခန်းကို လှည့်ပတ်ကြည့်ရှုပြီးလျှင် ကျွန်းစားပွဲ

နောက်က ဆုံလည်ဆိုဖာခုံမြင့်မြင့်မှာ ထိုင်နေတဲ့အလင်းနီကို ချို

သာစွာ ပြုံးပြလိုက်ပါသည်။

သူမမျက်နှာက မနေ့တုန်းကလို ဂျစ်ကန်ကန်နှင့် အပိုး

မကျိုး၊ ထောင့်မကျိုးတဲ့ပုံ မဟုတ်တော့ပါ။

နှစ်ဆယ့်လေးနာရီမပြည့်ခင်မှာဘဲ အမူအရာက ပြောင်း

သွားပါပြီ။

ယဉ်ကျေးဖော်ရွေသော အပြုံးလေးနှင့် ဣန္ဒြေရရ

သွားလေပြီ။

"ထိုင်ပါဦး. . . မင်းတစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ဟ. . . ဟုတ်ကဲ့တွေ ဘာတွေဖြစ်သွားပြီ"

အလင်းနီက မျက်ခုံးစုံပင့်ပြလိုက်၏။

"မဆင်ဘူး. . . ခင်ဗျားက ဒီမှာ တကယ်ပဲ မန်နေ

ပေါ့နော်"

"ဩော်. . . အခုထိ မယုံသေးဘူးဆိုပါတော့"

"မယုံတာ မဟုတ်ပါဘူး၊ အဟင်း. . . ဟင်း အရမ်း

နားနေတော့. . . ."

သူမက စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ကာ မျက်

လေးက မချိုမချဉ်. . .

အလင်းနီက အံဆွဲထဲမှ ပိုက်ဆံတစ်အုပ်ကို ထုတ်ယူ

သူမရှေ့မှာ ချပေးလိုက်သည်။

ပြီးလျှင် ခလုတ်ကလေးတစ်ခုကို ဖိလိုက်၏။

ထိုခလုတ်ဖိပြီး တအောင့်ကြာတာနှင့် ကောင်လေး





ောက်က ကော်ဖီနှင့်မုန့်ထည့်ထားသော လင်ဗန်းသယ်ကာ

င်သာပါသည်။

ဗန်းကို စားပွဲပေါ် ချပေးပြီးတာနှင့် ပြန်ထွက်သွားသည်။

မုန့်တစ်ဝက် အလူမီနီယံတစ်ဝက် တံခါးလေးကိုလည်း

ုန်းဆွဲစေ့သွားပါသည်။

"ခင်ဗျားက မိုက်တယ်နော်. . . မဆိုးဘူး"

"ဘာမိုက်တာလဲ"

"မန်နေဂျာကြီးဆိုတော့ . . . ဟဲ. . . ဟဲ"

"အဲဒါ ဘာဖြစ်လဲ"

"ကိုအလင်းကို တစ်ခုလောက်ပြောချင်လို့"

သူက မေးဆတ်သည်။ ပြောဆိုတဲ့ သဘော. . .

"ဒီပိုက်ဆံ ကျွန်တော် မယူတော့ဘူး"

"ဟောဗျာ . . . ဘာဖြစ်ရပြန်ပြီလဲ"

အလင်းနီကတော့ သူမရဲ့အပြောင်းအလဲကို သိပ်

ေသက်ာ အသံနေအသံထားပါ ပြောင်းသွားတာ အကြောင်းရှိလိမ့်

ည်။ ဒါကြောင့် မျက်မှောင်ကုပ်နှင့် စူးစူးစိုက်စိုက် ကြည့်နေမိ

သည်။

နယုန်သည် စိမ်းညို့ညို့နှင့် ရီဝေသော သူ့မျက်လုံးများကို ရင်မဆိုင်ဘဲ ပြုံးစိစိလေး ရှောင်လွှဲထားရင်း. . .

"ပိုက်ဆံတော့ မယူချင်ဘူး၊ ဒါပေမယ့် တစ်ခုလောက်တော့ ကူညီ"

"ဆိုပါဦး"

"ကျွန်တော်လည်း ဒီမှာအလုပ်လုပ်ချင်တယ်၊ ပြောပေးလို့ရရင် ပြောပေးပါ၊ ခင်ဗျားကျေးဇူး မမေ့ပါဘူး၊ ကျွန်တော့်မှာ အခု ဘာအလုပ်မှမရှိတော့ ဝင်ငွေလည်း ပြတ်နေတယ်၊ အမေ့ဆီက မုန့်ဖိုးလှမ်းတောင်းပေမယ့် မလောက်ဘူး၊ အလုပ်တစ်ခုခုလုပ်မှဖြစ်မယ်၊ ဘယ်နေရာပဲရရပေါ့ ကိုအလင်းရာ. . . နော်ကျွန်တော့်ကို အလုပ်ခန့်ပေး"

"ဟာ. . . ငါခန့်ချင်တိုင်း ခန့်လို့ရမှာလား"

"ကိုအလင်း ပြောပေးပေါ့"

ချာတိတ်မက ဇွတ်ပင် တောင်းဆိုပူဆာပါသည်။

သူမ ပြောနေပုံလေးကလည်း ကူညီပြောပေးချင်စရာပါ။

အင်း. . . ဘယ်လိုလုပ်ရမလဲ။

အရင်ကဆိုရင်တော့ သူ့အတွက် ဒါက မခက်ခဲပါ။





သူဌေးကိုတောင် ပြောဖို့မလို။ ဟိုတယ်နှင့် ရက်စတော့ ...ဲ့ လောလောဆယ်အုပ်ချုပ်နေတဲ့ ဒေါ်သန္တာအေးကို ပြော ...ဲ့ဘာနှင့် ပြီးပါသည်။

သို့သော် အခုက အခြေအနေက တစ်မျိုး. . .

"ခင်ဗျား အနေအထားနဲ့ ရမှာပါ ကိုအလင်းရာ နော်"

အလင်းနီက မေးစေ့ကို ပွတ်ရင်း သူမကို ဘယ်လိုပြော ...လဲ ခေါင်းထဲစဉ်းစားနေမိသည်။

"မင်းကို မကူညီချင်လို့တော့ မဟုတ်ဘူးကွာ၊ ဒါပေမယ့် ...ခလောလောဆယ် ငါတောင် ဒီမှာ ဆက်အလုပ်ရဖို့မရဖို့က ...သေချာသေးဘူး"

"ဟင်. . . ဘာကြောင့်လဲ"

"ဒီဟိုတယ်ကို တခြားတစ်ဦးလက်ကို လွှဲပြောင်းရောင်း ...ိက်တော့မှာ၊ ဒီလကုန်ပဲ လွှဲဖို့စီစဉ်နေပြီ၊ နောက်လာမယ့် ...ဲ့တယ်ပိုင်ရှင်အသစ်က ဒီဝန်ထမ်းတွေကို ဆက်ပြီး ထားမှာလား ...တ်ပစ်မှာလား မသိသေးဘူးကွ၊ ဒါကြောင့်ပါ၊ တကယ်လို့ ...ိင်ရှင်အသစ်ပြောင်းသွားပြီး အခြေအနေကောင်းတယ်ဆိုရင် ...တော့ မင်းအလုပ်ရဖို့ တာဝန်ယူနိုင်ပါတယ်၊ ဒါမခက်ခဲပါဘူး"

“ဟွန်း”

သူမက မျက်နှာလေးရှုံ့ ပင့်သက်ရှိုက်သည်။

“ဒါဆို ဒီလကုန်ထိ စောင့်ရမှာပေါ့”

“အင်း”

“ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားကူညီမှာတော့ သေချာတယ် မဟုတ်လား”

“အေးပါကွာ”

ကတိစကားရလျှင် နယုန် ကျေနပ်သွားမိ၏။

ဒီလူကြီးက သဘောမနောတော့ မဆိုးရှာပါဘူး။

“မင်းကိုဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ရှိရင်ပြောထား ခဲ့ပါလား နယုန်”

“အင်း. . . ရှိတယ်. . . ဖိုက်ဝမ်းဆစ်. . . .”

သူမက သူဇာတို့အိမ်မှ ဖုန်းနံပါတ်ကို ရေရွတ်ပြလိုက် သည်။

အလင်းနီက စာရွက်နှင့် ဘောပင်နဲ့လှမ်းပေးလျှင် သူမ က မိုးနယုန်ဆိုသော အမည်နှင့် ဖုန်းနံပါတ်ကို ရေးပေးလိုက်၏။

“ပျောက်သွားဦးမယ်နော်. . . သေချာသိမ်းဦး”





အလင်းနီက ပြုံးမိပြီး. . .

“မပျောက်ပါဘူး. . . စိတ်ချ”

“အကျိုးအကြောင်း ဖုန်းဆက်ပေးနော်”

“အေးပါ”

“မမေ့မနေနဲ့ဦး”

သူမက အထပ်ထပ် မှာနေသည်။သိပ်ပြီး အလုပ်လုပ်ချင် ခနေတဲ့ပုံလေး. . . ပျာယာတွေပင်ခတ်လို့. . .

ကိုယ့်ဆီက ပိုက်ဆံလျော်ကြေးလာယူတဲ့ ချာတိတ်မကို ဘူးဆန်းစွာ သူက အပြစ်မမြင်ဘဲ သူမစိတ်ချမ်းသာအောင်ပင် ဘတတ်တအား အကူအညီပေးချင်မိသည်။

“ကိုအလင်း ဖုန်းမြန်မြန်ဆက်ပါစေလို့ ကျွန်တော် ဆုတောင်းနေမယ်”

“ငါ ဆက်ပေးမှာပါ”

“ဒါဆို ကျွန်တော်ပြန်သင့်ပြီပေါ့”

“နေပါဦး. . . ကော်ဖီသောက်သွားလေ”

သူမက ထရပ်မလို ဟန်ပြင်ပြီးမှ ကုလားထိုင်ပေါ် ပြန် ငိုင်ချသည်။

ကော်ဖီပန်းကန်လုံးကို ကောက်ယူပြီး တရှိန်ထိုး သောက်ချပုံက ဟန်ဆောင်မှုကင်းလှ၏။

စိတ်ထဲရှိသလို လုပ်ပစ်တတ်တဲ့ပုံကလေး။

"မုန့်လည်း စားဦးလေကွာ"

"ဟင့်အင်း. . . မုန့်တော့ မစားတော့ဘူး"

"မင်းပိုက်ဆံလည်း ယူသွားပါ"

"မယူတော့ဘူး၊ ကိုအလင်းဆီက ဒ့ါကြီးယူလို့ ဘယ်ဖြစ်မလဲ၊ လိုနေတဲ့ပိုက်ဆံကို ကျွန်တော့်ဘာသာပဲ ရှာကြံရမှာပေါ့"

"အဲဒါကြောင့်ပြောတာ. . . မင်းလိုရင်ယူထား၊ တကယ်လို့ လခရရင်လည်း ပြန်ဆပ်ချင် ဆပ်လို့ရတာပဲ"

သူမရွှတ်ငြင်းနေတာကို သနား၍ အလင်းနီက ထပ်ဖြည့်ပြောလိုက်တာ ဖြစ်သည်။ ဒီလိုဆိုတော့လည်း သူကရုလေးက တခဏ တွေဝေစဉ်းစားနေပါသည်။

ပြီးတော့မှ ခေါင်းတစ်ချက်ညိတ်ကာလက်ခံလိုက်ရင်း. . .

"အင်း. . . အဲဒီအစီအစဉ်မဆိုးဘူး၊ ခင်ဗျားပိုက်ဆံမဆုံးချင်ဘူးဆိုရင် ကျွန်တော်အလုပ်ရမှကို ဖြစ်မှာနော်၊ ဒါပဲ ကဲ ဒါဖြင့် ကျွန်တော်လစ်ပြီ"





ပိုက်ဆံကို ကောက်ယူ၍ ဝ်ဘောင်းဘီနောက်ဘက်အိတ်
ထဲသို့ထည့်ကာ လှစ်ခနဲထပြန်သွားပုံက လေပြေညှင်းလေးတစ်
က် တိုက်ခတ်သွားသလိုပင် မြန်ဆန်ပြီး အမှတ်တမဲ့ဆန်လှ၏။



ကြွေရုပ်က သစ်ပင်အကိုင်းလေးတွေမှာ တွဲလောင်း ချိတ်ဆွဲထားသော မီးပွင့်ရောင်စုံလေးတွေကို ဘာရယ်မဟုတ် လှမ်းကြည့်နေမိသည်။

ညနေခင်းလေးက တစ်စစ အလင်းရောင်ဖျော့တော့ ကာ မှောင်ရီပျိုးစဖြစ်သွားပြီမို့ အကင်ဆိုင်လေးရဲ့ခြံဝင်းထဲမှာ မီးပွင့်လှလှလေးတွေ ထွန်းလိုက်ပြီ မဟုတ်လား။

ကြွေရုပ်က ဒီနားက သူငယ်ချင်းရဲ့ခြံမှာ တင်းနစ်လာ ကစားရင်း ညနေအပြန်မှာ အလင်းနီဆီ ဖုန်းဆက်လိုက်တာ ဖြစ်သည်။





အလင်းနီက ဆိုင်ကနေ ကားလေးမောင်းပြီး သူမကို ဒီမှာ လာတွေ့တာ။ ကြွေရုပ်ဆိုသော ကောင်မလေးရဲ့ သဘော ထားတွေကို သူ သိပ်နားမလည်။

သတိရရင် တွေ့ချင်ရင်တော့ သူ့ကို အခုလာခဲ့ပါဆိုပြီး ဖုန်းဆက်တတ်သည်။

သူ့ဘက်က တွေ့ချင်လို့ ဖုန်းဆက်ရင်တော့ သူမအား မအားဘူးဆိုပြီး ငြင်းချင်ငြင်းတတ်သည်။

အလင်းနီသည် သူမရဲ့ညှို့ချက်ပြင်းသော အလှအပမှာ ယစ်မူးလက်စဖြစ်ခဲ့ပြီမို့ မကြာခင်ပဲ ချစ်သူတော်ရတော့မလားဟု မျှော်လင့်မိတာ အမှန်။

သင်တန်းတွေ ကိုယ်စီပြီးသွားတော့လည်း သူတို့နှစ် ယောက်သား ဆက်ပြီး ခင်ဖြစ်တွဲဖြစ်နေသေးသည် မဟုတ်လား။

ကြွေရုပ်က အဖြေမပေးသေးဘဲ အချိန်ဆွဲထားတာကို အလင်းနီက စိတ်ရှည်ရှည် သည်းခံစောင့်စားနေရတာဖြစ်သည်။

ဆိုင်ရဲ့ မြက်ခင်းပြင်စားပွဲလေးမှာ ကျော့ကျော့မတ်မတ် လေးထိုင်နေသော သူမရဲ့ ရုပ်အဆင်းသဏ္ဌာန်ကတော့ အင်မ တန် ဆွဲဆောင်မှု ရှိနေပါသည်။

ကော်လံပါသော စပို့ရှပ်လက်ပြတ်အနက်ကလေးနှင့် လုံချည်ပန်းနုရောင်လေးကို ဝတ်ဆင်ထားပုံက ဘာမှမဟုတ်ဘဲနဲ့ ကို ချစ်စရာလေး ဖြစ်နေတာ။

ဝင်းပန္နးညံ့သော ပုံစံလေးဟာ ကြည့်မိတိုင်း သူ့ရင်ထဲက စွဲမက်ခြင်းတွေ ဖြစ်ပေါ်စေသည်။

ချစ်ဖို့ကောင်းတဲ့ သူမကို ရင်ခွင်ထဲ ထွေးဖက်ထားလိုက် ချင်စိတ်တွေ ဖြစ်မိ၏။

သူမရဲ့အလှကျ ရင်သပ်ရှုမောရအောင် ပြီးပြည့်စုံသည်။

အလင်းနီ သူမထံ မျက်မပြေစွာ စူးစူးငေးငေး စိုက်ကြည့် နေမိစဉ်မှာ မှာထားသော အကောင်စုံနှင့် အသီးအရွက်ပွဲတွေက စားပွဲထိုးလေးက လာချသဖြင့် အာရုံပျက်သွားရပါသည်။

"ကြွေရုပ်. . . ဘာတွေငေးနေတာလဲ"

"သာယာလို့ကြည့်နေတာ"

"ကိုယ့်ကို ကြည့်စမ်းပါကွာ၊ ကိုယ့်မျက်လုံးထဲကို ကြည့်"

သူမက ပြုံးပြုံးလေးဖြင့် သူ့ကိုစိုက်ကြည့်ရာ ထိုအပြုံး လေးမှာ အသက်ရှုမှားချင်စရာ. . .

"ကြည့်တော့ဘာဖြစ်လဲ. . . ကဲ. . ."





"ကိုယ့်မျက်လုံးထဲမှာ ဘာတွေ့လဲ"

"အမှိုက်တစ်ခု တွေ့တယ်. . . ဟင်း. . . ဟင်း"

"ကြွေရုပ်ကွာ. . ."

"ရှင့်မျက်လုံးထဲမှာ ကျွန်မပုံရိပ်တွေ့နေတယ်လို့ ပြော စေချင်တယ် မဟုတ်လား"

သူမက မခိုးမခန့်လေး မေးသည်။

"ကြွေရုပ် ကိုယ့်ကို အခုထိ မယုံသေးဘူးလားကွာ"

"လွယ်လွယ်လေးနဲ့ မယုံတတ်ဘူး"

"ဒီလောက်အချိန်တွေကြာခဲ့ပြီ"

"သိပ်မကြာသေးပါဘူးနော်"

"ကိုယ့်ဘက်က တွက်တော့ ကြာတယ်"

"ဟုတ်မှာပေါ့"

"ဘယ်လောက်ထိ ညည်းထားဦးမှာလဲ"

"နေပါဦး . . . အလင်းရဲ့ ကျွန်မမေးပါရစေဦး ချစ်သူ တွေ ဖြစ်သွားပြီဆိုပါတော့၊ ရှင်က ဘယ်တော့လောက် လက်ထပ် မယ် စိတ်ကူးလဲ"

"တစ်နှစ်လောက်တော့ အချိန်ယူရမှာပေါ့"

"အဲဒီတစ်နှစ်မှာ ဘာတွေပြင်ဆင်မလဲ၊ ကြွေရုပ်ကို ဘယ်မှာထားမလဲ၊ ရှင့်အိမ်ကိုပဲ ခေါ်သွားမှာလား၊ မလိုက်နိုင်ဘူးနော်၊ ရှင့်ရဲ့မန်နေဂျာလစာဝင်ငွေလေးနဲ့ ဘဝတစ်ခုကို တင့်တောင့်တင့်တယ် တည်ဆောက်သွားနိုင်မယ်လို့ ရှင်ထင်နေသလား အလင်းရဲ့၊ သိပ်မဖြစ်နိုင်ဘူးနော်၊ သေချာစဉ်းစားကြည့်လိုက်ပါဦး"

ကြွေရုပ်ဖြူ၏ ပြတ်သားသောစကားကြောင့် သူ အနည်းငယ် မျက်နှာပျက်သွားပါသည်။

ကိုယ့်ကို အထင်မကြီးဘူး၊ အားမကိုးဘူးလို့ပြောတာလောက် ခံရခက်တာ မရှိတော့ပြီ။

"ကျွန်မက အချစ်အကြောင်း မပြောချင်ဘူး၊ ဘဝတစ်ခုကို ဘယ်လိုဖန်တီးမလဲ၊ အဲဒါကို ပိုစိတ်ဝင်စားတယ်၊ အလင်းက ကျွန်မဘဝပြည့်စုံအောင် မိဘတွေထားတာထက် မနိမ့်ကျအောင် ထားနိုင်ပါ့မလား၊ ဒီလိုမေးလို့ စိတ်တော့မဆိုးနဲ့ဦး"

"စိတ်ဆိုးစရာတော့ မရှိပါဘူး"

အလင်းနီက တိုးတိတ်စွာ ပြောလိုက်သည်။ သို့သော် ရင်ထဲမှာတော့ အောင့်သက်သက်ဖြစ်သွားရတာ အမှန်။

"ခဏခဏ အဖြေမတောင်းနဲ့တော့၊ ရှင့်ဖက်က ပြင်ဆင်





ပြည့်ဆည်းစရာတွေကို အရင်ဦးဆုံး ကြိုးစားလိုက်ပါဦးလား"

"ကိုယ်သဘောပေါက်ပြီ ကြွေရုပ်"

သူ့အချစ်တွေကို ဒီ့ထက်တော့ မနင်းချေစေချင်တော့ပါ။ သူဌေးသမီးလေးတစ်ယောက်ကို စိတ်ဝင်စားမိတဲ့ သူကိုယ်တိုင်ကပဲ မှားယွင်းခဲ့တာ ထင်ပါရဲ့။

"အလင်းလည်း စဉ်းစားပေါ့"

"ဟုတ်တယ်. . . ကိုယ်ပြန်စဉ်းစားလိုက်မယ်"

"ရှင့်ဖက်က ကိုယ်ပိုင်စီးပွားရေးတစ်ခုခုလုပ်ဖို့ အခြေအနေရှိလာပြီဆိုရင် ပြောလေ၊ ကြွေရုပ်ဒက်ဒီနဲ့ မိတ်ဆက်ပေးမယ်"

"လိုရင် ကိုယ်ပြောပါ့မယ်"

"ကြွေရုပ်တို့နှစ်ယောက်ကြားမှာ အရင်ကလို ဟန်ဆောင်မှုတွေ မရှိတော့ဘူး"

သူမ လက်ကလေးပေါ် မေးထောက်ရင်း မျက်စလေးခို့လျက်ဆိုသည်။

"အကင်တွေ အေးသွားလိမ့်မယ်. . . စားလိုက်ပါဦး"

လောလောဆယ်မှာ ကြွေရုပ်နှင့် ထိုအကြောင်းအရာကို

ထပ်မပြောချင်တော့ပါ။ အလင်းနီ ရင်ထဲမှာ မွန်းကြပ်ပြီး မော
သွားပြီ။

အချစ်ဆိုတာ သူ နဂိုကထင်ထားသလို ချိုမြိန်ယစ်မူးဖွယ်
မကောင်းပါလား။

အချစ်တစ်ခုကို ယုံကြည်လက်ခံဖို့ တုန့်ပြန်ဖလှယ်ဖို့
ကြားခံအရာတစ်ခု ရှိရဦးမယ်ဆိုတာ အဓိပ္ပာယ်ရှိရဲ့လား။

ကြွေရုပ်ကတော့ တုတ်ထိုးထားသော ဆိတ်သားကင်
လေးတစ်ချောင်းကို လှုပစွာ ဖြုတ်ယူကိုက်ဝါးနေသည်။

"အလင်းကို ပြောရဦးမယ်"

အလင်းနီက မျက်လုံးနှင့်ပဲ မေးလိုက်ပါသည်။

"အခု လာမယ့်နှစ်ဆယ့်ငါးရက်နေ့က ကြွေရုပ်မွေးနေ့
လား"

"မွေးနေ့ပွဲဖိတ်မှာလား"

"ပွဲတော့ တခမ်းတနားကြီး မလုပ်တော့ပါဘူး၊ ဒါပေမယ့်
ညနေပိုင်းသူငယ်ချင်းတွေနဲ့ ဟိုတယ်တစ်ခုမှာ စားပွဲတော့ လု
မယ်၊ အဲဒါ ဘယ်ဟိုတယ်ရွေးရင်ကောင်းမလဲ၊ အလင်းတ
ဟိုတယ်ဆိုရင်ရော . . "





"ကောင်းသားပဲ"

"အလင်းရှိနေမှာလား"

"ကိုယ်က ရက်စတောရင့်ဖက်မှာ"

"မဟုတ်ဘူးလေ၊ ကြွေရုပ်မွေးနေ့မှာ ရှိနေပေးမှာလား
..ဒ့"

"ရှိစေချင်ရင်တော့ နေပေးရမှာပေါ့"

"ရှင်ပြောပုံက တစ်မျိုးပဲ"

"ကြွေရုပ်အပေါင်းအသင်း မိတ်ဆွေတွေကြားထဲ ကိုယ်
ဝင်ဆန့်ရဲ့လား"

"ဘာလို့ မဝင်ဆန့်ရမှာလဲ"

"မသိဘူးလေကွာ"

"ကြွေရုပ်စကားတွေကို ရှင် တလွဲအဓိပ္ပာယ်ကောက်နေ
ပြီ"

"အဓိပ္ပာယ်ကောက်စရာမလိုအောင် ရှင်းနေတာပဲ"

"ရှင် စိတ်ခုသွားတယ်မဟုတ်လား၊ ဒါကြောင့် အမြဲတမ်း
ပြောဖို့ချင့်ချိန်ပြီး မပြောဖြစ်ခဲ့တာ"

"အခုလိုပြောလိုက်တော့လည်း ကိုယ်တို့ကြားမှာ နား

လည်မှုတစ်ခု ရှိသွားတာပေါ့။ လောလောဆယ်တော့ မင်းကို ချစ်ခွင့်တောင်းထားတဲ့ကိစ္စ နောက်ဆုတ်ရုပ်သိမ်းထားမယ်"

"ဘယ်လို. . ."

"ကိုယ်ပြောတာ သိပ်စောသွားတယ်"

"နောင်တရတာလား"

အလင်းနီက ခေါင်းယမ်းသည်။

ချစ်စရာကောင်းလို့ ရင်ထဲမှာခံစားရလို့ ချစ်လို့ချစ်တယ် ပြောမိတာကို သူ နောင်တမရပါ။ သို့သော် မချစ်သင့်ရင်တော့ နောက်ပြန်ဆုတ်နိုင်ရမည်။ ဒါကတော့ သူ့ခံယူချက်။

"နောက်တစ်ကြိမ်ရော ချစ်ခွင့်ပန်ဦးမှာလား"

ကြွေရုပ်က မခို့တရို့လေး မေးသည်။ ဒီပုံစံလေးကို မချစ်ဘဲ အောက်မကျို့ဘဲ မနေနိုင်ဘူးဆိုတာများ သူမ အပိုင်သိနေလို့လား။

"ပြောချင်စိတ်ရှိရင်တော့ ပြောဦးမှာပါ"

"ဒါဆို ပြောချင်စိတ်မရှိရင် ထပ်မပြောတော့ဘူးဆိုပါတော့"

"အင်း"





"အဟင်း. . . ဟင်း . . ရှင်တကယ်ရယ်ရတဲ့လူ"

"ငိုရတဲ့လူမဖြစ်ရင်ပဲ တော်ပြီပေါ့"

"ကြွေရုပ်ကတော့ ယောကျ်ားတစ်ယောက်အတွက် ဘယ်တော့မှ ငိုမှာမဟုတ်ဘူး"

"ကိုယ်ကတော့ မိန်းမတစ်ယောက်အတွက် မငိုမိပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် သေချာမပြောနိုင်ဘူး"

"အဲဒါဆိုရင် ရှင်ပျော့ညံ့တာပေါ့"

"ဖြစ်နိုင်ပါတယ်"

"ကျွန်မက ပျော့ညံ့တဲ့ယောကျ်ားမျိုး မကြိုက်ဘူး"

"ကြွေရုပ်ကြိုက်တဲ့ပုံစံက ကိုယ်မဖြစ်နိုင်ဘူး၊ အခု ကိုယ်သိသွားပြီ"

"အဲဒါ စိတ်ဓာတ်ကျတဲ့ စကားကြီးလား"

"မဟုတ်ဘူး. . . လုံးဝမဟုတ်ဘူး"

"မဟုတ်ရင်လည်း ပြီးတာပဲ၊ ကဲ . . . မျက်နှာကြီးက ဘယ်လိုဖြစ်သွားတာလဲ၊ ရှင်က ရုပ်ပြောင်လေးနဲ့ ပြုံးစိစိနေမှ ကြည့်လို့ကောင်းတာ သိရဲ့လား၊ သိပ်ဟဲဒီးတွေ မလုပ်ပါနဲ့၊ အရင်လိုပဲ ဆက်ခင်ကြမယ်နော်၊ တကယ်တော့ ရှင်နဲ့ လေးငါးရက်

လောက် မတွေ့ရဘူးဆိုရင် ကြွေရုပ်လည်း သတိရလာပြီ၊ အမှန်အတိုင်း 'ပြောတာနော်၊ ရောင့်မတက်နဲ့ဦး. . . ဟွန်း"

သူမက မျက်စောင်းလေးချိတ်ကာ မူမူနွဲ့နွဲ့လေး ပြောလျှင် တင်းထားသော အလင်းနီစိတ်တွေက သူမဖက် အလိုလို ပြန်ယိုင်ချင်လာသည်။

အချစ်ဆိုတာ တော်တော်ပြောရခက်တဲ့အရာပဲကွာ။





"လာ ထိုင် အလင်းနီ၊ တော်ကြာလောက်ဆို ဦးနေဟိန်း ရောက်လာလိမ့်မယ်၊ အန်တီတို့ကံကောင်းတယ် သိလား"

"ဘော့စ်အသစ်က ဘယ်လိုလဲ၊ သဘောကောင်းလား"

"စကားပြောတာဆိုတာ အရမ်းပြည့်တာပဲကွယ်. . . ဆက်ဆံရေးကလည်း နွေးနွေးထွေးထွေးပဲ၊ သူဌေးဆိုပြီး ဟိတ်ကြီး ဟန်ကြီး မရှိဘူး"

"အန်တီသန္တာတို့အကုန်လုံး အခြေအနေကောင်းတယ်ပေါ့"

"အေး. . . ဒီအတိုင်းပဲ ဆက်အုပ်ချုပ်ပေးပါတဲ့"

"ကျွန်တော်တို့ဖက်ကရော. . ."

"အဲဒါ ဒီနေ့ မင်းကိုပြောမယ် ထင်တယ်၊ မင်းနဲ့ ကောင်းထက်ကို ခေါ်ပေးဖို့ မှာထားတယ်"

"ဟာ. . စိုတ်တော်င်လှုပ်ရှားလာပြီ၊ ဘော့စ်က ဘယ်လို ဆုံးဖြတ်မှာလဲ၊ ဝန်ထမ်းတွေလျှော့ဖို့ ချိန်းဖို့ အစီအစဉ် ရှိတယ် ကြားလို့ မျက်ခုံးတွေ လှုပ်နေတာဗျ"

"စတက်ဖ်တွေထဲက လျှော့မယ်ထင်တယ်"

ဒီနှစ် ဟိုတယ်မှာ လူပါး၍ ဝင်ငွေနည်းလာတာမို့ မူလ ပိုင်ရှင်ဦးစိုးကျော်က လက်လွှဲရောင်းချဖို့ စီစဉ်တာဖြစ်သည်။

အန်တီသန္တာက ပြတင်းပေါက်မှ ကားစီတန်းသို့ လှမ်း မျှော်ကြည့်နေရင်းက သူ့ဖက်လှည့်၍ . . .

"မောင်လင်းရေ. . . ဦးနေဟိန်းကား ဝင်လာပြီဟေ့"

ပရာဒိုအဖြူတစ်စီး ဟိုတယ်ဝင်းထဲဝင်လာတာ လှမ်းမြင် ရသည်။ ကားပေါ်က ဆင်းလိုက်သော သူဌေးကို ဝန်ထမ်းအချို့ က ကြိုဆိုလိုက်၏။

ဦးနေဟိန်းသည် အနောက်တိုင်းဝတ်စုံမီးခိုးရောင်နှင့် ရှူးဖိနပ်အနက်ရောင်ကို စီးထားကာ စတိုင်လ်ကျကျခပ်မတ်မတ် လှမ်းဝင်လာ၏။





သူနှင့်ကောင်းထက်က ခေါင်းညွှတ်ခါးကိုင်း၍. . .

"မင်္ဂလာပါ အန်ကယ်လ်"

"အေး. . . မင်္ဂလာပါကွာ. . . ထိုင်. . . ထိုင်"

ဦးနေဟိန်းရှေ့က ဆိုဖာမှာ သူတို့ထိုင်လိုက်ကြသည်။

"မင်းတို့သိတဲ့အတိုင်းပဲ အန်ကယ်လ်က ဒီဟိုတယ်ကို လက်လွှဲယူလိုက်ပြီဆိုပေမယ့် တကယ်တမ်းလုပ်ငန်းအဝဝကို ကိုယ်တိုင်လုပ်ရမှာက မင်းတို့ပဲလေ မဟုတ်ဘူးလား။ ရက်စတော ရင့်အပိုင်းကိုလည်း မင်းတို့လက်ထဲပဲ ဆက်ပြီးအပ်မယ်၊ အရင် ထက် ပိုကြိုးစားပြီး အားကြိုးမာန်တက်လုပ်ပေးဖို့ အန်ကယ်လ် ပြောချင်တယ်၊ ကိုယ့်အလုပ်လို သဘောထားပြီး ဝန်ထမ်းမိသားစု တွေ စုစုစည်းစည်းနဲ့ တက်တက်ကြွကြွလုပ်ကြပေါ့ကွာ၊ လိုအပ် တာလည်းပြော၊ မင်းတို့လည်း အကြံဉာဏ်တွေပေးပါ။ လုပ်ငန်း တစ်ခု အောင်မြင်ဖို့ဆိုတာ အားလုံးနဲ့သက်ဆိုင်တယ်ကွ၊ အောက် ခြေကနေ ဟိုးအပေါ်ထိ စည်းကမ်းတိကျဖို့လည်း လိုတယ်၊ အန်ကယ်လ် အကျိုးအမြတ်ရလာရင် မင်းတို့လည်း အကျိုးရှိစေ ရမယ်၊ ဒါကိုတော့ စိတ်ချ"

ဦးနေဟိန်းသည် စကားပြော ပွင့်လင်းရိုးရှင်း၏။

မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်သည် စိတ်ရှည် သဘောကောင်းမည့်ပုံ ရှိသည်။

အလင်းနီသည် ထိုအန်ကယ်လ်ကြီးကိုကြည့်ရင်း တစ်နေရာရာမှာ မြင်ဖူးသလားဟု ထင်နေမိသည်။

ဦးနေဟိန်းရဲ့အမူအယာ စကားပြောပုံ လေယူလေသိမ်းတွေဟာ သူနှင့် စိမ်းမနေဘဲ ရင်းနှီးကျွမ်းဝင်ဖူးသလိုလို ဖြစ်နေပါသည်။

ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကို သူစဉ်းစားမရ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ရင်ထဲမှာရှိနေတဲ့ စိုးရိမ်ကြောင့်ကျမှုတွေ မရှိတော့ဘဲ သက်တောင့်သက်သာနှင့် ပေါ့ပါးစိတ်အေးသွားပါသည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်လ်"

ထိုစကားကို စိတ်ထဲက အမှန်တကယ် ဆိုမိတာ ဖြစ်သည်။



မိုးနယုန်က သူမ၏ဆံပင်အုပ်အုပ်ခဲခဲလေးများကို ခေါင်းလေးတစ်ချက်ဆတ်၍ ပင့်တင်လိုက်သည်။ ပြီးတော့ အလင်းနီကို မျက်လွှာလေး ပင့်ကြည့်လိုက်သည်။

အလင်းနီက ခပ်ပြုံးပြုံးဖြင့် သူမကို ငုံ့ကြည့်ကာ. . .

"ကဲ. . . မင်းလိုချင်တဲ့အလုပ် ငါပြောပေးလိုက်ပြီ၊ အခုငါ့ကို မုန့်ဝယ်ကျွေးတော့"

"ကျွေးမှာပေါ့. . . ခင်ဗျားကလည်း ဖြေးဖြေးပေါ့"

"လက်ငင်းစနစ်လေကွာ၊ ဖြေးလို့ ဘယ်ရမလဲ"

"ခင်ဗျား ဘာစားမလဲပြော. . . အခုသွားမယ်"

"ဒါဆို ကားပေါ်တက်"

နယုန်က ရှေ့ခန်းတံခါးကို ဆွဲဖွင့်၍ ခပ်တည်တည်ဝင်ထိုင်လိုက်ပါသည်။ သူ့ကို သူစိမ်းယောကျ်ားတစ်ယောက်ရယ်လို့ အကြောက် အလန့်အရှိန် တစ်စက်ကလေးမှပင် မရှိ။

သူမရဲ့ ငယ်ပေါင်းကြီးဖော် ဘော်ဒါအရင်းအချာကြီးပမာ ဟောဟောဒိုင်းဒိုင်းလည်း ပြောချတတ်သေးသည်။

"ကိုအလင်းရာ. . . ခင်ဗျားကားမောင်းတာ လိပ်လိုပဲ၊ နည်းနည်းလောက် အမြန်မောင်းလို့ မရဘူးလား၊ ကျွန်တော်က ဇိမ်ကျကျ စီးချင်တာ"

"ဗြော်မာ . . . အစကတော့ မင်းပဲ ငါ့ကို ကားမောင်းရမ်းသလေးဘာလေးနဲ့"

နယုန်က သွားစွယ်လေးတွေပေါ် အောင် ဟီးကနဲ ရယ်လိုက်ကာ. . .

"အဲဒါကတော့ အခြေအနေအရပေါ့၊ အခုက လမ်းရှင်းတယ်လေ. . . ပြဿနာမှမရှိတာ"

"ငါ့သဘောနဲ့ငါ မောင်းချင်သလိုမောင်းမယ်ကွာ၊ မင်းဆရာမလုပ်နဲ့"





"ခင်ဗျားကလည်း စကြောက်ပဲ၊ အလကားလူ"

"ဒါ ပြိုင်ကားမဟုတ်ဘူး"

"ကျွန်တော် မောင်းချင်လိုက်တာ"

"မင်း မောင်းတတ်လား"

"အေးဆေး. . ."

"လိုင်စင်ရောရှိလို့လား"

"နိုး"

"ကျွတ်. . . အဲဒါများ. . ."

"ခင်းဗျားကားကို ယူမမောင်းပါဘူး၊ စိတ်မပူပါနဲ့"

"အခု ဘယ်ကိုသွားမှာလဲ၊ အဲဒါအရင်ပြော"

"ခင်ဗျားက ဘယ်သွားချင်တာလဲ၊ နေဦး. . . ကျွန်တော် ဒီနေ့က ရွှေတောင်တန်းမှာ ကော်ပြန့်စိမ်းစားရတာ အရမ်းမိုက်တယ်၊ အဲဒါ အရင်သွားစားမယ်၊ မြို့ထဲဖက်ကို မောင်း"

သူမက ခပ်တည်တည် ညွှန်ကြားသည်။

ကားစီးတာလည်း ကောင်းကောင်းမစီး။ ကူရှင်ပေါ် ခြေထောက်တင်ကာ တင်ပျဉ်ခွေထိုင်စီးသတဲ့။

တစ်ခါမှ ဒါမျိုး မကြုံဘူး။

ပြီးလျှင် ဒက်ရှ်ဘုတ်ထဲက တိုလီမိုလီတွေကို ငိုးခနဲဇတ်ခနဲ ဖွင့်ကြည့်သည်။ ကိုင်တွယ်ကြည့်ရှုသည်။ ကက်ဆက်ရဲ့စီဒီပလေယာခလုတ်ကိုလည်း ဆောင့်ပြီး နှိပ်ဖွင့်၏။

သူထည့်ထားတဲ့ Rဇာနည် သီချင်းတစ်ပုဒ်က ခပ်ကျယ်ကျယ် ဆောင့်ခုန်ထွက်လာသည်။

*ကိုယ်ယူဆောင်လာမယ်. . . မင်းအတွက်ကိုပေါ့. . .*

*အဲဒါအချစ်အပြည့်နဲ့ ဘဝတစ်ခုပဲ. . . ဒီုး. . .*

*ယူပါမေ. . . ကံကောင်းခြင်းတွေကိုလေ. . .*

*ယူပါမေ. . . ဒါ ကိုယ့်လက်ဆောင်ပဲဟော့. . .*

*အား. . အား. . . .*

"ဟေ့ . . . မင်းဘယ်လိုဖြစ်တာလဲ . . . ကျွတ်"

သူ့အော်မှ တော်လျှုကို အမြန်လျော့၏။

"မင်းကွာ . . . ကလေးကျနေတာပဲ"

မိုးနယုန်ကတော့ နှုတ်ခမ်းလေးကိုထော်ပြီး ပြုံးကာ ပြောင်စပ်စပ်လုပ်ပြလိုက်သည်။

သူ့မျှား ကြောက်ပါဘူး. . . ထွက်ပေါ်နေတဲ့ သီချင်းတို့တောင် အော်ဆိုပစ်လိုက်သေးသည်။





*. . . ယူပါမေ. . . ကံကောင်းခြင်းတွေကိုလေ. . .*

*. . . ယူပါမေ. . . ဒါကိုယ့်လက်ဆောင်ပဲဟော့. . .*

အလင်းနီက သူ့မကို လက်လျှော့သလို နှုတ်ခမ်းကိုက်၍သာ ကြည့်မိတော့သည်။

ဘာလေးမှန်းမသိ. . . တစ်ချက်မှ ငြိမ်ငြိမ်မနေ။

မျှောက်ဝင်စားတာလား မပြောတတ်ပါဘူး။

မိုးနယုန်ကတော့ ကျေနပ်မြူးရွှင်နေပါသည်။

အလင်းနီကားထဲထိုင်မိတာနှင့် ဖွင့်လိုက်မိတဲ့ သီချင်းက "ကံကောင်းခြင်းလက်ဆောင်"။ ဒီတော့ နမိတ်ကောင်းသည်။

သူမအတွက်လည်း ကံကောင်းခြင်းတွေ လာတော့မည်။

အခုလောလောဆယ်ပဲ ကြည့်ဦး။ Asia Royal လို ဟိုတယ်ကြီးမှာ အလုပ်တစ်ခုရရှိသွားပြီ။

အမှန်တော့ ဟိုတယ်ဝန်ထမ်းဆိုပေမယ့် ဟိုတယ်ရှေ့က အမိုးချွန်လှလှနှင့် မျက်နှာစာလေးမှာ ထိုဟိုတယ်ကြီးရဲ့ နာမည်ကြီးလက်ရာ ချောကလက်ကိတ်တို့ စပျစ်သီးပေါင်မုန့်တို့ ပီဇာတို့ ခေါက်ဆွဲမုန့်တို့ ရောင်းချနေတဲ့နေရာလေးမှာ အရောင်းဝန်ထမ်း လုပ်ရမှာပါ။

ဦးထုပ်လေးဆောင်း ယူနီဖောင်းလေးဝတ်ပြီး တစ်နေ့ကုန် မုန့်ရောင်းပေးရမှာ၊ ဒါပေမယ့်လည်း သူမပျော်သည်။ အလုပ်ရှာမရသေးတဲ့ သူ့အတွက်တော့ ထိုနေရာလေးက မဆိုးပါဘူးလေ။ မဟုတ်ဘူးလား။

ဘာမှလည်း ပင်ပန်းတာ မဟုတ်။ လခလေးကလည်း မဆိုး။ ညမနက်စာလည်း ထမင်း ကျွေးဦးမှာ။

မေမေရေ. . .

ယုန်လေးကတော့ ဘဝကိုစပြီး Start လုပ်ပြီ။ မေမေ့သမီးအတွက် ဘာမှစိတ်မပူနဲ့။

သူမသည် ညကျ မေမေ့ဆီဖုန်းဆက်ရင်း ဝမ်းသာအားရ ပြောပြဖို့ စကားလုံးစီနေမိသည်။

နဘေးမှာ ခပ်အေးအေးကားမောင်းနေတဲ့ အလင်းနီ မျက်နှာကိုလည်း နှစ်လိုသဘောကျစွာ လှည့်ကြည့်မိ၏။

"ဘာကြည့်တာလဲကွ"

"အဟဲ. . . ခင်ဗျားက ချောလို့ ဖြူးငွေစိုးနဲ့ဆင်တာလား ဟိန်းဝေယံနဲ့ဆင်တာလား၊ ဒါမှမဟုတ် ငှက်ပျောကြော်နဲ့. . ."

"မင်းနော်. . . မင်း. . ."





"ဟား. . . ဟား. . . ဟား. . . ဟား"

သူ ရှုံ့မဲ့သွားသဖြင့် မိုးနယုန်က တဟားဟား ရယ်လိုက်သည်။ အမှန်ကတော့ သူ အတော်ဖြောင့်တာပါ။ ဘာမှပင် အပြစ်ပြောစရာမရှိသလောက် ဖြစ်နေသည်။

နယုန်သည် တကယ်တော့ ရုပ်ချောသဘောကောင်းတဲ့ ဘစ်ယောက်နှင့် အမှတ်မထင် ခင်ခွင့်ရသွားတာ။

သူက နယုန့်အပေါ် နည်းနည်းလည်း စေတနာသဒ္ဒါ ပေါက်ပုံရတဲ့အတွက် ပိုပြီး ဂုဏ်ယူမိသည်။

"ခင်ဗျား အခုကစပြီး ကျွန်တော့်အစ်ကိုလုပ်လိုက်၊ သွေးသောက်ရှမောင်နှမဖွဲ့မယ်"

"သူစိမ်းတွေလေကွာ. . သူငယ်ချင်းလောက်ပဲ ဖွဲ့စမ်းပါ"

"အင်းလေ. . . ဒါဆိုလည်း သူငယ်ချင်းပေါ့၊ ခင်ဗျားမှာ ည်စားရှိလား"

မိုးနယုန်က ကောက်ခါငင်ကာ ထမေးလိုက်၏။

အလင်းနီက မီးပွိုင့်မှာကားရပ်ရင်း နှုတ်ခမ်းစုပြုံးလိုက်သည်။

"ပြုံးပုံထောက်ရင်တော့ ရှိတဲ့ပုံပဲ"

သူမက မှတ်ချက်ချသည်။

"တော်တော်လှလား"

"နားညည်းနေတာပဲကွာ၊ လူလည်းအငြိမ်မနေဘူး

ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်နေတာပဲ"

"သိချင်လို့ပေါ့"

"မသိချင်နဲ့၊ ငါ ရည်းစား ရှိရှိမရှိရှိ မင်းကို စိတ်မကူးဘူး

ဒါဆို ပြီးရောပေါ့"

"အာ. . ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျားကို

ဘယ်သူက စိတ်ကူးမှာလဲ၊ နေရင်းထိုင်ရင်းဘဝင်သိပ်မမြင့်နဲ့"

မိုးနယုန် နည်းနည်းတော့ စိတ်တိုသွားရသည်။

တော်တော်ပစ်စလက်ခတ်ပြောတဲ့ လူကြီး။

ပေးထားပြီးသား အမှတ်တွေတောင် ပြန်နှုတ်ပစ်

စိတ်ပေါက်လာပြီ. . . အဟုတ်ပဲ။

"ကျိုပြောထားတာလေကွာ"

"ခင်ဗျားကို သူငယ်ချင်းမို့လို့ ခွင့်လွှတ်တာနော်၊ တော

တီးတောက်တဲ့စကားတွေ မပြောစမ်းပါနဲ့၊ ကျေးဇူးတင်နေတာ

လေးတွေတောင် ပျောက်သွားလိမ့်မယ်"





သူတို့ အခြေအတင်ပြောနေရင်းပဲ ကားက မြို့ထဲ

ဝါးတန်းလမ်းဖက် ရောက်လာပါပြီ။

အလင်းနီသည် ပါးစပ်ကသာ စိတ်မရှည်သလို ဘုတော

နေမိသော်လည်း သူကလေး စားချင်တဲ့ ကော်ပြန့်စိမ်းဆိုင်သို့

လိုက်ပို့ကာ သူကလေးနှင့် အတူထိုင်စားဖြစ်သည်။

ကော်ပြန့်စိမ်းတစ်လိပ်ကို ပါးစပ်အကျယ်ကြီးဟပြီး တစ်

လုပ်စာနှင့် ထိုးသွင်းစားပစ်သော ပလုပ်ပလောင်းပုံစံက ရယ်ရ

တာမို့ အလင်းနီက သူ့လက်ကိုင်ဖုန်း ထောင်ပြီး နယုန်စားတဲ့ပုံကို

အနီးကပ် ဓာတ်ပုံရိုက်လိုက်ပါသည်။

"ဝူး. . . ခင်ဗျား ဘာလုပ်တာလဲ"

ကော်ပြန့်စားရင်း မိုးနယုန်က မျက်နှာရှေ့လက်ဝါးကာ

သည်။ ဝူးဝူးဝါးဝါး တားမြစ်ပေမယ့် သူက ရအောင်ရိုက်ယူသည်။

ပြီးလျှင် ဖုန်းထဲက ပုံကိုပြန်ပြပြီး သူမကို စနောက်တာ

ရယ်မောသဘောကျနေမိ၏။

သူမနှင့်အတူရှိနေစဉ်ခဏမှာ သူ့စိတ်တွေဟာ လွတ်

လပ်ပေါ့ပါးပြီး ကြည်နူးရွှင်ပျရှိလှပေသည်။



"မေမေ. . . ယုန်လေးအလုပ်ရသွားတာ ဝမ်းမသာဘူး
လား"

"မေမေ့သမီးလေး ပင်ပန်းမှာပေါ့ကွယ်၊ ဒီမှာပဲ အေးအေး
ဆေးဆေးနေရင်ရရဲ့သားနဲ့. . . သမီးမရှိတော့ မေမေလည်း
လွမ်းနေတာ"

"ကြီးစုရှိသားပဲ မေမေရဲ့"

"သမီးကြီးစုက တရားဓမ္မနဲ့လေ၊ ဘယ်မှာစကားပြော
ဖော်ရလို့လဲ၊ သမီးလေးကသာ တီတီတာတာနဲ့ တစ်ချိန်လုံး
နားညည်းအောင်ပြောနေတော့ အခုအိမ်မှာ အသံတောင် မကြား
ရဲတော့သလိုပဲ"





"မေမေကလည်း. . နောက်ဆိုမေမေတို့လည်း ရန်ကုန်
ရောက်လာမှာပဲဟာ"

"ရန်ကုန်ဆိုလို့ ပြောရဦးမယ်၊ သမီးဖေဖေက ရန်ကုန်
မှာ ပြောင်းနေဖို့ စိစဉ်နေပြီလို့ ပြောတယ်"

"အလကား မေမေ၊ အခုမှခေါ်ဖို့ သတိရတာ လိုက်
မသွားနဲ့"

"သမီးနှယ် . . . . ပြောတော့မယ်"

"မေမေရယ် သေချာစဉ်းစားကြည့်စမ်းပါ၊ အဘိုးလောင်း
ကစားလုပ်တာနဲ့ပဲ ယုန်လေးတို့သားအမိကို ပစ်သွားရတယ်ဆို
တာ အဓိပ္ပာယ်ရှိသလား၊ ဒီလောက်နှစ်တွေအကြာကြီး ပစ်ထားပြီး
မှ ခွင့်လွှတ်ပါဆိုတိုင်း မေမေက လွယ်လွယ်ပြန်ခွင့်လွှတ်တာပဲ"

"သမီးလေး ဖေကြီးအပေါ် အဲလို မငြိုငြင်ရဘူးလေ၊
ဒါ လူကြီးတွေပြဿနာ ယုန်လေးနဲ့မဆိုင်ဘူး"

"ယုန်လေးကလည်း ဖေဖေ့ကို ကလန်ကဆန်လုပ်တာ
မဟုတ်ပါဘူးနော်၊ ဒါပေမယ့် မေမေစဉ်းစားကြည့်၊ မေမေတို့ကဲ
ခေါ်မိုးကြွေအိမ်မှာ သွားနေရမှာနော်၊ မေမေ ဘယ်လောက်စိတ်
ဆင်းရဲရမလဲဆိုတာ တွက်ကြည့်၊ ယုန်လေးတော့ အဲဒီအိမ်မှာ
ဘယ်နည်းနဲ့မှ လိုက်မနေနိုင်ဘူး. . . ဒါပဲ"

မိုးနယုန်က သူ့ဖက်က သဘောထားကို အရင်လိုပဲ ပြတ် ပြတ်သားသား ကြေညာသည်။

မိဘတွေရဲ့အိမ်ထောင်ရေး ပြဿနာ၊ လူမှုရေးပြဿနာတွေကို နယုန် နားမလည်ပေမယ့် ကိုယ့်အမေ မျက်နှာငယ်ရမှာအောက်ကျရမှာမျိုးကိုတော့ ဘယ်နည်းနှင့်မှ မလိုလား။

ဖေဖေက မေမေနှင့် လမ်းခွဲပြီးနောက်ပိုင်း ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်တဲ့ အန်တီဒေါ်မိုးကြေကို လက်ထပ်လိုက်တယ်ဆိုတာ သူမတို့ သတင်းကြားခဲ့သည်။

အဲဒီနောက်တော့ ဖေဖေ ကုမ္ပဏီထောင်ဖြစ်ပြီး စီးပွားရေးတွေလည်း အတော်ဖြစ်ထွန်းလာသည်။

နိုင်ငံခြားကိုလည်း နှစ်အတန်ကြာထွက်သွားခဲ့သေးသည်။

အခုနောက်ပိုင်းမှာတော့ ဘာတွေဘယ်လိုစိတ်ကူးပေါက်လို့ သူ့ဇနီးအသစ်နှင့် ဘယ်လိုညှိနှိုင်းသည်မသိ။ မေမေနှင့် နယုန်တို့ကို ပြန်ဆက်သွယ်သည်။

လိုအပ်တာတွေအားလုံးလည်း . . . ဖြည့်ဆည်းပေးသည်။





ဒီနှစ်အတွင်းမှာဆိုရင် မန္တလေးမှာ ကုမ္ပဏီခွဲတစ်ခု လာ ှင့်ရင်း သီတင်းတစ်ပတ် နှစ်ပတ်ထိ ဖေဖေ အိမ်မှာလာနေသည်။

မေမေနှင့်ကတော့ ပြေပြေလည်လည်ပင်။

အစကတည်းကလည်း ဖေဖေနှင့်မေမေက သူတို့ချင်း မုန်းလို့မဟုတ်ဘဲ၊ မိဘတွေရဲ့ပြဿနာကြောင့်သာ လမ်းခွဲဖြစ်ခဲ့ ဘာမို့ အခုလို ဖေဖေက ပြန်တောင်းပန်ချဉ်းကပ်လာသောအခါ ေမေမေကလည်း ဖေဖေ့အပေါ် နားလည်ခွင့်လွှတ်သည်။

ဒီအထိတော့ မိုးနယုန်လည်း လက်ခံသည်။

စိတ်ထဲမှာ ဖခင်အပေါ် အလိုမကျ ခုတုတုရှိခဲ့ပေမယ့် ကိုယ့်ဖခင်ရင်းနှင့် ပြန်နေခွင့်ရတာကိုတော့ နယုန်လည်း တိတ်တ ိး ကျေနပ်ခဲ့ပါသည်။

ဖေဖေ့ကို ဟက်ဟက်ပက်ပက် စကားမဆိုပေမယ့် သူမ ိတ်ထဲက ချစ်တာက ချစ်တာပါပဲ။

သို့သော် တကယ်တမ်း ဖေဖေ့မေတ္တာတွေ စောင့်ရှောက် ှုတွေ ဖြည့်ဆည်းပေးဆပ်ခြင်းတွေ တစ်ချိန်လုံး တောက်လျှောက် ုိလေသေးမရှိ အပြည့်အဝခံစားခဲ့ရတာက သူမတို့ သားအမိ ဟုတ်။

အန်တီဒေါ်မိုးကြွေတို့ သားအမိသာ ဖြစ်သည်။

သူတို့မှာ အခွင့်အရေး အပြည့်အဝရခဲ့သည်။

ရန်ကုန်မြို့ရဲ့ နေရာကောင်း သူဌေးရပ်ကွက်မှာ ခြံဝန်းကျယ်နှင့် ကြီးကျယ်ခမ်းနားသော တိုက်တာကြီးနှင့် နေထိုင်ခွင့်ရသည်။

မိုးနယုန်တို့ မန္တလေးမှာ နေရတာက သာမန်တိုက်ခန်းမကျဉ်းမကျယ်လေးနှင့်သာ။

ဖေဖေကတော့ သူ့စည်းစိမ်ချမ်းသာတွေမှမေမေ့ကိုလည်း ခံစားစေချင်ပုံရပါသည်။

သို့သော် ဖေဖေ့ဆုံးဖြတ်ချက်ကို နယုန်သဘောမကျ။

အန်တီဒေါ်မိုးကြွေတို့ ခြံထဲမှာပဲ သူမတို့သားအမိအတွက် နောက်ထပ်အိမ်သေးသေးတစ်လုံး ဆောက်၍ အတူနေစေမည်ဆိုတာ လက်မခံနိုင်။

နေရင်း . . ထိုင်ရင်း နယုန်တို့က အောက်မှာပေါ့။

သူတို့သဘောထားကလည်း ဘယ်လိုမှန်းမသိ။

ကြည်ကြည်လင်လင် မရှိမှာကတော့ သေချာသည်။

ဘယ်သူက လိုလိုလားလား ကြည်ကြည်ဖြူဖြူ ရှိပါ့မလဲ။





ကိုယ့်ကို မကြည်ဖြူ မလိုလားတဲ့ နေရာမှာ နယုန်ကတော့ မနေချင်ပါ။

သူမရဲ့စိတ်ထဲမှာ အောင့်သီးအောင့်သက် ခံစားရသည်။ ထိုသားအမိတွေနှင့်လည်း အတူတူတစ်ခြံတဝန်းထဲ မနေလို . . ။

နယုန့်မေမေကို သူတို့ခြူစုဝန်တိုမှာ နယုန်မခံနိုင်။

"ယုန်လေးရယ် . . . နေရင်းထိုင်ရင်း ဘာလို့ ဒေါသတွေ ဖြစ်နေရတာလဲ၊ ဖေဖေက မေမေတို့သားအမိတွေကို ကောင်းကောင်းနေရစေချင်လို့သာ ဒီလို စီစဉ်ပေးတာပါ၊ သမီးအထင်မလွဲနဲ့လေ"

"ဟွန်း . . . ယုန်လေးတို့က အဲဒီအိမ်မှာ စိတ်ချမ်းသာမှာလား၊ ဖေဖေ့ကို သူတို့ပဲ ပိုင်သလို လုပ်နေမှာပါ မေမေရယ်၊ နည်းနည်းပါးပါး မာနရှိစမ်းပါ၊ ဖေဖေ ခေါ်တာနဲ့ မေမေက ငေါက်ကနဲ သွားရမှာလား၊ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒ၊ ကိုယ်လုပ်ချင်တဲ့ ပုံစံကိုတော့ တောင်းဆိုရမှာပေါ့၊ ယုန်လေးတို့ မျက်နှာငယ်ရမှာ စိုးတယ်၊ မေမေ ဘာမှ မပူပါနဲ့၊ အခု ယုန်လေး အလုပ်ရပြီ၊ နောက်ဆို အဆင်ပြေတာနဲ့ မေမေနဲ့ကြီးစုကိုခေါ်မယ်၊ ယုန်လေး တစ်လှည့် လုပ်ကျွေးပြုစုမှာပါနော်"

"အမယ်လေး. . . ကြားရတာတော့ နားထဲမှာ အရသာ ရှိပါဘိ သမီးရယ်၊ ပြန်လုပ်ကျွေးမှာက နောက်ထား၊ အခု မုန့်ဖိုး ကုန်ပြီ မဟုတ်လား"

"ကုန်တာက ကုန်ပြီ. . . ဟီး. . . ဟီး. . ."

"မေမေ လူကြုံနဲ့ ထည့်ပေးလိုက်မယ်၊ စားစရာတွေရော ဘာပို့ရမလဲ"

"ဟင့်အင်း. . . ဒီမှာ အဆင်ပြေတယ်၊ မေမေ ဘာမှ မလုပ်ပါနဲ့၊ သူဇာ့မာမီကလည်း အရမ်းသဘောကောင်းပါတယ်၊ ယုန်လေးကြိုက်တဲ့ ဟင်းတွေချည်းပဲ ချက်ကျွေးနေလို့ အားတောင် နာနေတာ"

သူဇာ့မာမီနှင့် ယုန်လေးမေမေ ဒေါ်သက်ချိုက မန္တလေး တက္ကသိုလ်မှာတုန်းက သူငယ်ချင်းတွေ၊ ယုန်လေးနဲ့ သူဇာကျတော့လည်း ဟိုမှာတုန်းက ကျောင်းသွားဖော်တွေပါ။

သူဇာ ဆယ်တန်းအောင်ပြီးမှ သူတို့မိသားစုက ရန်ကုန် ပြောင်းလာတာ။

"အင်း . . . ဟုတ်လား၊ ကျေးဇူးတင်စရာပေါ့၊ သမီးနဲ့ ဖုန်းပြောပြီးရင် အန်တီထားနဲ့ မေမေ ပြောဦးမယ်နော်"





"ယုန်လေး လိမ္မာရဲ့လား၊ တောင်းတောင်းနေရဲ့လားလို့ မေးမလို့ မဟုတ်လား"

"အဟင်း. . . ဟင်း. . . တခြား ပြောစရာတွေလည်း ရှိသေးလို့ပါ သမီးရယ်"

မေမေက ရယ်သံနှင့် ဖြေသည်။

မိုးနှယုန်သည် မေမေ့ထံ တစ်ရက်ခြားလောက်တော့ ဖုန်းမှန်မှန် ဆက်သည်။ ဒီက အဖြစ်အပျက်၊ အကျိုးအကြောင်း တွေကို အကုန် ပြန်ပြောပြသည်။

သို့ပေမယ့် အလင်းနီ ကားနှင့် တိုးမိသလို ဖြစ်သွားသော လျှော်ကြေးသွားတောင်းတာတွေကိုတော့ မေမေဆူမှာစိုးသို့ အသိ မပေး။

မိုးနှယုန် အသာလေး မြုံကာ လျှို့ဝှက်ထားသည်။

အခုလည်း အလင်းနီ အကူအညီနှင့် အလုပ်ရတာကို ထိန်ချန်၍ သူမဘာသာ သွားလျှောက်လို့ ရလာသလိုလို ဟိုမတူ သည်မကျ ပြောထားသည်။

ကလေးဆန်သော၊ စိတ်ကောက် စိတ်ဆိုးလွယ်သော မိုးနှယုန်ကို မေမေက စိတ်မချ။

ဒါကြောင့်မို့ အရင်တုန်းကဆို ရန်ကုန်သွားချင်ပါတယ် ပူဆာလည်း မေမေက မလွှတ်။ အခုတော့ ဖေဖေ့အပေါ် မကျေနပ်၊ အလိုမကျ၍ နယုန်ဘာသာ အလုပ်ရှာဖွေမည်ဆိုတာကို ပြောမရလို့ ခွင့်ပြုလိုက်တာ ဖြစ်သည်။

နယုန်ကလည်း တကယ်ပင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၍ ကိုယ်ပိုင်ဝင်ငွေနှင့် ရပ်တည်ချင်ပါသည်။

ဖေဖေ့အပေါ် မျှော်လင့်အားကိုး မနေဘူးဆိုတာလည်း ဖေဖေ သိစေချင်သည်။

ပြီးတော့ ဖေဖေ့အိမ်မှာ လိုက်မနေချင်ဘူးဆိုတာလည်း သူမက ဖေဖေသိအောင် ဆန္ဒပြချင်သေးတာ အမှန်။

တစ်ခါတစ်ခါတော့ မန္တလေးအိမ်လေးကို လွမ်းသည်။

သူမကို ဖူးဖူးမှုတ်မတတ် အလိုလိုက် အကြိုက်ဆောင်တတ်တဲ့ မေမေနှင့် ကြီးကြီးစုကို သူမ နေ့တိုင်း သတိရသည်။

ဒါပေမယ့် ဒီကို ထွက်လာပြီးမှတော့ ကိုယ့်မာနနှင့်ကိုယ် ဖြစ်အောင် နေပြချင်သည်။

မိုးနယုန်ဟာ ကိုယ့်ဘဝကိုယ် ရပ်တည်နေထိုင်ရဲသော မိန်းကလေးတစ်ယောက်သာ ဖြစ်ချင်သည်။





ဖေဖေ့စည်းစိမ်တွေကိုလည်း သူမအနေနှင့် ထူးထူးခြားခြားကြီး မျှော်လင့်စိတ်ကူးမထားတာ အမှန်။

မေမေနှင့် အန်တီထား ဖုန်းပြောကြစဉ်မှာ မိုးနယုန်က မလှမ်းမကမ်းမှာ အချဉ်ထုပ်စားရင်း တီဗွီကြည့်ရင်း တစ်ဖက်က နားစွင့်ထားပါသေးသည်။

ယုန်လေးကို မပြောတဲ့ ရှေ့ရေးရှေ့ရာ အစီအစဉ်တွေကို မေမေက သူ့သူငယ်ချင်း အန်တီထားနှင့်တော့ ပွင့်ပွင့်လင်းလင်း တိုင်ပင်တတ်သည် မဟုတ်လား။

မေမေကိုယ်တိုင် ဖေဖေ့အစီအစဉ်ကို ကျေနပ်လက်ခံသလား နယုန် သိချင်သည်။

မေမေက နဂိုကပင် စိတ်ထားနူးညံ့ကာ သဘောမနောကောင်းသူမို့ ဖေဖေ့အစီအမံတွေကို စောဒကတက်ရဲမည်တော့ မထင်ပေ။

နယုန်ကသာ စောဒကတက်ဖို့ ကန့်ကွက်ဖို့ ငြင်းဆန်ဖို့ ဆန္ဒတွေ ပြင်းပြနေတာ ဖြစ်သည်။

မေမေ့လေသံ နားထောင်ရတာတော့ သူမဖက်က ရပ်တည်မည့်ပုံ မရှိလှ။

သူဇာနှင့် တိုင်ပင်ရတော့လည်း . . .

သူဇာက . . .

"ဘာဖြစ်လဲ . . . သွားနေလိုက်ပေါ့ နင့်အဖေ အခုလို ပြန်ခေါ်ပြီး စုစုစည်းစည်း နေကြမယ်ဆိုတာ ကံကောင်းလို့မှတ်"

ဟုပင် ပြောသေးသည်။

သို့သော် မိုးနယုန်ကတော့ ခေါင်းမာမာဖြင့် ဟင့်အင်းဆို ဟင့်အင်းပဲ . . . ဒါပဲ . . .။



ခြံဝင်းထဲက မြေပုံမှာ တိုက်ပုလေးတစ်လုံး ထပ်ဆောက်နေတာ ခြောက်လခန့်ကြာသွားပြီမို့ ပြီးစီးသလောက် ရှိနေပြီ။

အချောသတ်ဖို့ လက်စသပ် အလှဆင်ဖို့ပဲ ကျန်တော့သည်။

ကြွေရုပ်သည် ဝရံတာလေးမှာ ရပ်ရင်း မာမီ့မျက်နှာကို ကြည့်မိသည်။

မာမီကလည်း ခြံထောင့်က တိုက်သစ်လေးဆီ လှမ်းကြည့်ပြီး တစ်စုံတစ်ရာကို တွေးတောနေပုံရ၏။

"မာမီ"

"ဟင်. . ."

"အိမ်ပြီးတော့မယ်နော်. . ."

"အေးလေ. . ."

"ဒက်ဒီက ဘာပြောသေးလဲ"

"မပြောပါဘူး. . ."

"အိမ်ပြီးရင် ဟိုသားအမိကို တကယ်ခေါ်လာမှာတဲ့လား မာမီ၊ ဒက်ဒီက သူ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးတဲ့လား"

"မသိပါဘူး သမီးရယ်. . ."

ဒေါ်မိုးကြွေက ပင့်သက်တစ်ရှိုက်နှင့် ခပ်လေးလေး ဖြေသည်။

"ဝတ်မှုံကတောင် မေးနေတယ်၊ အဲဒီ တိုက်သစ်က ဘာလုပ်ဖို့လဲတဲ့၊ ဘယ်သူ လာနေမှာလဲတဲ့"

"သမီး ဘယ်လို ပြောလိုက်လဲ"

"ဒက်ဒီအမျိုးတွေ နယ်ကလာရင် သီးသီးသန့်သန့် လွတ်လွတ်လပ်လပ် နေရအောင် ဆောက်ထားပေးတာလို့ ပြောလိုက်တာပေါ့"

"အမျိုးတွေလို့ ပြောတယ်"





"အင်းလေ. . ."

"တစ်နေ့ရောကနေ သိသွားနိုင်တာပဲ သမီးရဲ့၊ ဘာလို့ ညာနေမလဲ"

"အို . . . သူ့ဘာသာ သိကာမှသိရော၊ ကြွေရုပ်ကတော့ အမှန်အတိုင်းချည်း အားလုံး လျှောက်ပြောမနေချင်ပါဘူး"

တကယ်တော့ မာမီက ဒက်ဒီရဲ့ ဒုတိယဇနီးပါ။

အခုတော့ ပထမဇနီးကို ဒက်ဒီ ရန်ကုန်ခေါ်ဖို့ စီစဉ်နေပြီ။ အဲဒါ ပြဿနာပဲ။

ကြွေရုပ်သည် မာမီ့ဖက်ကပါလာသော မယားပါသမီးတစ်ယောက်ပါ။ သို့ပေမယ့် ဒက်ဒီက ငယ်ငယ်ကလေးကတည်းက သူမကို ချစ်ခင်အလိုလိုက်ပြီး သမီးရင်းတစ်ယောက်နှင့်မခြားပြည့်စုံခမ်းနားစွာ ထားသည်။

သူမ လိုချင်တာဆို နှစ်ခါ မပူဆာရ။

တစ်သက်လုံး ကိုယ်ပဲ တစ်ပင်တိုင် မင်းသမီးလေးလို ဒီအိမ် ဒီခြံကြီးမှာ တစ်ဦးတည်းသော သမီးအဖြစ် အလိုလိုက်၊ အကြိုက်ဆောင် ဦးစားပေးခံရသူမို့ အခုလို ဒီခြံထဲမှာ တခြားမိသားစုတစ်ခု လာနေမှာ ကြွေရုပ် မလိုလား။

"ဒက်ဒီကလည်းနော်. . . သူတို့ဟာ သူတို့ မန္တလေးမှာ နေတဲ့ အကောင်းသားကို၊ ဒက်ဒီလည်း သွားသွားတွေ့နေတာပဲဟာ၊ အလကားသက်သက် ဒီကို မရအရ ခေါ်နေတယ်"

"မသက်ချိုကလည်း ဒီကို မလာချင်ဘူးလို့ ငြင်းသတဲ့၊ သူလည်း မာမီနဲ့ မျက်နှာချင်းဆိုင်ဖို့ ခက်ခဲတယ်နဲ့ တူပါတယ်"

"မာမီကရော အဲဒီ ဒေါ်သက်ချိုကို ဒီမှာ လာနေစေချင်လို့လား"

"ဒါကတော့ကွယ် . . . သမီးဒက်ဒီ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေ၊ သူလည်း အသက်ထောက်လာပြီဆိုတော့ ဒီမှာ မိသားစုတွေ သိုက်သိုက်ဝန်းဝန်း နေသွားချင်တယ်နဲ့ တူပါတယ်"

မာမီက လေသံပျော့ပျော့လေးနှင့် ဒီလိုပဲ ဒက်ဒီအပေါ် အဆုံးစွန် နားလည်ပေးနေကျ။

ဒီဇနီးသည်ကလည်း ဦးနေဟိန်းအပေါ် အင်မတန် အလိုက်သိသိ၊ မယားဝတ္တရား ကျေအောင် ပါရမီဖြည့်ဆည်းချင်တဲ့သူလေ။

အရာရာ ခင်ပွန်းသည်သဘော။ သူ ကြိုက်ကြိုက်မကြိုက်ကြိုက် ခေါင်းညိတ်လက်ခံလိုက်လျှော့ဖို့ ဝန်မလေး။





တကယ်ဆို ဒေါ်သက်ချိုတို့ သားအမိကို တခြားမှာ ထားပါလားလို့ တစ်ခွန်းလောက်ပဲဖြစ်ဖြစ် မာမီ ပြောသင့်သည်။

ဒက်ဒီမှာ ငွေကြေးအင်အားလည်း အလုံအလောက်ရှိနေတာပဲဥစ္စာ။

ကြွေရုပ်ရင်ထဲ အလိုမကျနိုင်အောင် ဖြစ်နေမိသည်။

ဒက်ဒီကလည်း ဒက်ဒီပဲ။

ဘာလို့ အတူတူ တစ်နေရာတည်း နေစေချင်ရတာလဲ။

ကြွေရုပ် နှုတ်ခမ်းလေးစူလျက် မျက်နှာလေး မှုန်တင်းထားမိသည်။

"သမီးလေး စိတ်ရှုပ်နေတာလား"

"အင်းပေါ့. . . မာမီရဲ့"

"လူကြီးတွေကိစ္စပဲ သမီးရယ်၊ ခေါင်းထဲ မထားပါနဲ့၊ ခါတိုင်းလိုပဲ သမီးစိတ်တိုင်းကျ ပျော်ပျော်နေ၊ ဘာမှ စိတ်အနှောက်အယှက် ဖြစ်မနေနဲ့၊ ခုလောလောဆယ် သူတို့လည်း ရောက်လာသေးတာမှ မဟုတ်ဘဲ၊ သမီးဒက်ဒီလည်း စီစဉ်မှာနဲ့ဘာနဲ့ ကြာဦးမှာပါ"

မာမီက သူ့စိတ်ထဲ သူ့ဘာသာ အချိန်ဆွဲထားတာ။

ဒက်ဒီကဖြင့် အိမ်ပြီးတာနှင့် သွားခေါ်လာမှာ မြင့်ယောင်သေး။ အခုလည်း လတစ်လမှာ မန္တလေးမှာ တစ်ဝက်၊ ဒီမှာ တစ်ဝက်လို နေတာပဲဟာ။ တစ်ခါတလေ ဟိုမှာနေတဲ့ရက်တောင် ပိုများသေးတာ။

တစ်စုံတစ်ယောက်နဲ့ ခွဲဝေယူထားရတဲ့ မေတ္တာတရားကို မာမီမို့လို့ ကျေနပ်နှစ်သိမ့်နိုင်တာ။

ကြွေရုပ်သည် မာမီ့ကို တစ်ခါတလေ နားမလည်။

"မာမီရယ်. . . မာမီရော ကြိတ်ပြီး စိတ်ဆင်းရဲ မနေဘူးလား"

"စိတ်မဆင်းရဲပါဘူး. . . မာမီတို့က နေတတ်သွားပြီ သမီးရဲ့၊ လောကကြီးမှာ လူတွေဟာ ကိုယ်ဖြစ်စေချင်သလို အရာရာမှာ ကိုယ့်စိတ်တိုင်းကျ မဖြစ်နိုင်ဘူးလေ၊ ဖြစ်နေသမျှကိုပဲ လက်ခံရောင့်ရဲရတာ မဟုတ်လား၊ ကိုယ် မရနိုင်တာတွေအတွက် စိတ်ပင်ပန်းခံမယ့်အစား ကိုယ့်မှာ ရှိတာတွေကိုပဲ တန်ဖိုးထားတတ်အောင် ကြိုးစားရတာပဲ၊ သမီးဒက်ဒီက မာမို့အပေါ် အစစအရာရာ ကောင်းပါတယ်ကွာ၊ သူက ယောကျ်ားကောင်း တစ်ယောက်ပါ"



မာမီကိုယ်တိုင်က အကောင်းမြင်ပေးတတ်လို့ပါ။

ပထမဇနီးကို ပြန်ဆက်သွယ် ပတ်သက်နေတာ တခြားမိန်းမတစ်ယောက်ဆို နားလည်ကြည်ဖြူနိုင်ပါ့မလား။

မာမီကိုက သဘောထားကြီးတာပါ။

ကြွေရုပ်သာဆို ဒီလို သဘောထား မကြီးနိုင်မှာ သေချာသည်။ ကိုယ်ချစ်တဲ့သူကို ကိုယ့်အနားမှာပဲ နေစေချင်သည်။

သူမအာရုံထဲမှာ အလင်းနီမျက်နှာကို ဖျပ်ကနဲ မြင်ယောင်မိ၏။ အလင်းနီသာ တခြားတစ်ယောက်ကို ချစ်သွားရင် ရောဟု မဆီမဆိုင် တွေးတော ပူပန်လိုက်မိသည်။

အခုအချိန်ထိ အလင်းနီကို ထိတိကျကျ အဖြေမပေးသေးဘဲ သူငယ်ချင်းသာသာ ကလေးသဘောထားခဲ့မိတာ သူမအတွက် တစ်ချိန်ချိန် နောင်တရစရာများ ဖြစ်သွားနိုင်သလား။

အနာဂတ်ကာလကို မှန်းဆ၍မရ။

အရာရာကို ပေါ့ပေါ့ဆဆ သဘောထားကာ ပျော်ပျော်နေတတ်သော အလင်းနီကို သူမ သိပ်ပြီး စိတ်တိုင်းမကျတာ အမှန်။ ကြွေရုပ်က ယောကျ်ားလေးတစ်ယောက်ကို ဘိဇိနက်မင်းနှင့်ဖြစ်မှ သဘောကျတာ။

ဖက်ဒီလိုမျိုး စီးပွားရေးကို ဉာဏ်ကောင်းကောင်းနှင့် ကြိုးစားပမ်းစား လုပ်တတ်မှ အမှတ်ပေးချင်တာ။

အလင်းနီက သာမန်မျှသာ။ အလုပ်အကိုင် ရှိတယ်ဆို ပေမယ့် ဒါက ကိုယ်ပိုင် မဟုတ်ဘူးလေ၊ ကြီးပွားချမ်းသာဖို့လမ်း ကို သူ မရှာဘဲ မန်နေဂျာ ရာထူးလောက်နှင့် ရောင့်ရဲနေတာကို ကြွေရုပ် သဘောမကျ။

သူ့မှာ အရည်အချင်း ရှိတာတော့ အမှန်ပါ။

သို့သော် အဲဒီအရည်အချင်းကို သူ ကောင်းကောင်း အသုံးမချတတ်သေးဘဲ ဘဝကို သက်တောင့်သက်သာ မျှော လိုက်နေတယ်ဟု ကြွေရုပ်ဖက်မှ ထင်မိသည်။

သူ့ကို လက်ခံဖို့ စဉ်းစားလျှင် ဒီအတိုင်း လက်ခံလို့တော့ မဖြစ်။ သူနှင့် ဆွေးနွေးတိုင်ပင်ရလိမ့်မည်။ ပြီးလျှင် ဖက်ဒီနှင့် လည်း မိတ်ဆက်ပေးရလိမ့်မည်။

ကြွေရုပ်က စိတ်ကူးလေးတွေ ယဉ်ကာ စဉ်းစားနေမိ သည်။ အလင်းနီဆိုတာ သူမနံဘေးမှာ အမြဲတမ်း ခစားနေမယ့် သူလို့ ယုံကြည်နေမိသည်။





မနက်ဖြန် အောဖ်ရတဲ့နေ့ဖြစ်တာမို့ ဒီညတော့ စောစော ိုးစီး အိပ်ရာဝင်ဖို့ မလို။

နယုန်သည် ဖျင်းဖျင်းရှိသည်နှင့် ဗွီဒီယိုခွေဖြစ်ဖြစ်၊ ား အုပ်ဖြစ်ဖြစ် ငှားရမ်းဖို့ ရည်ရွယ်ကာ လှေကားမှတစ်ယောက် ာည်း ဆင်းလာပါသည်။

သူမတို့ အခန်းဖက်က တံခါးဖွင့်သံနှင့် သိပ်မခြားဘဲ ဘေးချင်းကပ်ရက် အခန်းကလည်း တံခါးပွင့်လာပါသည်။

ရေချိုးပြီးစ မွှေးကြိုင်ရှင်းသန့်စွာ ထွက်လာသူက ရဲဇော် ြစ်သည်။

သူ့ရှေ့ကနေ တဒိုင်းဒိုင်း ပြေးဆင်းသွားတာ မိုးနယုန်ဆိုတာ သူ သိသည်။

နယုန်ဟာ မိန်းကလေးပီပီသသ ယဉ်စစလေး လှုပ်ရှားတတ်သူ မဟုတ်။ တံခါးဆို ဒိုင်းကနဲ အသံမြည်အောင် ပိတ်မည်။ လမ်းလျှောက်ရင်လည်း ခြေလှမ်းကျဲကျဲနှင့် လွှားကနဲ၊ လွှားကနဲ လှေကားဆို အထစ်ကျော်ပြီး ခုန်တက်တတ်သူ။

နယုန်တစ်ယောက် ဘယ်လိုပြုမူနေထိုင်တတ်သလဲ၊ အား တွေကို ကြိုက်တတ်သလဲ ရဲဇော် ကောင်းကောင်းသိသည်။

သိဆို အန်တီထားက သူ့အဒေါ် အရင်း. . .။

အန်တီထားတို့ မန္တလေးမှာ နေထိုင်စဉ်ကပင် သူ ကျောင်းပိတ်ရက်ဆို မန္တလေး သွားလည်တတ်တာမို့ မိုးနယုန်တို့ သားအမိတွေနှင့် သိကျွမ်းခင်မင် ရင်းနှီးခဲ့တာ။

သူက သူဇော့အစ်ကိုဝမ်းကွဲတစ်ယောက် ဖြစ်တာမို့ နယုန်က သူ့ကို အစကတော့ ခပ်ရှိန်ရှိန်။ နောက်တော့လည်း တစ်တစ်စ သူငယ်ချင်းလို ပြောရဲဆိုရဲ ဖြစ်လာတာ။

အခု အန်တီထားတို့အိမ်မှာ သူမ လာနေတော့ ရဲဇော်လည်း တိတ်တခိုး ဝမ်းသာမိသည်။





မိုးနယုန်ဟာ မိန်းကလေး မပီသဘူးဆိုပေမယ့် ဖြူစင်ပွင့်လင်းပြီး ရိုးသားသူလေးမို့ သူ့ဖက်က သဘောကျ နှစ်လိုမိတာ အမှန်။

နယုန်နဲ့ စကားပြောချင်ရင် ဟိုဖက်ခန်း ကူးသွားလို့ရသည်ဆိုပေမယ့် သူက အပြင်မှာပဲ အေးအေးဆေးဆေး စကားထိုင်ပြောချင်တာ။

ရဲဇော် လှေကားအောက်ရောက်တော့ ခြေလှမ်းမြန်တဲ့ နယုန်ဟာ ကာကီရောင်ဘောင်းဘီ သရီးကွာတားလေးနှင့် တီရှပ်အဖြူလေး ဝတ်ကာ ဟပ်ဖ်ရှူးလေးနှင့် သွက်သွက်လက်လက် လမ်းထိပ်ဖက် ဦးတည်လျှောက်နေပြီ။

"ရွှတ်. . . ရွှတ်"

သူ လှမ်းခေါ် ပေမယ့် ကြားပုံမရ။

ရဲဇော်လည်း သူမနောက်က ခပ်မြန်မြန် လိုက်ခဲ့ရ၏။

လမ်းထိပ်ရောက်လျှင် ညာဖက်ချိုးသည်။ ပြီးတော့ လမ်းကူးသည်။

ကားမီးရောင်တွေကြားမှာ လုစ်ကနဲ ဖြတ်ကူးသွားတာ။

ရဲဇော် နောက်က ပါလာတာကို သူမ မသိ။

ဟိုဖက် ပလက်ဖောင်းထောင့်လေးမှာ ပြောင်းဖူးပြုတ်တို့ မြေပဲပြုတ်တို့၊ ဖရဲသီးတို့ ဘာဘာညာညာ သရေစာလေးတွေ ရောင်းတဲ့ဆိုင် ရှိသည်။

အဲဒီဆိုင်ရှေ့ ခြေလှမ်းရပ်၍ နယုန်က ပြောင်းဖူးတစ်ဖူး ဝယ်သည်။ ပြီးလျှင် သကြားပြောင်းဖူးကို ချိုမချို အစေ့လေးတစ်စေ့ အရင်ဆုံး ကိုက်ဖြုတ်စားကြည့်၏။

"ဟော့ . . . ကောင်မလေး. . ."

"ဟာ . . . ကိုရဲ. ."

"နင် ဘယ်သွားမလို့လဲ"

"မုန့်ထွက်ဝယ်စားတာပေါ့၊ ကိုရဲ ဝယ်ကျွေးမလို့လား"

"အေး. . . ကျွေးမယ်"

ရဲဇော်က ပြောင်းဖူးဖိုးပိုက်ဆံထုတ်ပေး၏။

"ကိုရဲ"

"ဟေ"

"ဒီနားမှာ ဘယ်ဆိုင်အခွေစုံလဲ၊ မြန်မာကားပဲကြည့်ချင်တာ. . . ဟာသကားလေး ဘာလေး. . ."

"ဟိုဖက်လမ်းထဲက ဆိုင်မှာရှိတယ်"





"အဲဒါဆို သွားငှားရအောင်"

"ငါက အဖော်လိုက်ပေးရမှာလား"

"လိုက်ချင်လိုက်ပေါ့၊ ကိုရဲက ဘယ်သွားဖို့ထွက်လာတာလဲ"

"လက်ဖက်ရည်ဆိုင်"

အစကတော့ လက်ဖက်ရည်ဆိုင်ပဲထိုင်ဖို့ ရည်ရွယ်တာ။ အခုတော့ သူ စိတ်ကူးပြောင်းသွားပြီ။

ပလက်ဖောင်းပေါ်က လူစည်ကား ရှုပ်ထွေးနေတဲ့ဆိုင်မျိုး မထိုင်ချင်တော့ပေ။

မိုးနယုန်နဲ့ အေးအေးဆေးဆေးထိုင်လို့ရတဲ့ စားသောက်ဆိုင်တစ်ခုခုကို ရွေးချင်လာသည်။

ရှေ့နည်းနည်းထပ်လျှောက်ရင်တော့ ကျယ်ဝန်းသားနားပြီး ဆိတ်ငြိမ်လှပတဲ့စားသောက်ဆိုင်လေးတစ်ခုရှိသည်။

သို့ပေမယ့် သူမအရင် အခွေငှားပါစေဦး. . .

ရဲဇော်က လမ်းချိုးထဲမှ အခွေငှားဆိုင်သို့အရင်လိုက်မို့သည်။ ပြီးမှ ခွေငှားပြီး ပြန်ထွက်လာတော့. . .

"နယုန် ထမင်းစားပြီးပြီလား"

"အင်း. . ."

မိုးနယုန်က ပြောင်းဖူးကိုက်စားမပျက် ခေါင်းညိတ်သည်။

"ငါ ထမင်းမစားရသေးဘူးဟာ ဗိုက်ဆာနေပြီ"

ရဲဇော်ဖက်သို့ နယုန်က မျက်လုံးနက်ဆန်လေးရွှေ့ကြည့်လိုက်သည်။

ကောက်ကာငင်ကာ ဗိုက်ဆာတယ်လို့ ပြောတာဘာကြောင့်လဲ. . . နယုန့်အိမ်ပေါ်က ဆင်းလာလို့ သူလည်း ဆင်းလိုက်လာတာလား။

သူ့ဇာက ညဖက်ဆို အိမ်မှာသီချင်းနားထောင်တာ ကွန်ပျူတာဂိမ်းဆော့တာနှင့် အပြင်မထွက်ချင်ဘူးဆိုတာမို့ သူမက တစ်ယောက်တည်း ထွက်ရတာ။

ဒီလိုအချိန်မှာ နယုန့်ဘေးနားရောက်လာတဲ့ ကိုရဲကို သိပ်မသက်သာချင်။

"အခု အိမ်ပြန်မှာပဲဟာ"

"ဟာ. . . အိမ်က ဟင်းတွေမစားချင်ပါဘူး၊ ဆိုင်မှာ တစ်ခုခုသွားစားရအောင်၊ လိုက်ခဲ့ပါလား နယုန်၊ နင်ပါတော့ စကားလေးဘာလေး ပြောရတာပေါ့"





"ကိုရဲ့သူငယ်ချင်းတွေရော"

"အလကား . . . ဒီကောင်တွေကို မခေါ်တော့ဘူး၊ ရှုပ်ဘယ်"

"ဒါဆို ကိုရဲ ဘီယာတော့ မသောက်ရဘူး"

"ဟ. . . ငါသောက်မလား၊ နင်ပါတာပဲ၊ ဒီလောက်တော့ သိပါတယ် နယုန်ရဲ့. . ."

ရဲဇော်က တခါတရံဘီယာသောက်တတ်တာ သူမသိနေ၍ ကြိုတင်တားမြစ်ထားလိုက်တာဖြစ်သည်။

နယုန့်စိတ်ထဲလည်း ဇဝေဇဝါ။

ယောကျ်ားလေးတစ်ယောက်နဲ့ညဖက်အပြင် အတူတူလိုက်ခဲ့တာ ကောင်းပါ့မလား။

အို. . . ဘာဖြစ်လဲနော်. . .

သူက အန်တီထားရဲ့ တူအရင်းပဲ. . .

သူမအတွက် သူစိမ်းတရံစာမှ မဟုတ်တာ။

ငြင်းပယ်လို့ မကောင်းတတ်တာမို့ မိုးနယုန်က ပလက်ဖောင်းလေးအတိုင်း ကိုရဲ့နှင့်အတူ လျှောက်လာခဲ့သည်။

ရဲဇော်ကတော့ ကိုယ့်နဘေးကို ပြုံးငုံ့ကြည့်လျှက်သဘောကျ ရင်ခုန်နေမိပါသည်။

နယုန်နှင့်အတူ ယှဉ်တွဲလျှောက်လာရတာ သူ ပျော်သည်။

ရင်ထဲမှာ ကျေနပ်နေမိသည်။

နယုန်ကတော့ လမ်းမပေါ်ဟိုဒီငေးကာ ပြောင်းဖူးတစ်ဖူးကုန်အောင်စားရင်း အေးအေးလူလူ လမ်းလျှောက်နေတာ။

စိတ်ထဲမှာလည်း ဘာရယ်ညာရယ်ရှိပုံမရ။

ရဲဇော်မှာသာ ကိုယ်ကမရိုးတော့ စိတ်တွေလှုပ်ရှားနေမိသည်။

သူ့နှုတ်ခမ်းတွေကလည်း အလိုလို ရယ်ဟာဟာဖြစ်နေမိ၏။

အလှမီနီယံနှင့် မှန်ချပ်ကြီးများဖြင့် အလှဆင်ထားသော ရက်စတောရင့်လေးသို့ရောက်လျှင် မိုးနယုန်က ဝင်ဝင်ချင်းစားပွဲမှာပင် အသာဝင်ထိုင်လိုက်၏။ ထိုစားပွဲက လမ်းမပေါ်ကို မြင်နေရသည်။

သူမရှေ့ မျက်နှာချင်းဆိုင်ခုံမှာ ရဲဇော်က ထိုင်လိုက်၏။ ပြီးလျှင် မီနူးကတ်ကို ကြည့်ပြီး. . .

"နယုန် ဘာစားမလဲ"





"ဟင့်အင်း"

"တစ်ခုခုတော့ စားပါ။ ဆီချက်ခေါက်ဆွဲကြိုက်တယ်မဟုတ်လား"

သူက နယုန့်အကြိုက်ကို မှတ်ထားသလိုဆို၏။

နယုန့်အတွက် ဆီချက်မှာပေးသည်။

ရဲဇော်လည်း ဆီချက်ပဲ။ သူ ဗိုက်ဆာနေတယ်ဆိုတာ သိပ်မဖြစ်နိုင်။ ခေါက်ဆွဲကို မစားချင်သလိုစားချင်သလိုနှင့် နယုန့်မျက်နှာကို စိုက်ကြည့်နေတာ။

ဒီည ကိုရဲကြီးတစ်ယောက်ဘယ်လိုဖြစ်ပါလိမ့်။

သူ့အကြည့်တွေက တောက်ပရီဝေနေသည်။ နူးညံ့ပျော့ပျောင်းနေသည်။

ခေါက်ဆွဲကို တူနှစ်ချောင်းနှင့်အသာလိပ်ယူပြီးမှ နှုတ်ခမ်းလေးဟကာ သပ်သပ်ရပ်ရပ်စားနေသော နယုန့်ကို သူ ပြုံးကြည့်နေမိရင်း . . .

"နယုန်က အလုပ်ဝင်ပြီးမှပိုပြီးလူကြီးဆန်လာသလိုပဲ"

"ဟင်. . . ဒီအတိုင်းပါပဲ၊ အလုပ်ဝင်တာ ဘာများကြာသေးလို့လဲ"

"ဒါပေမယ့် ပြောင်းလဲသွားတယ်ကွ"

"ကိုရဲထင်လို့ပါ"

သူ့အမြင်မှာတော့ မိုးနယုန်ဟာ နေ့ချင်းညချင်းပိုပြီး ချစ်စရာကောင်းလာတယ် ထင်မိတာပဲ။

မိုးနယုန်က သူ့အကြည့်ငေးငေးကို မသိချင်ယောင်ဆောင်၍ ခေါက်ဆွဲကိုသာ ခေါင်းငုံ့စားနေမိသည်။

မိန်းကလေးပီပီ ကိုရဲရဲ့ပြောင်းလဲလာသောတစ်မျိုးသော အကြည့်ကို အလိုလိုသိသည်။

သူ ဘာဖြစ်သွားတာလဲ. . .

အရင်ကတော့ သူဇော့လိုပဲ နယုန့်အပေါ်လည်း ညီမလေးတစ်ယောက်လို ရိုးရိုးပဲပြောဆိုဆက်ဆံခဲ့တာ။

ဒီညမှာပဲ နယုန် ကိုရဲကို သံသယဝင်ရမလိုဖြစ်လာပါသည်။

ပြီးတော့ သူ့မှာ ရည်းစားရှိတယ်လေ။

ဝင်းဝင်းပပနှင့် အလှမယ်တစ်ယောက်လို ကိုယ်လုံးကိုယ်ပေါက်အရမ်းလှတဲ့ ဝင်းပပဆိုတဲ့ အမျိုးသမီး။

"ကိုရဲ၊ ကိုရဲရဲ့ မပပရော"





သူတိတရကောက်မေးလိုက်တော့ ရဲဇော် ဖျတ်ခနဲ မျက်နှာတစ်ချက် ပျက်သွားသည်။

ဟုတ်သည်။ အရင်ကတော့ သူ့အာရုံတစ်ခုလုံးဟာ ပပဆီမှာပဲလေ။ လောကကြီးမှာ ကိုယ့်ရည်းစားလောက်ဘယ်ကောင်မလေးမှ လှတယ် မထင်။

ပပအနားမှာ ခစားနေရတာပဲ အားလုံးပြီးပြည့်စုံပြီထင်ဘာ။

ဒါပေမယ့် ဝင်းပပက သူထင်သလိုမဟုတ်။ ဘဝရည်မှန်းချက် မြင့်မားသည်။

အမြင့်ကို မျှော်မှန်းသည်။

သူ့ကို တွဲရုံသာတွဲပြီး လက်ထပ်ဖို့ မရည်ရွယ်။

သူ့ကို ခိုင်းဖတ်တစ်ယောက်လောက်သာ သဘောထားတယ်ဆိုတာ သူ နောက်မှသိသည်။

"ပပနဲ့ငါနဲ့ပြတ်သွားပြီ"

"ဟင်. . : ဘယ်တုန်းက ပြတ်တာလဲ"

"နှစ်လလောက်တော့ ရှိပြီ"

"ဩော်. . . ဒါဖြင့် ကိုရဲ အသည်းကွဲနေတာပေါ့"

ရဲဇော်က ခေါင်းမညိတ်။

အသဲကွဲတယ်လို့ သူဝန်မခံချင်။ မိန်းမတစ်ယောက်ထ
သူ့ကိုထားသွားခဲ့တာ သူမကျေနပ်။

"ကိုရဲရယ်. . . ဘာဖြစ်လို့လဲ၊ ပြန်ချော့လိုက်ပေါ့၊ မပ
က သဘောကောင်းမယ့်ပုံလေးပါ"

"ချော့လို့ရတဲ့ ပြဿနာမျိုးမဟုတ်ဘူး။ နင်မသိဘူး နယု
သူက သဘော်အရာရှိတစ်ယောက်နဲ့ စေ့စပ်တော့မှာ. . ."

"ဩော်. . . ဒီလိုလား"

"ငါလည်း သူ့ကို မေ့လိုက်ပါပြီဟာ"

"ကိုရဲ တကယ်ရော မေ့နိုင်လို့လား"

"ငါတို့နှစ်ယောက် ဖူးစာမရှိဘူး"

သူက ကြေကြေကွဲကွဲ ရေရွတ်သည်။ ဒီလိုတော့လည်
နယုန်က ကိုရဲကို ကရုဏာသက်မိသလိုဖြစ်သွားပါသည်။

ချစ်သူက ထားရစ်ပြီးနောက်တစ်ယောက် တွဲသွားတာ
ကိုရဲ အတော်ခံစားရမှာပဲ။

ဒါကြောင့် ဟိုတလောက ဘီယာတွေနေ့တိုင်းသောက်
တာတီးပြီး သီချင်းတွေပေါက်ကွဲဆိုနှင့် သူရင်ကွဲနာဖြစ်နေတာ





"ငါက ငါ့အပေါ်တကယ်ချစ်မယ့် ကောင်မလေးတစ်
ယောက်ပဲ လိုချင်တယ်၊ ပပလို မလှရင်လည်း ကိစ္စမရှိဘူး။ ဖြူစင်
း်သားရင် တော်ပြီဟာ"

"အားမလျှော့ပါနဲ့ . . . တွေ့လာမှာပါ"

ရဲဇော်က နယုန့်မျက်နှာလေးကို အဓိပ္ပာယ်မပါပါကြည့်
သည်။ အမြဲတမ်း ဖြူစင်ရိုးသားပြီး ၊ အပြစ်ကင်းနေတာ နင်ပဲ
နယုန်။

အဲဒါကြောင့် နင့်ကို ငါ အရမ်းသဘောကျတယ်။

"တွေ့နေပြီ ဆိုရင်ရော"

"ဟင်. . ."

နယုန်က မျက်မှောင်လေး ကုပ်သွားသည်။ အရင် ရည်း
းနဲ့ ပြတ်တာ ဘာမှလည်း မကြာသေးဘဲ နောက်တစ်ယောက်
တွေ့ထားပြီတဲ့။

လက်ထဲက တူကို ချထားလိုက်ကာ နယုန်က တစ်သျှူး
လေးကို လှမ်းဆွဲသည်။

ရဲဇော်က အသင့်ယူထားသော တစ်သျှူးခေါက်လေးနှင့်
မရဲ့ ဆီပေနေသော နှုတ်ခမ်းကို ဖျပ်ကနဲ လှမ်းသုတ်ပေးသည်။

မမျှော်လင့်သော အပြုအမူမို့ နယုန် ရုတ်အမ်းမျက်နှာပူ စွာ မျက်နှာလေး အလိုလို နောက်ဆုတ်မိသည်။

သူဇာ့အစ်ကိုဆိုပေမယ့် သူမ ဒီလောက်ထိ မရင်းနှီးတာ အမှန်။

ကလေးလိုလို ဘာလိုလိုနှင့် သူ့ရှေ့မှာ အထင်ကြီးစရာ မရှိလို့များ ဒီလို ပိုင်စိုးပိုင်နင်း ဆက်ဆံရဲတာလား။

"ရပါတယ်. . . နယုန့်ဘာသာ သုတ်မယ်"

အလင်းနီက ဆိုင်ထဲ လှမ်းဝင်မလို ပြင်ရာမှ ရုတ်တရ ခြေလှမ်းတုန့်သွားသည်။

ရှေ့ဆုံး အဝင်ဝက စားပွဲမှာ ထိုင်နေတဲ့ စုံတွဲကြော သူ့မျက်လုံးတွေ မယုံနိုင်အောင် အံ့အားသင့်သွားရသည်။

မိုးနယုန်. . .။

သားသားနားနား လူရွယ်တစ်ယောက်နှင့် တရင်းတ စကားပြောဆို စားသောက်နေတာ။

သူ ကြည့်နေမိခိုက်မှာပဲ အမျိုးသားက နယုန့် နှုတ်ခ လေးကိုပင် တစ်သျှူးနှင့် တယုတယ သုတ်ပေးလိုက်တာ မြ သည်။





သူ့ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘဲ ဟာကနဲ ဖြစ်သွား ရ၏။ မျက်လုံးတွေတောင် ပြာသွားသလို အငိုက်တမိ။

ဒီကောင်မလေးကွာ. . . ကြည့်စမ်း. . .

ရင်မဆိုင်ရဲသလို အလင်းနီက ကျောခိုင်းလိုက်၏။

သူ့နောက်က ပါလာသော ညီညီက. . .

"ဘာဖြစ်လို့လဲ အလင်း"

"ဒီဆိုင် မစားချင်တော့ဘူး"

"မင်းပြောတော့ ဒီဆိုင်ပဲ ကောင်းလွန်းလို့ဆို"

"အေး. . . ဟုတ်တယ်၊ ဒါပေမယ့် အခုမကောင်းဘူး၊ ဘစ်ခြားဆိုင်သွားမယ်. . . ဒါပဲ"

ရှေ့ကနေ ခြေလှမ်းကျဲနှင့်ကားဆီပြန်လျှောက်တာနှင့် သို့ညီလည်းဘုမသိဘမသိနှင့်အပြေးအလွှားနောက်ကပါလာရ၏။

ဒီကောင်ဘာဖြစ်သွားတာလဲ။

မျက်နှာထားကလည်း မှုန်တင်းတင်းကြီးနဲ့။

ကားထဲ ဖျတ်ခနဲဝင်ထိုင်၍ တံခါးပိတ်ကာ တပြိုင်နက် ၁က်နှိုးလိုက်သဖြင့် ညီညီပင် အူယားဖားယား အပြေးထိုင်လိုက် ရ၏။

"ဘာလဲကွာ. . . အသည်းအသန်နဲ့"

အလင်းနီလည်း ပြုန်းခနဲပေါက်ကွဲသွားတဲ့သူ့စိတ်ခံစားမှုကို သူ လိုက်မမီ။

"သရဲသဘက်တွေ့တာ ကျနေတာပဲ"

ညီညီ့စကားကြောင့် ခေါင်းညိတ်ရင်း. . .

"အေး. . . သရဲနဲ့သဘက်ပဲကွ"

"ဘယ်သူမို့လဲကွာ၊ မင်းရဲ့ကြွေရုပ်ကိုနောက်တစ်ယောက်နဲ့ တွေ့လို့လား"

ညီညီကလည်း ဒီကောင့်ပုံစံကို ကြည့်မရသဖြင့် ရွဲ့မေးလိုက်ပါသည်။ သူ တုန်လှုပ်စရာ ဒါပဲ ရှိတာပဲ။

အလင်းနီအကြောင်း အစင်းသိ. . .။

ကြွေရုပ်ကို ဒီကောင်ကြွေနေတာ ကြာပြီ. . .။

"ကြွေရုပ်က ဒါမျိုးလုပ်မလား"

ညီညီ မျက်ခုံးပင့်လိုက်မိကာ. . .

"ဒါဖြင့် ဘယ်သူလဲကွ"

"နယုန်"

"ဩော်. . . မင်းအလုပ်ရှာပေးလိုက်တဲ့ကောင်မလေး"





ခုတလော ထိုကောင်မလေးတစ်ယောက်ကို အလင်းနီအတော် ဦးစားပေးဂရုစိုက်နေသည် မဟုတ်လား။

"သူက ရည်စားနဲ့လား"

"မသိပါဘူးကွာ. . . ဟုတ်မှာပေါ့"

အရေးမကြီးသလို ပြောလိုက်သော်လည်း အလင်းနီအာရုံထဲမှာ စောစောက မြင်လိုက်ရတဲ့မြင်ကွင်းကို မမေ့။

ချာတိတ်မလေးရဲ့ နှုတ်ခမ်းထူအိအိ ဖောင်းဖောင်းကိုအကောင် ပိုင်နိုးပိုင်နင်းတို့ထိ. . .

"ဟုတ်တော့ရော ဘာဖြစ်လဲကွ၊ အဲဒီပေါက်ကျော်မကသူဟာသူ ခပ်ကဲကဲလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

အလင်းနီက နှုတ်ဆိတ်နေသည်။

ဟုတ်ပါတယ် နယုန်ရယ်။ တကယ်ဆို မင်းရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စ အလင်းနီနဲ့ ဘာမှမဆိုင်ဘူး။

"နယုန်က အဲလိုတော့ မကဲပါဘူး"

"သူ့မြင်တဲ့စနဲ့ မင်းကဘာဖြစ်တာလဲ၊ ဒါဆိုရင် . . ."

"ငါနဲ့ပက်ပင်းကြီးတိုးနေရင် သူရှက်သွားမှာစိုးလို့ပါ"

အလင်းနီ အကြောင်းပြချက်ကို ညီညီ မယုံ။

ရှက်မှာစိုးလို့ နောက်ကြောင်းလှည့်တာဟုတ်ပါ့မလား

"အလင်းနော်. . . အလင်း. . ."

ညီညီက အမိပ္ပာယ်ပါပါ ရေရွတ်၏။

"မင်း အဲဒီ ချာတိတ်မလေးအပေါ် ရိုးရောရိုးရဲ့လား"

"သွားစမ်းပါ။ ဒါလေးကို ငါက ဘာမရိုးစရာရှိလဲ၊ င ကြွေရုပ်ကိုပဲ ကြိုက်တာ၊ မင်း မသိဘူးလား"

"ကြွေရုပ်က မင်းအပေါ် အင်တင်တင်လေကွာ၊ ကြ တော့ မင်းစိတ်ရှည်နိုင်ဦးမှာလား၊ ဟို ချာတိတ်မလေးနဲ့တ လက်ပွန်းတတီးနေ့တိုင်းမြင်နေတွေ့နေတာလေကွာ၊ သံယောဇဉ် ဖြစ်ဖို့ လွယ်တာပေါ့"

"သံယောဇဉ်ဖြစ်လည်း ဒါလေးကို ခေါင်းထဲ မထည့်ဘူးကွာ၊ အမိပ္ပာယ်မရှိတဲ့ ပေါက်ကရတွေနဲ့ ငါ့ကို လာစားမနေနဲ့"

အလင်းနီရဲ့စကားကြောင့် ညီညီက ခေါင်းတဆတ်ဆတ် ညိတ်ရင်း. . .

"အေးလေ. . . မင်းကို စောင့်ကြည့်ရသေးတာပေါ့"

ဟု ဆိုလိုက်သည်။



အလုပ်ပြန်ဆင်းဖြစ်တဲ့နေ့မှာ မိုးနယုန်က ဟိုဝါယယ်ကို ရောက်ရောက်ချင်းပဲ အလင်းနီကို ရှာဖွေသည်။

မနေ့က နယုန် ဖုန်းဆက်တာကို သူ မကိုင်။

သူ့လက်ကိုင်ဖုန်းကို စက်ပင် ပိတ်ထားလိုက်သေးသည်။

အရင်ကဆို နယုန် အော့ဖ်ရတဲ့နေ့ဆို သူက နယုန့်ကို လာခေါ်မည်။ ပြီးလျှင် တစ်ခုခု သွားစားရင်း စကားစမြီ ပြောမည်။ ပြီးလျှင် အတော်ကြီးကြာမှ အိမ်တိုင်ရာရောက် ပြန်ပို့ပေးမည်။ အဲဒါတွေ မနေ့က သူ ဘာမှမလုပ်ဘဲ ပျောက်ချက်သား ကောင်း နေသည်။

ဒါကြောင့် နယုန့်ရင်မှာ ဘဝင်မကျ။

မနေ့က တစ်နေ့လုံးလည်း ဖုန်းဆက်မရတော့ ပိုကသိကအောက် ဖြစ်ရသည်။

ဒီနံနက်တော့ သူ့ကို မေးဖို့ ရှာနေတာ။

သူ့ကားကိုတော့ ပါကင်မှာ လှမ်းတွေ့ရသည်။ လူကသာ ပျောက်နေတာ။

မိုးနယုန်သည် ကိုယ့်အတွက် နားနေရန် သတ်မှတ်ထားသော နောက်ဘက်အခန်းလေးထဲသို့ ဝင်လာပြီး ဟိုတယ်ရဲ့ ယူနီဖောင်းကို လဲလှယ် ဝတ်ဆင်လိုက်သည်။

သူတို့ရဲ့ မုန့်အရောင်းကောင်တာလေးမှာ မိန်းကလေး ငါးယောက်၊ ယောကျ်ားလေး နှစ်ယောက်ရှိသည်။ နယုန်နှင့် ကျန်သုံးယောက်က မုန့်အရောင်း၊ ကျန်တစ်ယောက်က ငွေကိုင်၊ ယောကျ်ားလေး နှစ်ယောက်က မုန့်အသယ်အချနှင့် လိုတာ ဝိုင်းလုပ်ပေးရတာမို့ ထိုခုနစ်ယောက်မှာ မောင်နှမတွေလို ချစ်ခင်စည်းလုံးကြသည်။

နယုန်က နောက်မှ ဝင်လာပေမယ့် သူတို့က နယုန့်အပေါ် လိုလားဖော်ရွေကြသည်။





"ဟိတ်. . . ယုန်လေး၊ ဒီနေ့ စောသားပဲ"

လှမ်းဝင်လာတဲ့ မြမြခိုင်က သူမကို နှုတ်ဆက်သည်။

"ကားကြုံနဲ့ လိုက်လာလို့ အဆင်ပြေသွားတာပေါ့"

"ဘရိတ်ဖတ်စ် စားပြီးပြီလား"

"အင်း. . ."

"မြမုန့်ဟင်းခါး ဝယ်လာတယ်၊ အတူတူ စားရအောင်"

. . "နယုန် ဗိုက်ပြည့်နေပြီ မြရဲ့၊ ခဏလေးနော်. . . ဟိုဖက်ကို တစ်ချက် သွားကြည့်ဦးမယ်"

"ရတယ်. . . သွား. . . သွား"

ဟိုဖက်ကို ဆိုတာနှင့် မြမြခိုင်က သဘောပေါက်သည်။ ပြုံးစိစိနှင့် ခေါင်းညိတ်သည်။

အချိန်လေးရလျှင် နယုန်က ဟိုဖက် ရက်စတောရင့်ဘက် ကူးတတ်သလို မန်နေဂျာကြီးကလည်း ဒီဖက်ကို ရောက်ရောက်လာတတ်သည်။

သူတို့ကတော့ ကိုအလင်းနီနဲ့ တရင်းတနှီး ရှိလှတဲ့ သူမကို အားကျ သဘောကျသည်။ ညနေအပြန်ဆို ကိုအလင်းနီကကားနှင့် လိုက်ပို့ပေးတတ်တော့ ပို အဆင်ပြေသည်။

မြမြခိုင်တို့အားလုံးဟာ ဟိုတယ်ရှိရာ မြို့နယ်တွင်းမှာပဲ နေကြတာမို့ ကြိုပို့ စီစဉ်ပေးခြင်း မရှိ။ ကိုယ့်အစီအစဉ်နှင့်ကိုယ် လာရတာ မဟုတ်လား။

အခုတော့ အသစ်ဝင်ရောက်လာတဲ့ မိုးနယုန်ရဲ့ မျက်နှာနှင့် တစ်ခါတစ်ရံ ကိုအလင်းနီကားကို ကပ်စီးခွင့်ရသည်။

မြမြခိုင်က နယုန် ထွက်သွားရာဆီ လှမ်းကြည့်နေမိ၏။

နယုန်သည် အလင်းနီကို တွေ့သည်နှင့် အပြေးလေးပင် အနားသို့ သွားကာ. . .

"အလင်း. . ."

ဝမ်းသာအားရ နှုတ်ဆက်သည်။ အလင်းနီက အပြုံး အရယ် မရှိ။

သူမကို ခပ်တည်တည်ကြီး ကြည့်သည်။

မျက်နှာကြောက တင်းမှတင်း။

သူမ တအံ့တသြလေး မျက်နှာငယ်သွားမိ၏။

"ဘာကိစ္စလဲ"

မေးခွန်းကလည်း ခပ်ပြတ်ပြတ်။

"မနေ့က ဖုန်းဆက်တာလည်း မကိုင်ဘူး"





"ငါ မအားဘူး၊ အခုလည်း ကိစ္စရှိသေးတယ်၊ အကြောင်း မရှိရင် မင်းနေရာမှာ မင်းနေ၊ ဒီကို မလာနဲ့"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ဘူး၊ မင်းသွားတော့"

စကားဆုံးတာနှင့် သူက လှည့်ထွက်သွားသဖြင့် နယုန် အနောက်က ပြေးလိုက်ကာ သူ့အကျႌစကို ဆွဲထားရင်း. . .

"ခင်ဗျား ဘာဖြစ်တာလဲ၊ ကျွန်တော့်ကို ဘာတွေ ပေါက် နေတာလဲ"

အလင်းက နယုန် ဆွဲထားတဲ့ သူ့အကျႌစကို ပြန်ဆွဲယူပြီး လက်ဖျားနှင့်ပင် တောက်ခါလိုက်သေးတာမို့ နယုန့်မျက်နှာလေး ရဲကနဲ ဖြစ်သွားရ၏။

မြတို့လည်း လှမ်းကြည့်နေတော့ အကြီးအကျယ် ရှက် သွားမိသည်။

သူ နယုန့်ကို ဒီလို ဆက်ဆံရက်တာကိုလည်း မယုံနိုင် အောင် ဝမ်းနည်းရသည်။

နယုန်ဟာ သူ့မျက်နှာကြောင့် သူ့ကို အားကိုးပြီး ဒီ ဟိုတယ်ကို ရောက်လာရသူပါ။

"ဘာမှမဖြစ်ဘူး၊ မင်းအလုပ်ကို မင်းသွားလုပ်. . . ဒါပဲ"

"ခင်ဗျားကို ကျွန်တော် ဘာလုပ်မိလို့လဲ"

"စကားမရှည်စမ်းပါနဲ့ကွာ၊ သူများတွေ ကြည့်နေပြီ"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလဲ၊ ပြော. . ."

"မင်းနဲ့ စကားပြောစရာကို မရှိတာ. . .၊ နောက်လည်း ငါတို့ ခပ်ကင်းကင်းနေတာပဲ ကောင်းမယ်၊ မင်းဘာသာမင်း ကြွေရရနေပါ နယုန်၊ အခုနလို ငါ့အကျီတွေဘာတွေ ဆွဲထား တာတွေ နောက်မလုပ်နဲ့၊ ငါလည်း ယုန်ထင်ကြောင်ထင် အထင် မခံနိုင်ဘူး"

"ခင်ဗျားကို ဘယ်သူက ယုန်ထင်ကြောင်ထင်လို့လဲ"

"အပိုတွေ ထပ်မပြောနဲ့၊ မင်းနဲ့ ပြဿနာ မဖြစ်ချင်ဘူး"

"ခင်ဗျားက နေ့ရင်းထိုင်ရင်း ဘလိုင်းကြီး ပြဿနာရှာနေ တာ"

"မင်း ထင်ချင်သလိုထင်၊ ငါ့ကို ဇယားတွေ လာမရှုပ်နဲ့၊ ဒါပဲ. . ."

"ကြီးကျယ်လိုက်တာ"

နယုန် မကျေမနပ် ရေရွတ်ကျန်ခဲ့သည်။





သူက ခြေလှမ်းကျဲနှင့် အထဲဖက် ဝင်သွားတာကြောင့် သူမလည်း ပွစိပွစိ ရေရွတ်ရင်း ဒီဖက်ကို ပြန်လျှောက်ခဲ့သည်။

အလင်းနီ ဘာကြောင့် သူမကို စိတ်ဆိုးနေသလဲဆိုတာ ဘယ်လိုမှ တွေးလို့ မရပေ။

မိုးနယုန်သည် ကိုယ့်အလုပ်ကိုယ် ဟန်မပျက် လုပ်နေရ သော်လည်း ထိုနေ့တစ်နေ့လုံး စိတ်အနှောက်အယှက် ဖြစ်နေရ သည်။

အလင်းနီသည် ကားသော့ကို လက်ထဲ ဆော့ကစားကာ လျှောက်လာရင်း မုန့်ကောင်တာလေးဆီ လှမ်းကြည့်သည်။ အားလုံး သိမ်းပြီးလို့ မီးတွေတောင် ပိတ်ထားပြီ။

ကောင်မလေးတွေလည်း ဘယ်သူမှ မရှိကြတော့။ ပြန်ကုန်ပြီ ထင်သည်။

သူလည်း မနက်ကကိစ္စကြောင့် နယုန်နှင့် ရင်မဆိုင်ချင်သလို ဖြစ်မိကာ တမင် နောက်ကျမှ အပြင်ထွက်လာတာ။

စိတ်မပါသော ခြေလှမ်းတွေနှင့် ကားဆီ လျှောက်ပြီး ကားတံခါးသော့ ဖွင့်ဝင်လိုက်သည်။





သူ့ကားတောင် နည်းနည်း ဖုန်တက်နေပြီ။

မနက်ဖြန်ကျမှပဲ သူ့တပည့်တစ်ယောက်ကို ကားဆောင်ခိုင်းရဦးမည်ဟု တွေးလိုက်သည်။

စက်နှိုင်း မောင်းထွက်လာပြီး ဟိုတယ်ရဲ့ ထွက်ပေါက်ရောက်ကာနီးမှ. . .

"ဟာ . . ."

သူ့နှုတ်မှ အာမေဋိတ်သံပင် ပြုမိ၏။

ကားဘရိတ်ကိုလည်း နင်းလျက် တုံ့ကနဲ ရပ်ပစ်လိုက်မိသည်။

သူ့ကားနောက်ခန်းထဲမှာ ကိုယ်ကလေးပုပြီး ပုန်းလျှိုးကွယ်လျှိုး လိုက်လာတဲ့ နယုန့်မျက်နှာလေးက မရဲတရဲနှင့် မချိမချဉ် ပြောင်စပ်စပ်။

"ငါ့ကားပေါ် ဘာလို့ တက်ပုန်းနေတာလဲ"

"ခင်ဗျားကလည်းဗျာ. . . အလန့်တကြားနဲ့ ဒီကားက ကျွန်တော် လိုက်စီးနေကျပဲဥစ္စာ"

"မင်း အခုဆင်း. . ."

"မဆင်းပါဘူး. . ."

"ကျွတ် . . . မင်း ဘယ်လိုမိန်းကလေးလဲ"

"အလင်း အိမ်ပြန်မှာပဲ မဟုတ်လား။ မောင်းစမ်းပါ"

အလင်းနီသည် ကားတံခါးကို လော့ခ်မချမိတဲ့ သူ့ကိုယ်သူပဲ စိတ်တိုရမလို။ သူမကိုပဲ ပစ်ပစ်ကာကာ ပြောပစ်ရမလိုနှ တကယ်တမ်း နယုန်မျက်နှာချိုသွေးလိုက်တော့လည်း စိတ် နည်းနည်းပြေချင်လာသည်။

ဟိုတယ်တံခါးဝကနေ ကားကို ဆက်မောင်းလာခဲ့မိ

"ကျွန်တော် စောင့်နေတာအကြာကြီးပဲ၊ ခင်ဗျား ထွက်လည်း မလာဘူး"

"မင်းကို မတွေ့ချင်လို့"

"ဘာလို့ မတွေ့ချင်တာလဲ"

"မင်းနဲ့ ရင်းရင်းနှီးနှီးပတ်သက်မိတာကိုက ငါ့အမှား"

"မမှားပါဘူး"

"မင်းတစ်ခု နားလည်ထားဖို့ လိုတယ် နယုန်၊ ရည်းစား ရှိပြီးသား မိန်းကလေးတစ်ယောက်က တစ်ခြားယောကျ်ားလေး တစ်ယောက်ကို တရင်းတနှီးနဲ့ သူငယ်ချင်းလို ပေါင်းလို့မရတော့ ဘူး၊ ဒါအနေးအမြန် မင်းတို့နှစ်ယောက်ကြားမှာ ပြဿနာဝင်လို





မယ်၊ အဲဒီကျရင် ဘာဖြစ်မလဲ၊ ငါပဲ သိက္ခာကျမယ်၊ ငါပဲ အထင် သေးခံရမယ်၊ အဲဒီတော့ . . ."

"ဟိုးထား. . . နေဦး၊ အလင်းပြောတာ နားမရှင်းလို့ ဘယ်သူက ရည်းစားရှိပြီးသား မိန်းကလေးဖြစ်နေလို့လဲ"

"မင်း ရှူးချင်ယောင်မဆောင်နဲ့"

"အာ. . . ဘာလဲ၊ လူကို ဘလိုင်းကြီးစွပ်စွဲနေပါလား"

"ဟောဒီ မျက်စိနဲ့မြင်တာ"

အလင်းနီက ကားမှန်ထဲမှတဆင့် ကြည့်ကာ ပြောလိုက် သည်။

မိုးနယုန်မှာ မျက်မှောင်လေးကုပ်လျှက်. . .

"ဘာမြင်တာလဲ"

"မင်းရည်းစားနဲ့. . ."

"ဟင်. . . မဟုတ်တာ၊ ဘာမှာမြင်တာလဲ၊ ခင်ဗျားတော့ လူမှားပြီ ထင်တယ်"

". . . . . ဆိုင်မှာ အကြည်ဆိုက်နေတာလေ၊ ဘာငြင်း ဦးမလဲ"

နယုန်က ထရယ်မိကာ. . .

"အထင်တော့လွဲပြီ၊ အဲဒါ အိမ်ချင်းကပ်ရက်က အစ်ကို"

"ဘာအစ်ကိုလဲ၊ မင်းမှာဘယ်တုန်းက အစ်ကိုရှိလိုက်တာ လဲ၊ မင်းပြောတော့ တစ်ဦးတည်းသောသမီးဆို"

"အစ်ကိုဆိုတာ သူဇော့အစ်ကိုပါ၊ မန္တလေးမှာကတည်းက ခင်တာ၊ နယုန်လည်း အစ်ကိုလိုပဲ သဘောထားတာ"

"ဟား. . . ဟား. . . တော်တော်ရယ်ရတာပဲ၊ မင်းရဲ့ အစ်ကိုက လူမြင်ကွင်းမှာကြင်နာတာတော့ နည်းနည်းမျက်စိရှိုး တာပေါ့ကွာ၊ မင်းက ကလေးမို့လို့ မင်းနှုတ်ခမ်းပေတာကို သူက သုတ်ပေးရတာလား"

"ဟာ. . . ခင်ဗျား"

နယုန်သည် သူ့စကားကြောင့် အတော်ရှက်သွားရ၏။

တိုက်တိုက်ဆိုင်ဆိုင် ဒါကို သူမြင်ရသလား။

ရုတ်တရက် ဘယ်လိုပြန်ဖြေရှင်းရမှန်းတောင်မသိ၍ နယုန့်မျက်နှာတွေ ပူနွေးသွားရသည်။

"ပြောလေ. . . မင်း ဘာငြင်းဦးမလဲ"

"ငြင်းရမှာပဲ၊ ကျွန်တော်နဲ့ သူနဲ့ ခင်ဗျားထင်သလို လုံးဝ မဟုတ်ဘူး"





"ငါထင်သလို မဟုတ်ဘူး"

"သူ့မှာလည်း သူ့ရည်းစားနဲ့"

နယုန်က ပြတ်သွားပြီဆိုတာကို ထည့်မပြော။

"အဲဒါဆိုရင် မင်းကို သူက ဘာသဘောနဲ့ခုလို ကိုယ်ထိ လက်ရောက် ပြုမူတာလဲ၊ မင်းကိုယ်တိုင်က အနေအထိုင်မတတ် ဘဲ အရောဝင်လို့ ဖြစ်မှာပေါ့၊ ဒါ မင်းအသုံးမကျလို့ပဲ"

"နယုန့်ကို ဒီလောက်ထိ ပစ်စလက်ခတ် မဝေဖန်ပါနဲ့"

နယုန့်မျက်လုံးထဲမှာ မခံချင်စိတ်နှင့် မျက်ရည်တွေ အိခံနေလေရ၏။

အလင်းနီက သက်ပြင်းတစ်ချက်ချသည်။

ရည်းစားမဟုတ်ဘူးလို့ ဆိုလိုက်တော့လည်း သူ နည်းနည်း စိတ်အေးသွားသည်။ နယုန်က ညာမည့်ပုံမရှိဘူးဆိုတာတော့ သူ ယုံကြည်သည်။

နယုန့်စကားက အမှန်ပဲ ဖြစ်မှာပါ။

ဒါဆိုရင် သူပြောတာ လွန်သလား။

မျက်စိစပါးမွေးစူးချင်စရာ ဖြစ်နေလို့ ပြောမိတာပဲ။ ဒါ သူ့မှာ အပြစ်ရှိလား။

"ဆောရီးပဲ. . . မင်းမကြိုက်ရင် မပြောဘူး၊ တကယ်တော့ ငါနဲ့လည်း ဘာမှမဆိုင်ပါဘူး"

"ခင်ဗျား ကျွန်တော့်ကို တော်တော်အထင်သေးတာပဲ ခင်ဗျားစိတ်ထဲမှာ မိုးနယုန်ကို ဘယ်လိုမိန်းမစားလို့ထင်နေလဲ"

အလင်းနီက မဖြေ. . .

မျက်ရည်နဲ့ စိုလက်နေတဲ့မျက်လုံးဝိုင်းဝိုင်းလေးကိုသာ ကားမှန်ထဲကနေ ကြည့်နေမိသည်။

"ငါ မင်းကို စေတနာနဲ့ ပြောတာပါ"

"ခင်ဗျားက တလွဲကြီးလေ၊ ကျွန်တော်ကတော့ ခင်ဗျားကို ရည်စားနဲ့ အဆင်မပြေလို့ နေရင်းထိုင်ရင်း စွပ်ဟောက်နေတယ်လို့ ထင်မိတာ"

"ငါတို့က အဆင်မပြေစရာ မရှိပါဘူး"

သူတို့ပြောနေစဉ် ကားက မိုးနယုန်တို့လမ်းထိပ်ကို ရောက်လာသည်။

အလင်းနီက ခါးတိုင်းလိုပဲ လမ်းထိပ်က ပလက်ဖောင်းနံဘေးမှာပဲ ကားကို ထိုးရပ်လိုက်ပါသည်။

"လိုက်ပို့ပေးတာ သင့်ခ်ယူ"





"နယုန်"

"ဘာလဲ"

"အဲဒီ သူဇော့အစ်ကိုနဲ့ မင်း အဲလိုပဲ မဆင်မခြင် လျှောက်သွားနေဦးမှာလား"

"မပြောတတ်သေးဘူး၊ သွားချင်လည်း သွားမိမယ်"

"အေး. . . ကောင်းတယ်၊ မင်းသဘောပဲ"

နယုန်က ဘာမှထပ်ပြီး ခွန်းမတုန့်တော့ဘဲ ကားပေါ်က ဆင်းပြီးတာနှင့် ကားတံခါးကို အသာပြန်ပိတ်ပေးလိုက်သည်။

သူ့ကားလေး လျှောကနဲထွက်သွားမှ ခေါင်းလေးငုံ့လျှက် လမ်းထဲ လျှောက်ဝင်လာမိသည်။

အလင်းနီနှင့် စကားပြော အဆင်မပြေတာကြောင့် သူမ ရင်ထဲ လှိုက်နင့်မွန်းကြပ်နေမိသည်။

အလင်းနီ. . . အလင်းနီ. . .

တော်တော် တစ်ဖက်သတ်ဆန်တဲ့ လူကြီးပဲ. . .

တကယ်ဆို ကိုရဲက နယုန့်ရည်းစားဆိုရင်ရော ဘာဖြစ်သေးလဲ. . .

သူနဲ့ ဆက်ခင်မင်ခွင့် မရှိဘူးတဲ့လား. . .

ဒါဖြင့် သူ့မှာ ရည်းစားရှိနေရက်နဲ့ နယုန်ကို သူ ဘာလို့ ခင်မင်ရင်းနှီးရသလဲ။

သူ့ဖက်ကျတော့ ဒါက အရေးမကြီး. . .

နယုန့်ဖက်ကိုကျ ဘာမှမဟုတ်ပဲနှင့် ဆတ်ဆတ်ခါအောင် ပူစပ်ပူလောင် ဖြစ်ရသတဲ့။

ဒါဟာ တရားပါရဲ့လား ဦးအလင်းနီရယ်. . .

သေချာပြန်စဉ်းစားကြည့်လိုက်စမ်းပါ. . .



"ငါ့အစ်ကိုလည်း ဘာတွေစွပ်ပြီး သဘောကောင်းနေသည်း မသိဘူးဟာ၊ ဈေးဗိုးနတ်က မုန့်တွေလည်း အများကြီးဝယ်သာတယ်၊ ဒီဗွီဒီခွေတွေလည်း တစ်ထပ်ကြီးပဲ၊ ဒီမှာကြည့်"

သူဇာက ဗိုးနတ်မုန့်ထုပ်ကို ရှေ့ချကာ မျက်စချီလို့ စကား ဒလိုက်လျှင် နယုန် နည်းနည်းရင်လေးသလို ဖြစ်သွားရပါသည်။

ဇာတ်လမ်းက စပြီလေ. . .

"ပြီးတော့ ကိုရဲက ပြောသေးတယ်၊ နှင် ဒီတစ်ပတ်အောဖ်ရတဲ့နေ့ သမ္မတရုံမှာ ရုပ်ရှင်လိုက်ပြမယ်တဲ့၊ နင်ကြိုက်တဲ့ ကြက်ဆီထမင်းလည်း ကျွေးဦးမှာတဲ့သိလား၊ ငါ့သူငယ်ချင်းတော့ အခုတလော ဒကာတွေ ပေါ်နေတယ်. . . ဟင်း. . . ဟင်း"

• ညတ်ဝင်းစာပေ •

သူဇာက ရိပ်မိသလို ဆိုသည်။

နယုန်က ဘာမှမပြောဘဲ သူမ ချွတ်လိုက်တဲ့ကုတ်အင်္ကျီလေးကို အဝတ်လှန်းစင်မှာ ချိတ်ကလေးနှင့် ချိတ်လိုက်သည်။

ရင်ထဲမှာ မောနေသလိုပဲ. . .

သူဇာက မုန့်ဗူးနှင့် နယုန့်နား လာရပ်ရင်း. . .

"ဟဲ့. . . အမောပြေ မုန့်စားဦးလေ၊ ဟိုမှာ ကော်ဖီအေးလည်း ဖျော်ထားတယ်"

"အင်း"

"နယုန် ငါပြောတာ ကြားရဲ့လား၊ ကိုရဲဖက်က တစ်ခုခုထူးနေပြီ"

"သူနဲ့ ပပနဲ့ ပြတ်သွားပြီလို့ ပြောတာပဲ"

"အဲဒါ ငါသိတယ်၊ အခုဟာက အဲဒီကိစ္စ မဟုတ်ဘူး"

ဖြစ်နိုင်လျှင် သူဇာ့ကို ဆက်မပြောစေချင်. . .

သို့သော် အိမ်မှာ လူကြီးတွေ ဘယ်သူမှမရှိကြဘဲ သူနဲ့ နယုန်သာရှိတဲ့အတွက် သူကလည်း စိတ်ထဲရှိတာ သူထင်တာတွေ ပြောချချင်နေတဲ့ပုံ. . .

"နယုန်. . . နင်တို့ ဟိုညက အပြင်မှာ ညစာထွက်စား





ကြတယ်ဆို. . . ဟုတ်လား၊ ငါ့အစ်ကိုတော့ မှုမမှန်တော့ဘူးဟီး. . . ဟီး. . ."

"ဘာတွေ လျှောက်ပြောနေတာလဲ"

"တကယ် နယုန်ရဲ့. . . ကိုရဲ နင့်အပေါ် မရိုးတော့ဘူးလို့ ငါထင်တယ်"

"မဟုတ်တာတွေဟယ်"

နယုန်က ဒေါကြောက်အကာနဲ ကန့်ကွက်လိုက်၏။

"ဪ. . . ဟုတ်ပါတယ်ဆို၊ ကိုရဲတော့ အရှိန်တက်နေပြီ၊ နင့်ကို စိတ်ဝင်စားနေပြီ ထင်တယ်"

သူဇာကတော့ ပြောလေ. . . ကဲလေ. . .

နယုန်က ပြုံးစိစိဖြစ်နေတဲ့ သူဇာ့ကို အားနာပေမယ့် သူမဖက်က သဘောထားကိုလည်း သိစေချင်တာကြောင့်. . .

"ကိုယ့်မောင်နှမတွေလို နေလာတာကို သူဇာရယ်၊ ပေါက်ကရတွေ မပြောစမ်းပါနဲ့"

"အစကတော့ ရိုးရိုးဆိုတာ ဟုတ်တယ်၊ ဒါပေမယ့် အခုတော့ တစ်မျိုးတိုးနေပြီ"

"ဘာတိုးတာလဲ၊ ဘာမှ မတိုးဘူး၊ နင့်အစ်ကိုကငါ့အစ်ကိုပဲ၊ ငါကတော့ အဲဒီထက် လုံးဝ မပိုနိုင်ဘူး"

"ဟယ် . . . ဒီလိုကြီးတော့ အပြတ်မပြောပါနဲ့ဦး"

ကိုရဲက သူ့ညီမကို ဘာတွေစည်းရုံးရေးဆင်းသွားသလဲ မသိပါဘူး။

"ဟင့်အင်း . . . ငါမှ မကြိုက်တာ"

"ကိုရဲက နင့်ကို မျှော်လင့်ထားပုံပဲ"

"ဒါတော့ မတတ်နိုင်ဘူး"

"ယောက်မရယ် . . . ငါ့အစ်ကို သနားပါတယ်၊ တစ်ကြိမ်လည်း အသည်းကွဲထားသေးတာ"

"သူ့အတွက် ဒီလောက်လည်း မရှားပါဘူး၊ မိန်းကလေးတွေ အများကြီးရှိတာပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ကိုရဲက နင့်ကို စွဲနေပြီ၊ နင် ငါ့အစ်ကိုကို ဘယ်လိုဖြားယောင်းလိုက်တာလဲ . . . ပြော"

"ဘာမှ မဖြားယောင်းဘူး . . . ငါမှမကြိုက်တာ၊ မျက်နှာပူစရာတွေဖြစ်အောင် နင် လျှောက်ဖွမနေနဲ့ သူဇာ၊ တော်ကြာ နင့်အိမ်မှာ နေရခက်နေမယ်"

တကယ်လည်း နယုန် စိတ်ရှုပ်လာပါပြီ။

သူဇာတို့ မျက်နှာကြောင့် ကိုရဲအပေါ် မပြတ်သားနိုင်ဘဲ အားနာနေရမှာကို ခုကတည်းက စိုးထိတ်နေရပြီ . . .





အချစ်ရေးကိစ္စမှာ သူမက ရှင်းရှင်းဘွင်းဘွင်းသမား ဖြစ်သည်။

ကိုယ်မကြိုက်နိုင်ဘဲနှင့် အလိုက်အထိုက် အပျော့ဆွဲလေး မနေတတ်။

နယုန့်စကားကြောင့် သူဇာလည်း တစ်မျိုးဖြစ်သွားပါ၏။

ကိုရဲကြောင့်တော့ သူငယ်ချင်းနှင့် မျက်နှာပျက် မခံချင်ပါ။

"အဲလိုတော့ မရောထွေးနဲ့လေဟာ၊ ကိုရဲကဖြူက သပ်သပ်ပဲ"

"အဲဒါဆိုရင် ငါ့သဘောထားကို ကြိုပြီး အသိပေးလိုက်ပါလား သူဇာ၊ သွယ်ဝိုက်ပြီးတော့ပဲ ဖြစ်ဖြစ်ပေါ့"

"ငါက ဘယ်လိုပြောရမှာလဲ . . . နင့်ကို သူ ဖွင့်ပြောလာမှပဲ နင်ကိုယ်တိုင် တိုက်ရိုက်ငြင်းတာ ပိုကောင်းပါတယ်၊ ငါက ဘေးက မကူညီတဲ့အပြင် မဖြစ်နိုင်ဘူးဆိုတဲ့စကားကြီး ပြောမထွက်ပါဘူး နယုန်ရယ်"

နယုန်က သူဇာ့ထံ မျက်စောင်းလှဲလှဲ ရွယ်မိသည်။

သူ့အစ်ကိုဖက်က သိတတ်နေလိုက်တာ . . . ဟွန်း . . .

မေမေသာ ဒီအကြောင်းသိရင် ယုန်လေးကို အန်တီထား တို့အိမ်မှာ နေစေချင်မှာ မဟုတ်ပေ။

သူ့သမီး သဘောဆန္ဒမပါဘဲ အနေနီးစပ်ပြီး ငြိတွယ်မှာ အမေစိုးရိမ်မှာပဲလေ. . .

နယုန်သည် မေမေနှင့်ကြီးစုကို သတိရသည်။

အိမ်ကနေ စိတ်လိုက်မာန်ပါ ထွက်လာခဲ့ပေမယ့် အခုလို သွေးအေးတည်ငြိမ်လာတော့လည်း အဖြစ်အပျက်တွေအားလုံး ကို စိတ်အေးလက်အေး ပြန်သုံးသပ်မိလာသည်။

သူဇာတို့အိမ်မှာ ရေရှည်ကြီးနေသွားဖို့ကလည်း မသင့် တော်ပါဘူး။

အဆောင်တစ်ခုခု ရှာနေရင်ရော. . .

အလင်းနီကို အကူအညီတောင်းရအောင်ကလည်း ခု တလော ဖင်းနှင့် မျက်နှာကြောမှ မတည့်တာ. . .

အင်း. . . ဘယ်လိုလုပ်ရပ့်ါမလဲ. . .

ဗိုးနတ်မုန့်နှင့် ကော်ဖီကိုပင် မြိုမကျနိုင်အောင် ရင်ထဲ မွှန်းကြပ်ရှုပ်ထွေးနေသည်။





သူဌေးရဲ့ ပရာဒိုကားကြီးက ရှေ့ဘက် မလှမ်းမကမ်းမှာ ရပ်လိုက်တာကြောင့် မြမြခိုင်နှင့် ချိုလေးတို့နှစ်ယောက်သား ပျာယာခတ်သွားကြသည်။

နယုန်ကတော့ ယူနီဖောင်းပေါ်ကနေ အေပရွန် ငှက် ပျောညွန့်စိမ်းလေးကို ဝတ်ထားကာ ဗန်းတွေ, ညှပ်တွေ စီသိမ်း ရင်း သူတို့အမူအရာ ရိုရိုကျိုးကျိုးကိုကြည့်လျက် အံ့ဩသွားသည်။

ဘယ်သူလာလို့ပါလိမ့်. . .

ဟိုတယ်အုပ်ချုပ်ရေးမှူး ဒေါ်သန္တာကို လေးစားချစ်ခင် တယ်ဆိုပေမယ့် ဒီလောက် မကြောက်ကြပါဘူး။

အခုဟာက ဒေါ်သန္တာထက် ပိုကြောက်ရတဲ့သူ. . .

ဦးနေဟိန်းက ကားမှန်ကိုချပြီး တပ်ထားတဲ့ နေကာ မျက်မှန်ကို ငယ်ထိပ်ပေါ် ပင့်တင်လျှက် မုန့်ကောင်တာထဲ စူးစမ်း ဟန်နှင့် လှမ်းကြည့်သည်။

သူဌေး ဒီလိုကြည့်လို့လည်း မြမြခိုင်တို့နှစ်ဦး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားတာ။

ဟောတော့. . . ယောင်လိုက်မိတဲ့ ကိုယ့်နှုတ်ခမ်းလေး နယုန် လက်ဖဝါးနှင့် အသာပိတ်မိ၏။

ဦးနေဟိန်းကားကို မောင်းလာသော ဒရိုင်ဘာလူရွယ်က မုန့်ကောင်တာဆီလျှောက်လာပြီး ပီဇာနှင့် ကိတ်မုန့်တွေ ဝယ် သည်။

ကျသင့်ငွေကိုရှင်းတဲ့အခါ ကက်ရှာက မဦးက ပိုက်ဆံ အသစ်လေးတွေ ရွေးပြီး တရိုတသေ ပြန်အမ်း၏။

သူမန်ဘေးကို လှည့်ကြည့်တော့ မိုးနယုန် မရှိတော့. . .

ဘယ်ရောက်သွားတာလဲ. . .

ထိုပရာဒိုကားမြင်တာနှင့် နယုန်က နောက်ဘက်မုန့်ချပ် အကွယ်လေးထဲ ပြေးပုန်း၍ အမြန်ထိုင်ချလိုက်၏။





ဘုရား. . . ဘုရား. . .

ရင်တွေတုန်လိုက်တာ. . .

ငါ့ကိုများ တွေ့သွားပြီလား. . .

နှလုံးသားမှာ သွေးတဒိတ်ဒိတ် တိုးနေသည်။

ဦးနေဟိန်းက သူ့ဒရိုင်ဘာ ကားပေါ်ပြန်တက်ပြီး မောင်း ထွက်လာတဲ့အထိ မုန့်ကောင်တာလေးဆီ ကြည့်နေမိတုန်းပါပဲ။

ပါးဖောင်းဖောင်းနှင့် ကလေးမလေးတစ်ယောက်ကို ရိပ်ခနဲတွေ့လိုက်တော့ သမီးဖြစ်သူကို ဦးနေဟိန်း သတိရသွား တာ။

ယုန်လေးက သူ့အပေါ် ခုထိ မနွေးထွေးတာကို သူ စိတ်မကောင်း။

သူတို့ ခွဲခွာခဲ့တုန်းက သမီးလေးက မူလတန်းအရွယ်ပဲ ရှိသေးတာလေ. . .

ဦးနေဟိန်းက ပင့်သက်ရှိုက်၏။

မြမြခိုင်သည် သူဌေးရဲ့ကား ထွက်သွားမှ အသက်ရှူ ချောင်ကာ. . .

"ဟဲ့. . . ယုန်လေး. . နင်က ဘာလို့ပြေးပုန်းရတာလဲ"

နယုန်က ပုခုံးသာ တွန့်ပြလိုက်သည်။

"မသိဘူးလေ. . . နင်တို့က ပျာပျာသလဲကြီးဆိုတော့"

"အဲဒါ ဟိုတယ်ပိုင်ရှင်သူဌေးဟဲ့"

"ဟင်. . . . ဟုတ်လား၊ သူဌေးက မှုန့်ပြန့်ဝယ်တယ်"

"ဦးနေဟိန်းက စည်းကမ်းကြီးတယ်၊ ပိုင်ရှင်ဆိုပေမယ့် သူ့ပိုက်ဆံ သူရှင်းစနစ်ပဲ၊ ဟိုတစ်နေ့က သူ့ဖယ်မလီယာနဲ့ ဒင်နာလာစားတော့လည်း ဒီအတိုင်းပဲ. . ."

"ဒင်နာလာစားတယ်. . . နယုန် မတွေ့ပါလား"

"ပြီးခဲ့တဲ့ ဗုဒ္ဓဟူးကလေ၊ ဪ . . . ဟုတ်မယ်၊ နင်အော့ဖ်လေ ယုန်လေးရဲ့"

"အင်း. . . အင်း. . . ဟုတ်တယ်"

နယုန်သည် စိတ်လှုပ်ရှားပြီး ကတုန်ကယင်ဖြစ်နေသည်။ ဒီဟိုတယ်ကို လက်ပြောင်းဝယ်ယူလိုက်တယ်ဆိုတဲ့ သူဌေးက ဖေဖေကိုး. . .

ထိုက်ပဲ တိုက်ဆိုင်လှချည်လား. . .

"ဒါဖြင့် သူဌေးကို နင်အခုမှ တွေ့ဖူးတာလား"

"အင်း"





"ဦးနေဟိန်းက သဘောတော့ကောင်းပါတယ်၊ မျက်နှာကသာ တည်တည်ကြီးနေတတ်တာ"

နယုန်သည် မြမြခိုင်စကားကို မကြားသလိုပင် တွေတွေလေး ငြိမ်နေမိသည်။

ရင်ထဲမှာလည်း တစ်မျိုးကြီးဖြစ်နေသည်။

သူမကဖြင့် အလုပ်ရပြီဆိုပြီး ပျော်နေတာ. . .

အခုတော့ ဒါဟာ ဖေဖေ့အရိပ်မှာတဲ့. . .

ဒီဟိုတယ်ကို ဖေဖေဝယ်ယူလိုက်တာ မေမေပင် သိပုံမရ။ အင်းလေ ခပ်ရိုးရိုးနဲ့ အေးအေးနေတတ်တဲ့ မေမေ့ကို ဖေဖေက သူ့အလုပ်ကိစ္စတွေ ဘယ်တိုင်ပင် အသိပေးပါ့မလဲ။

သူ့ဇနီးအသစ် အန်တီဒေါ်မိုးကြွေကိုသာ အလေးအနက်ထား တိုင်ပင်ညှိနှိုင်းမှာပေါ့. . .

"ဦးနေဟိန်းမှာ သမီးတစ်ယောက်ပဲ ရှိတယ်တဲ့သိလား"

မြမြခိုင်က ဆက်ပြောသည်။

"ဟိုနေ့ကမှ မြလည်း တွေ့ဖူးတာ၊ လှလိုက်တာဖွာ၊ မိုဒယ်လို အရပ်မြင့်မြင့်လေးနဲ့၊ ဝတ်ထားတာတော့ ရိုးရိုးကလေးပဲဟဲ့ သိလား. . .၊ ဆင်စွယ်ရောင် ပိုးအကျီလေးနဲ့ ချိတ်လုံချည်

လေးနဲ့ ပွဲတစ်ခုခုက ပြန်လာတာလားတော့ မသိဘူး၊ ချောတာက တော့ ရက်ရက်စက်စက်ပဲ၊ ငါတို့အားလုံး ငေးမောနေရတာ သိလား"

"သူ့မိန်းမကရော. . ."

"မိန်းမကလည်း ရုပ်သန့်သန့်နဲ့ ခန့်ခန့်ကြီးပဲ၊ ဝတ်ထားတဲ့ စိန်တွေကတော့ နင်မြင်ရင် မျက်စိတောင် ကျိန်းသွားဦးမယ်"

"အေးပေါ့ဟယ်. . . သူတို့သားအမိက ကံကောင်းတဲ့ သူတွေပေါ့"

နယုန်က ရင်နာနာနှင့်ပဲ မှတ်ချက်ချလိုက်ပါသည်။

နယုန်တို့သားအမိကျတော့ ကံချာချာနဲ့ သာမန်ဘဝပဲ ပေါ့လေ. . .

မေမေ့မှာရော ဘာတွေများ ပိုင်ဆိုင်လို့လဲ. . .

ပွဲတွေလမ်းတွေသွားရင် ရတနာပစ္စည်းရယ်လို့ ပုလဲ ဝမ်းဆက်လေးသာ တစ်စုံလောက်ရှိတာ. . .

နယုန်သည် မေမေ့ကိုယ်စား မချင့်မရဲတော့ ဖြစ်သွားရ သည်။

ဒီနေရာမှာ ဖေဖေခေါ်လာသင့်တဲ့သူက နယုန့်မေမေပါ။





မေမေကမှ ငယ်လင်ငယ်မယားအစစ်. . .

ဟိုက နောက်မှပေါက်တဲ့ချိုကြာ. . အခုတော့ နောက် သူက ပိုကောင်းစားနေသည်။

အင်း. . . မေမေ့ကို မာနထားဖို့. . . ဖေဖေခေါ်ရင် လိုက်မသွားဖို့ တိုက်တွန်းမိတာ နယုန် မှားသလား။

မေမေနှင့် ကျိကျ . . . ဂကျိဂကျောင်ကျပြီး ဘဝကို ချွန်းကန် ကြိုးစားဖို့ ဆုံးဖြတ်တာရော နယုန်မိုက်တာပဲလား။

အန်တီမိုးကြွေရဲ့သမီးကတော့ မင်းသမီးလေးတစ်ပါးလို ကြော့မော့လှပနေသတဲ့. . . တစ်ဦးတည်းသောသမီးတဲ့။

ရင်ထဲမှာ မနာလိုချင်သလို ဖြစ်သွားသည်။

ဖေဖေ သူမကို ဘယ်လိုပဲ ချော့မော့ဖျောင်းဖျပစေ နား မဝင်ခဲ့တဲ့ နယုန်ဟာ ရင်ထဲမှာ ဘာကိုမှန်းမသိ အောင့်သက်ခံပြင်း ကာ မကျေမနပ် ဖြစ်လာမိသည်။

ကိုယ့်ဘာသာလည်း ဝမ်းနည်းအားငယ်မိသလို ခံစားရ သည်။ ဒါဟာ. . . တရားမျှတပါရဲ့လား. . .

သမီးအရင်းဖြစ်တဲ့ နယုန့်ကိုတော့ ကလေးဘဝကတည်း က ပစ်ပယ်လျစ်လျူရှုခဲ့သည်။

အန်တီမိုးကြွေဖက်က ပါလာတဲ့ သမီးကိုတော့ ကိုယ့်သမီးအရင်းလို ရွှေပေါ်မြတင် လိုလေသေးမရှိအောင် ကျော့ကျော့လေးထားသတဲ့. . .

ကြားရတာ နားကြားပြင်းကပ်လိုက်တာ. . .

စည်းစိမ်တွေ မခံစားရတာထက် ဖေဖေ့မေတ္တာကို နွေးနွေးထွေးထွေး မခံစားခဲ့ရတာကို ပိုနာမြောမိသည်။

အခုမှ ပြန်ပေးလာတာကိုလည်း မယူချင်တော့ပါ။

အံကလေးကြိတ်လျက်သား ငြိမ်သက်သွားတဲ့ နယုန်ရုပ်လေးကို ကြည့်ရင်း မြမြက. . .

"နင် ဘာတွေတွေးနေတာလဲ ယုန်လေး၊ သူတို့ဘက်က အားကျနေပြီမို့လား. . . ဟင်း. . . ဟင်း"

"အားမကျပါဘူး"

"ငါကတော့ အားကျတယ်သိလား၊ အဲလိုမျိုး သူဌေးသမီးလေးပဲ ဖြစ်ခွင့်ရချင်တယ်"

"ဟုတ်ပဲ့. . ငါတို့သူဌေးမှာကလည်း သားတစ်ယောက်မှကို မရှိဘူး"

ချိုလေးကပါ ဝင်နောက်သည်။





"သားရှိရင်ရော သူ့ကို ကြိုက်မှာကျနေတာပဲနော်၊ အသားကမည်းမည်း၊ သွားကျဲကျဲနဲ့ လူကဖြင့် ရှုနာရှိုက်ကုန်းလေး"

အရမ်းပိန်တဲ့ ချိုလေးကို မြမြက ဖွဲ့လိုက်၏။

ချိုလေးက ဖတ်ခနဲ လှမ်းရိုက်ဖို့ ရွယ်ပြီးမှ ယူနီဖောင်းနဲ့ဆိုတာ သတိရသွားပြီး နှုတ်ခမ်းကိုက် မျက်စောင်းထိုးသည်။

မြမြကရယ်တော့ နယုန်ကပါ ရောရယ်လိုက်သည်။

ဒါပေမယ့် သူမရယ်သံက အက်ရှရှလေးနှင့် မချိုနိုင်ဘဲ ဖြစ်နေသည်။

မိုးနယုန်က တီရှပ်အနက်လေးနှင့် ဂျင်းဘောင်းဘီ
အကျပ် ပြာဖျော့ဖျော့လေးကို ဝတ်ပြီးနောက် လက်မှ နာရီဒိုင်ခွက်
လေးကို တစ်ချက်ကြည့်သည်။

ရှစ်နာရီ ကျော်နေပြီ. . .

ဒီအချိန်လောက်တော့ စာအုပ်သွားအပ်မှပဲ. . .

စားပွဲပေါ်က Perfect မဂ္ဂဇင်းနှင့် ပိုးဇာကာတွန်းစာအုပ်
ကလေးကို ကောက်ယူ ရင်ခွင်ထဲပိုက်ကာ တံခါးဖွင့်၍ ထွက်လာ
ခဲ့သည်။

သူဇာတို့အခန်းက ကန်ထရိုက်တိုက်ရဲ့လေးလွှာမှာပါ
လေကားတစ် ထပ်ဆင်းလာပြီးချိန်မှာ. .





"ဟိတ်"

"အမေ့"

ထောင့်ချိုးတစ်ခုရဲ့ နံရံနားကပ်ရပ်နေတဲ့ လူတစ်ယောက်
နဲ့ ပြုန်းကနဲရင်ဆိုင်တိုးလျှင် အမှတ်တမဲ့မို့ နယုန် လန့်ဖျန့်သွားမိ
သည်။

"ဟား. . . ဟား. . . ဟား. . ."

"အား. . . ကိုရဲကလည်း . . . လန့်လိုက်တာ"

"နယုန် ဘယ်သွားမလို့လဲ"

သူက နယုန့်ရှေ့မှာ ပိတ်ကာတားဆီးထားရင်း မေး
သည်။

လှေကားမှာ မီးသီးအနီလေး လင်းနေပေမယ့် အတက်
အဆင်းမရှိဘဲ တိတ်ဆိတ်နေသည်။

နီးနီးကပ်ကပ် ပိတ်ရပ်လိုက်တဲ့ ကိုရဲကြောင့် နယုန်က
မသိမသာလေး ကိုယ်ကို နောက်ဘက်ယိမ်းလိုက်၏။

"စာအုပ်ဆိုင်သွားမလို့"

"နင် ငါ့ကို ဘာလို့ ရှောင်နေတာလဲ နယုန်၊ ပြောစမ်း"

"မရှောင်ပါဘူး၊ အခုတလော အလုပ်များနေလို့ပါ"

"မညာပါနဲ့ဟာ. . . ငါ့မျက်လုံးကို ကြည့်ပြီးပြော"

သူက ပိုင်းစိုးပိုင်နင်းနှင့် နယုန့်မေးစေ့လုံးလုံးလေးကို ဆွဲကိုင် မော့ယူလိုက်၏။

နယုန်က သူ့လက်ကို ဆတ်ခနဲ ပယ်ချလိုက်သည်။

"နောက်ကျနေပြီ၊ ဖယ်ပါ . . . ကိုရဲ"

"ငါ နင်နဲ့ စကားပြောချင်တယ်"

သူက ရှေ့ကနေ မဖယ်တဲ့အပြင် လှေကားနံဘေးက နံရံပေါ် လက်နှစ်ဖက်စလုံး ထောက်လိုက်တာကြောင့် နယုန်မှာ သူ့ရင်ခွင်ထဲ ရောက်သွားရမလို ဖြစ်နေပါသည်။

မျက်လုံးလေးဝိုင်းကာ ရှက်လန့်တကြား ဖြစ်သွားမိရင်း. . .

"ကိုရဲ. . . ဒီလိုမလုပ်ပါနဲ့ . . . ဖယ်ပါ"

"နင်တစ်ယောက်တည်း လျှောက်လျှောက်သွားနေတာလည်း ငါ စိတ်မချဘူး"

စိတ်မချရအောင် သူနဲ့ ဘာများဆိုင်သလဲ။ ကိုရဲအပြုအမူကို နယုန် စိတ်တိုသွားသည်။ သူ့ကြည့်ရတာ ဘီယာတွေလည်း သောက်ထားတဲ့ပုံမဲ။





"ဒါဆိုရင် နယုန် အပေါ်ပြန်တက်မယ်"

သူ့လက်မောင်းကြားကနေ ဖျပ်ခနဲ ငုံ့အထွက်. . .

"နေပါဦး"

သူက အလွတ်မပေးဘဲ နယုန့်လက်မောင်းသွယ်သွယ်လေးကို ဖျတ်ခနဲ ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သဖြင့် နယုန့်တစ်ကိုယ်လုံး ပူတူ၍ ဒေါသဖြစ်သွားရသည်။

"လွှတ်စမ်းပါ"

"နင့်ကို ငါ အရမ်းချစ်တယ်"

"ကိုရဲကို မချစ်ဘူး၊ နယုန့်မှာ ရည်းစားရှိတယ်"

"ဘယ်သူလဲ၊ နင့်ကို ကားနဲ့ လိုက်လိုက်ပို့တတ်တဲ့ ကောင်လား"

"ဟုတ်တယ်"

"နင်က ရည်းစားထားပြီ ဟုတ်လား၊ မဖြစ်နိုင်ပါဘူးဟာ ငါ့ကို မရှိုးစမ်းပါနဲ့"

"ကိုရဲ မယုံရင် နောက်ရက်ကြုံတော့ မိတ်ဆက်ပေးပါ့မယ်၊ အန်တီထားတို့ သူဇာတို့နဲ့ မျက်နှာပျက်စရာ မဖြစ်ချင်ဘူး၊ နယုန့်ကို နောက်ထပ် မနှောင့်ယှက်ပါနဲ့"

"ကြီးကျယ်လိုက်တာဟာ. . နင်က ကလေးပဲရှိသေးတာ နယုန်၊ ရည်းစားရှိတာ လူကြီးတွေ ငါပြောလိုက်ရမလား"

"ရတယ်. . . တိုင်ချင်တိုင်လိုက်"

"ဟ. . . တယ်သတ္တိရှိပါလား"

"ကိုရဲလည်း လူကြီးလူကောင်းဆန်ပါ၊ နယုန့်အသားကို လုံးဝ လာမထိနဲ့၊ မကြိုက်ဘူး"

"ဆောရီး. . . ငါက နင့်ကို ချစ်လို့"

"မချစ်နဲ့"

"ချစ်တာက ချစ်မှာပဲ"

သူက ဇွတ်တိုးပြောသည်။-သူ ဒီလို တဇွတ်ထိုး ခေါင်းမာတတ်သူမှန်း နယုန် သေချာ မသိခဲ့။

ရင်းနှီးမှုအပေါ်မှာ အခွင့်ကောင်းယူတာ. . .

သူ့အပေါ် ရွံမုန်းသလိုခံစားချက်နှင့် နယန် ခါးသီးသွားမိသည်။

ကိုယ့်ဘာသာလည်း မကျေနပ်။

နယုန်ဟာ အလင်းပြောသလို အသုံးမကျလို့များ ကိုယ့်ကိုယ်ကိုယ် လုံခြုံအောင် မကာကွယ်တတ်တာလား။





ဘာပဲဖြစ်ဖြစ် ဟောဟောဒိုင်းဒိုင်း ဘွင်းဘွင်းရှင်းရှင်း သမားဆိုပေမယ့် နယုန်က မိန်းကလေးပါ။ မိကောင်းဖခင် သားသမီးတစ်ယောက်ပါ။

သူ ဒီလိုအတင့်ရဲပြီး ပေါ်တီးပေါ့ပျက် အထင်သေးပြုမူဆက်ဆံတာကို လက်မခံနိုင်။

နယုန် လုံးဝ မကျေနပ်။

သူ့လက်ကနေ ရုန်းကန်ဆောင့်တွန်းပြီး အပေါ်ထပ်ကိုပဲ ဘုဒိုင်းဒိုင်း ပြန်ပြေးတက်ခဲ့မိသည်။



ဗီဘဝကို လှည့်ကြည့်တိုင်း အဓိပ္ပာယ်ပျောက်ဆုံး
နေ. . . ကိုယ်ကိုယ်တိုင် ရွေးချယ်ဖူးတဲ့ . . .
လမ်းအမှားထဲ. . .
အခုများတော့ အသည်းကဆွေး. . .
အဖော်မဲ့လမ်းမှာ မပျော်နိုင်ဘူး. . .
အဖော်မဲ့လမ်းမှာ ကြေကွဲရသူ. . .
မင်းရဲ့အဝေးမှာ မနေချင်တော့ဘူး. . .
မင်းအချစ်နဲ့ ဝေးရာ. . .





နယုန်က ကားရှေ့ခန်း အလင်းနီရဲ့နံဘေးမှ ကူရှင်ပေါ် သက်တော်ငှသက်သာ မှီလျောထိုင်ရင်း အေးအေးငြိမ့်ငြိမ့် သီချင်း နားထောင်နေသည်။

အလင်းနီကတော့ ရှေ့တူရူကိုကြည့်ပြီး ကားမောင်းနေသည်။

ကတ္တရာလမ်းလေးက မီးရောင်ပြာလဲ့ပြီး ရှင်းလင်း တိတ်ဆိတ်နေပြီ။ သူတို့ရဲ့ကားလေးက သီချင်းသံတိုးတိုးဖြင့် လမ်းမပေါ် ပြေးနေသည်။

ညက တိတ်ဆိတ်နေပေမယ့် သူမနံဘေးမှာ အလင်းနီရဲ့တော့ လုံခြုံနွေးထွေးနေပါသည်။

နယုန် ဒီတလော စဉ်းစားမိတာကတော့ ဘဝရဲ့လုံခြုံနွေးထွေးမှုနှင့် အေးမြတဲ့အရိပ်အာဝါသဆိုတာ ဘာလဲဆိုတာပင်။

သူမဟာ အေးမြတဲ့ မိဘရဲ့ရင်ခွင်ကို စွန့်ခွာလာသည်။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ ကြိုးစားကြည့်မိသည်။

ရင်မောစရာတွေ ကြုံရတော့လည်း မေမေ့ကိုသတိရမိသည်။

ခုတလော သူဇာတို့အိမ်မှာလည်း မနေချင်တော့။

နယုန်က ပင့်သက်ငွေ့လေး ရှိုက်လိုက်၏။

ဒီည ဟိုတယ်က ပြန့်ချိန်ဟာ ဆယ်နာရီပုင် ကျော်ခဲ့ပြီ။

ဘာကြောင့်လဲဆိုရင် ဟိုတယ်မှာ ညပိုင်း လက်ထပ်မင်္ဂလာပွဲလေး ကျင်းပလို့ပါ။

ဟိုတယ်လူကြီးပိုင်းထဲက လူပျိုကြီးတစ်ယောက်စွံတဲ့ပွဲမို့ သူတို့ဝန်ထမ်းတွေအားလုံး ပျော်ပျော်ပါးပါး တက်ရောက်အားပေး ဆင်နွှဲချီးမြှင့်ကြသည်။

မြက်ခင်းပြင်ကျယ်မှာ ကျင်းပတဲ့ ပွဲမို့ လွတ်လပ်ပေါ့ပါးပြီး ကြည်နူးစရာကောင်းသည်။

ယောက်ျားလေးစတိုင်လ် တီရှပ်တွေ၊ ရှပ်အင်္ကျီတွေသာ အဝတ်များသော နယုန်လည်း ဒီညတော့ လိမ္မော်နှင့် အနက်ကို လိုက်ဖက်အောင် ရောစပ်ထားတဲ့ နှစ်ရောင်စပ်အနားမညီ ဂါဝန်လေးကို ဝတ်ထားသည်။ မော်ဒယ်လ်ဂါဝန်လေးက အပေါ်ပိုင်းမှာ ပုန်းစွန်းလေး ရင်ညွန့်လေး ဂုတ်ပိုးသားလေးတွေကို ပေါ်လွင်အောင် သပ်သပ်ရပ်ရပ် ချုပ်ထားတာမို့ နယုန့်မှာရှိတဲ့ အလှအပတို့က ထူးခြားစွာ ပေါ်လွင်နေသည်။





ရင်ဘတ်မှာလည်း ပိုးကြိုးလေးတွေနှင့်အတူ ပယင်းကျောက်လေးတွေ စိန်ပွင့်လေးတွေနဲ့ ပုံဖော်ထားတဲ့ လိပ်ပြာလေးတစ်ကောင် နားနေတဲ့ ဒီဇိုင်းမျိုး ပါသည်။

ဆံပင်တိုဖောင်းဖောင်းလေးနဲ့ မျက်တောင်ကို တမင်တာ ပိုကော့အောင် မြင်ဆင်ထားတာမို့ ကြည့်ရတာ အရုပ်ကလေးတစ်ရုပ် ချထားသလို ဖြစ်နေသည်။

အလင်းနီသည့် ညနေစောင်းကတည်းက အလှတွေမပြင်စဘူး ပြင်ထားတဲ့ နယုန့်ကိုပဲ ရယ်မောနောက်ပြောင်နေမိသည်။

သူ့မျက်လုံးတွေက နယုန့်ဆီမှ ခွာမရ. . .

နယုန် ရုပ်မဆိုးဘူးဆိုတာ သိထားပေမယ့် ဒီလိုဝတ်လိုက်ရင် ဒီလောက်ထိ လှလိမ့်မယ်ဆိုတာတော့ ကြိုမမြင်နိုင်တာ အမှန်ပဲ ဖြစ်သည်။

နယုန့်ပုံစံလေးက သူ့ကို ရင်သပ်ရှုမော အံ့ဩဘနန်းဖြစ်စေသည်။ မယုံနိုင်အောင်ပင် အငေးကြီး ငေးမိသည်။

သူ့မျက်လုံးအစုံက နယုန်သွားရာနောက် အလိုလိုလိုက်ပါနေမိတာ မင်္ဂလာပွဲပြီးချိန်အထိပါပဲ။

အခုလည်း ကားထဲမှာ အတူရှိနေရတာကို ရင်ထဲ နွေးဖို့သလို ခံစားနေရသည်။

သူကလေးကို အိမ်ပြန်ပို့မပေးသေးဘဲ ကားကို အကြာကြီး လျှောက်မောင်းပစ်ချင်နေသည်။

အိမ်ပြန်ချိန်ကို ရောက်မလာချင်တော့။

ကားလေးတစ်စီးနှင့် အခုလိုပဲ တစ်ညလုံး လျှောက်သွားနေရလျှင် ကောင်းမည်။

ရင်ထဲက တမ်းတမှုတစ်ခုပါ။

အလင်းနီ နှုတ်ကတော့ ဘာမှမပြောမိ။

ခုတလောမှာ ကြွေရုပ်ဆီကိုပင် သူ ဖုန်းမဆက်မိချေ။

ကိုယ်ရွေးတဲ့အချစ် မှားနေပြီဟု ကိုယ့်ဘာသာ သံသယဝင်လာမိသည်။

အလင်းနီသည် လမ်းရှင်းနေပါလျက် ကားကို ပလက်ဖောင်းဘေးကပ်ကာ ခပ်နှေးနှေး အချိန်ဆွဲမောင်းနေမိ၏။

ဒီအချိန်လေးကို မကုန်စေချင်ဘူးကွာ။

နယုန်သည် သီချင်းနားထောင်ရင်းက မျက်လုံးလေးမှေးစင်းလျက် သူ့ဖက်သို့ အသာလေး ခိုးကြည့်မိသည်။





မင်္ဂလာဆောင်မှာ ဝတ်ထားတဲ့ အပေါ်ကုတ်အင်္ကျီကို ချွတ်လိုက်ပြီမို့ ဗွီရှိတ်လည်ပင်းနှင့် ဆွယ်တာလက်ရှည်အဖြူ ဘိုင်လ်ပင်နံ့ မီးခိုးရောင်နှင့် သူ့သဏ္ဍာန်က ရှင်းသန့်ခန့်ညားနေပါသည်။

တစ်ခါတစ်ရံတော့လည်း အလင်းရဲ့ချစ်သူဟာ ဘယ်လိုခံလေးပါလိမ့်ဟု နယုန် မြင်ဖူးချင်သည်။

နယုန့်ကို မစဉ်းစားပါဘူးဟု လွယ်လွယ်ပြောနိုင်တာကို ကြည့်လျှင် အလင်းချစ်တဲ့မိန်းကလေးက တော်တော်လေး ချစ်ရာကောင်းမှာ သေချာသည်။

"အလင်း"

ခေါ်သံဖွဖွကြောင့် အလင်းနီက သူမဖက်သို့ မျက်လုံးတစ်ချက် စွေကြည့်လိုက်သည်။

"တစ်ခုမေးချင်တယ်. . . ရမလား"

"အဆန်းပါလား. . ခွင့်တောင်းနေသေးတယ်"

"ပြော်. . အလင်း ကောင်မလေးအကြောင်း စပ်စုမလို့ပေါ့"

"ဘယ်က ကောင်မလေးလဲ"

"ခင်ဗျားရဲ့ရည်းစား"

"ဟ. . . ငါ့မှာရည်းစားရှိတယ် ပြောမိလို့လား"

"အလင်းပဲ ဟိုတစ်ခါ ငါ့မှာ ချစ်ရမယ့်သူရှိပြီးသားလို့ ကြွားတယ်လေ"

"ဟုတ်လား. . . ကြွားမိလား၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့"

သူ့စကားက မတင်မကျ. . .

နယုန်က မျက်စောင်းတစ်ချက် ခဲမိရင်း. . .

"သူ တော်တော် ချောမှာပေါ့နော်"

"အင်း. . . ချောပါတယ်"

"တွေ့တာ ကြာပြီလား"

"မင်းနဲ့ ငါနဲ့ မတွေ့ခင် နှစ်လလောက် စောမယ်"

"အဲဒီနှစ်လမှာပဲ ခင်ဗျားတို့ကြိုက်သွားတယ်၊ ဟုတ်လား"

"သူ့ဖက်က သေသေချာချာကြီး အဖြေမပေးသေးဘူး၊ ငါ့ဖက်ကသာ ပရိုပို့စ်လုပ်ထားတာ၊ ဒါပေမယ့် ငါတို့နှစ်ယောက် တွေ့တော့ တွေ့ကြတယ်ပေါ့ကွာ"

"ခင်ဗျားဇာတ်လမ်းက တစ်မျိုးပါလား"





"သူက အရမ်းချမ်းသာတယ်၊ ငါနဲ့ သူနဲ့ မတန်ဘူးလို့ သူ တွက်တယ်၊ အဲဒီလိုတွက်တဲ့အတွက် ငါကလည်း. . ."

အလင်းနီသည် စိတ်ထဲရှိတာ ပြောချမလို့ ပြင်ပြီးမှ တစ်ဝက်တစ်ပျက်နှင့် စကားကို ရပ်ထားမိသည်။

"အလင်းက ဘာဖြစ်လဲ"

နယုန်က သိချင်စွာ စကားထောက်သည်။

"ငါ့ဖက်ကလည်း ပြောထားမိတဲ့ စကားတွေ ပြန်ရုပ်သိမ်းလိုက်တယ်"

"အဲဒီတော့ အခုအခြေအနေက"

"ဒီတိုင်းပဲလေ. . . ပြတ်တော့မပြတ်သွားဘူး၊ ငါတို့ ဖုန်းတော့ ပြောဖြစ်တယ်ပေါ့ကွာ၊ ကဲ . . . မင်းဘာသိချင်သေးလဲ"

နယုန်က ပြုံးစိစိလေးသာ ငြိမ်နေသည်။

ရင်ထဲမှာ ဆွေးသလိုလိုလည်း ဖြစ်သွားသည်။ သူမ နှလုံးသားထဲက လှိုက်ဟာမောနင့်သွားတဲ့ ခံစားချက်က ဘာလဲ။

သူမ ကိုယ်တိုင်မသိ. . . .

အလင်းရဲ့အချစ်ကို ဥပေက္ခာပြုထားနိုင်တဲ့မိန်းမဟာ ဘယ်လိုမိန်းမမျိုးလဲ. . .

ဒီလိုဆိုတော့လည်း အချစ်ကံမကောင်းသေးတဲ့ အလင်းကို နယုန် သနားမိသလို ဖြစ်သွားသည်။

"မသိချင်တော့ပါဘူး၊ ခင်ဗျားဟာက မိုက်မှမမိုက်တာ"

"မတတ်နိုင်ဘူးလေ"

"ခင်ဗျားက လက်မလျှော့ဘဲ ဆက်ကြိုးစားသင့်တာပေါ့"

အလင်းနီက ခေါင်းယမ်းသည်။

သူ့စိတ်ကလည်း ဆန်းသည်။ ရယူချင်လောက်အောင် သူ မမက်မောတော့။ ပြီးတော့ ဒီအချိန်မှာ ကြွေရုပ်အကြောင်းတွေ သူ ပြန်မပြောချင်တော့ပေ။

ထိုစာမျက်နှာတွေကို သူ ထားလိုက်ချင်ပြီ။ ပြန်မကြည့်ချင်. . .။ သက်ပြင်းတစ်ချနှင့် သူတိတ်သွားတာမို့ နယုန်ကလည်း ဘာမှထပ်မပြောဘဲ နှုတ်ဆိတ်လိုက်ပါလာခဲ့သည်။

ဒီလိုနှင့် အချိန်ဆွဲမောင်းရင်းက အလင်းနီကားလေး သူဇာတို့အိမ်ရှေ့ မလှမ်းမကမ်းသို့ ရောက်လာသည်။

ဟိုဖက်ခြမ်းက ကျောင်းဝင်းအုတ်တံတိုင်းဖက်နားမှာပဲ အလင်းက ဘေးကပ်ရပ်ပေးလိုက်သည်။

"နယုန်သွားမယ်နော်. . . တာ့တာ"





နယုန်က ကားတံခါးဖွင့်ဆင်းမလို့ပြင်ပြီးမှ. . .

"တောတော့. . ."

တိုက်အောက်ခြေလှေကားရင်းမှာ ရပ်စောင့်နေတဲ့ ကိုရဲကို မြင်တော့ မျက်လုံးလေး ဝိုင်းသွားရသည်။

"ဘာဖြစ်လို့လဲ"

ကားပေါ်က မဆင်းဘဲ ပြန်ထိုင်လိုက်သော သူမ အမူအယာလေးမှာ တွန့်ဆုတ်ဆုတ်။

"ကိုရဲ စောင့်နေတယ်"

"ဘယ်သူ. . ."

"သူဇာ့အစ်ကို"

အလင်းနီက မောင်းသူဖက်မှာ ထိုင်နေတာမို့ ရဲဇော်ကို မမြင်။ ခေါင်းကို ကိုင်းငုံ့ကြည့်ပြီးမှ. . .

"သူက မင်းကို ဘာလို့စောင့်နေတာလဲ"

နယုန်က စိတ်ရှုပ်စိတ်ဒိုက်သလို မျက်ခုံးလေးရှုံ့ကာ နှုတ်ခမ်းလေး စူထော်ကာနှင့် သူမေးဘာကို မဖြေ။

"လှေကားကလည်း မှောင်နေတယ်၊ ကျွန်တော် မဝင်ရဲဘူး"

သူမစကားကြောင့် အလင်း ဆတ်ကနဲ ဖြစ်သွား၏။

"ဘာပြောတယ်. . . မင်းကို ဒီကောင် နှောက်ယှက်နေတာလား၊ ဗွတ်ကပ်နေတာလား"

သူမပုခုံးတစ်ဖက်ကို ကိုင်လှုပ်ပြီး အမောတကော မေးမိသည်။

"ကျွန်တော် ဒီမှာပဲ ခဏနေမယ်နော်၊ ထကယ်လို့ ကိုရဲက ဒီနားလျှောက်လာခဲ့ရင် ခင်ဗျားကို ကျွန်တော့်ချစ်သူလို့ မိတ်ဆက်ပေးချင်တယ် ရမလား အလင်း. . .၊ ကျွန်တော့်နားမှာ ခင်ဗျား ရှိတယ်ဆိုတာ သေချာရင် သူ အလိုလို နောက်ဆုတ်သွားမှာပဲလေ"

နယုန့် စကားသံလေးကြောင့် အလင်းနီရင်မှာ ပူနွေးခုန်လှုပ်သွားရ၏။

သူမမျက်လုံးကလေးကို ခပ်ကြာကြာလေး ဆုံကြည့်နေမိသည်။ သူ့ရဲ့ အကာအကွယ် လိုအပ်နေသတဲ့လား။

ထိုစဉ်မှာပင် ရဲဇော်က ဒီဖက်သို့ လျှောက်လာသည်။

နယုန် ခုထိ ကားပေါ်က မဆင်းသေးတာကို သိပ်မကျေနပ်တဲ့ပုံနှင့်. . .။





ကိုရဲ ကားနား မရောက်ခင်မှာပင် အလင်းက သူမ မထင် မှတ်တာတစ်ခုကို ဖြုန်းကနဲ ပြုမူ၏။

"သူ လှည့်ပြန်သွားတဲ့နည်း ငါ့ဆီမှာ ရှိပါတယ်"

"ဗျို. . . ခင်ဗျား. . ."

ရုတ်တရက် နယုန့် ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလျက် ဖက်ထားပစ်လိုက်သည်။

နီးကပ်သွားသော ပါးပြင်လေးကိုပါ ရှိုက်ကနဲ ငုံ့မွှေး၏။

နယုန်က သူ့ရင်ခွင်ထဲမှာ ရုန်းလည်း မရုန်းရဲဘဲ ဒီတိုင်းလေး ငြိမ်သက်နေမိရင်း ရင်ထဲမှာ ပေါက်ကွဲတော့မလို ဆူညံခုန်ပေါက်နေရ၏။

နှလုံးသားမှာ ရှက်နွေးနွေးကြီး ရှိန်းမြလျက် တဒိတ်ဒိတ် ဆောင့်ခုန်နေသော ရင်ခုန်သံက အရှိန်ပြင်းလှသည်။

တစ်ခါမှ မကြုံဘူးသော ယောကျ်ားတစ်ယောက်ရဲ့ ရင်ငွေ့မှာ သူမ အသက်ရှူမှားအောင်ပင် ရှက်တုန်လှုပ်နေမိသည်။

ရဲဇော်သည် ကားထဲက ပူးကပ်နေသော စုံတွဲကြောင့် ခြေလှမ်းမှားသွား၏။

တောက်. . . ဒီကောင် အတင့်ရဲလှချည်လား။

သူ့စိတ်မှာ အံ့ဩခြင်းနှင့် ဒေါသတို့ ဆူဝေသွားရသည်။

မိုးနယုန်ကို ကောင်လေးတစ်ယောက်က ရင်ခွင်ထဲ သိမ်းကျုံး ဖက်ထားတာမို့ ထိုမြင်ကွင်းကို ဆက်မကြည့်နိုင်အောင် သူ့နှလုံးသားမှာ ထိခိုက်ကြေကွဲသွားရ၏။

စိတ်ကို ထိန်းကာ ရဲဇော်က ကားနံဘေးကနေ ဘာ မဖြစ်သလို ဆက်လျှောက်သွားသည်။

ရင်ထဲမှာ အုန်တုန်တုန်ကြီး ခံစားရလျက် ရှုတ်တရက် သူ ဘာလုပ်ရမှန်း မသိ။

နယုန်က သူ့သဘောနှင့်သူ လွတ်လပ်စွာ ချစ်သူ ရည်းစား ထားပါပြီဆိုတော့လည်း သူ ဘာတတ်နိုင်မှာလဲ။

အစကတည်းက ဒီချာတိတ်မက သူ့သဘောနှင့်သူ ထင်ရာစိုင်းနေကျ။

အခုမေလုပ်သူ တားမြစ်နေတဲ့ကြားက မန္တလေးမှာ မနေ ဘဲ ဒီမှာ ရအောင်လာနေတာပဲ ကြည့်။

ရဲဇော်သည် အောင့်သက်သက်နှင့် တစ်ယောက်တည်း တောက်ခတ်မိသည်။





"တောက်. . . ငါကွာ. . ."

လမ်းမှာ ဘယ်သူမှ မရှိ၍ သူ ရေရွတ်လိုက်တာကို ဘယ်သူမှ မကြား။ ရဲဇော် ခပ်ဝေးဝေး ရောက်သွားလျှင် မိုးနယုန်က အလင်းနီ ရင်ခွင်ထဲမှ ဆောင့်ရုန်းထွက်ကာ. . .

"ခင်ဗျား ဘာလုပ်တာလဲ"

"ဖက်နမ်းလိုက်တာလေကွာ"

"ကဲ . . . အဲဒါမျိုး ပြောဦး. . . ကဲ. ."

သူ့ကို လက်သီးနှင့် ပိတ်ပိတ်ထိုး၏။

"ဟ. . . မင်းပဲ ရည်းစားငှားပြီးတော့"

"မိတ်ဆက်ပေးမယ်လို့ပဲ ပြောတာ၊ ခင်ဗျားဘာသာ အဆင့်တွေ ကျော်တယ်၊ ကျားထက် ရှင်ကြီးဆိုးတယ်ဆိုတာ ဒါမျိုးပေါ့"

"ရှင်ကြီးက တော်တော်ဆိုးလား. . ."

အလင်းနီက အံနားကပ် မေးလိုက်သည်။

"ဘယ်မှာဆိုးလို့လဲ၊ ကြင်နာတတ်ပါတယ်၊ မင်းပါး ဖောင်း ဖောင်းလေးကို နမ်းလိုက်ရင် ဘယ်လို ခံစားရမလဲသိချင်လို့ စမ်း သပ်ကြည့်လိုက်တာ"

"တော်ပြီ. . . ခင်ဗျား ဆက်မပြောနဲ့"

နယုန်က ရှုံ့ရှုံ့ရှဲ့ရှဲ့နှင့် တားမြစ်၏။ သူမပုံစံ ဆတ်ဆတ်ထိ မခံလေးကို ကြည့်ကာ အလင်းနီက ရယ်ချင်နေသည်။

"နောက်လည်း အကူအညီလိုရင် ပြောပေါ့ မင်းရဲ့ ကိုရဲတော့ ဟချိုးတည်း ဒိုးပြီ၊ မျက်စိတွေ စပ်သွားတယ် ထင်တယ် ဟား. . . ဟား"

အလင်းနီက သဘောတကျ ရယ်နေသည်။

"မလိုဘူး. . . ဘာအကူအညီမှ မလိုဘူး၊ ခင်ဗျားနဲ့လည်း မခေါ်ဘူး. . . ဒါပဲ. . . "

မိုးနယုန်က ခပ်တင်းတင်းပြောပြီးတာနှင့် ကားပေါ်က လှစ်ကနဲ ပြေးဆင်းသွားသည်။

ပြီးလျှင် လှေကားဆီ တရှိန်ထိုး ပြေးတက်သွား၏။

ဒီချာတိတ်မလေး ရင်ထဲမှာ ဘာဖြစ်သွားသလဲ မသိပေမယ့် အလင်းနီနှလုံးသားမှာ ပူနွေးလျက် မယုံနိုင်အောင် ကြည်နူးနေမိသည်။





နောက်တစ်နေ့ မနက်မှာ ဟိုတယ်ရောက်တော့ နယုန်က အလင်းနီကို ကြည့်လည်း မကြည့်၊ စကားလည်း မပြောဘဲ တစ်ချိန်လုံး စိတ်ကောက်စူပုတ်နေပါသည်။

အလင်းနီသည် ရက်စတောရင့်ကြီးတစ်ခုလုံးရဲ့ မန်နေဂျာဆိုပြီး ခါတိုင်းလို ဟိတ်ဟန်နှင့် မနေနိုင်ပါ။

လူပျိုပေါက်စလေးလိုပဲ သူ့စိတ်တွေ လှုပ်ရှားနေမိကာ မိုးနယုန်ထံ အယူခံဝင် ချော့မော့နေမိသည်။

မုန့်ကောင်တာနားက မခွာနိုင်ဘဲ ရစ်ဝဲရစ်ဝဲ ဖြစ်နေတဲ့ သူ့ကို မြမြခိုင်တို့တွေက ပြုံးစိစိ ဖြစ်နေကြသည်။

[redacted] ။

[redacted] မရှက်နိုင်ဘူးပေါ့။

သူ့ကိုယ်သူလည်း နယုန် စိတ်ဆိုးတာ မခံနိုင်ပါလားလို့ အခုမှပဲ သိသည်။ အလင်းနီ ဘယ်လိုမှ နေမရ။

ခါတိုင်းတော့ ကိုယ့်ကိုသာ နယုန်လေးက အတင်းလိုက်ခေါ်၊ အတင်းလိုက်ကပ် လုပ်နေကျမို့ အခုလို ပြောင်းပြန် အနေအထားကို သူ မခံစားနိုင်။

စူပုတ်ထားတဲ့ သူကလေးရဲ့ မျက်နှာကိုသာ အရေးတကြီးနှင့် ပျာပျာသလဲ အရိပ်လို ကြည့်နေမိသည်။

"နယုန်. . . ညနေ အပြန်စောင့်နေနော်"

မိုးနယုန်က မကြားဟန်နှင့် မျက်နှာလေး တစ်ဖက် လွှဲထားသည်။ မစောင့်ဘဲ ပြန်ချသွားမှာ စိုးရိမ်မိလို့။

"နယုန်. . . ကြားလား၊ ငါ တောင်းပန်တယ်ကွာ၊ ညက ကိစ္စ ဆောရီးပဲ၊ တစ်ခါလေး မှားတာလောက်တော့ ခွင့်လွှတ်သင့်ပါတယ်"

အလင်းနီက ကပ်တိုးလေး တောင်းပန်နေမိသည်။

နယုန်ဆိုတဲ့ ကောင်မလေးကို သူ အရူးအမူး ချစ်သွားပြီ။





ညက တစ်ညလုံး စဉ်းစားခဲ့သည်။ နယုန်နှင့် သူ ဘယ်လို မခွဲနိုင်။ တရားဝင်ချစ်သူတွေ ဖြစ်ချင်သည်။

သူမရဲ့ အိမ်ချင်းကပ်ရက်မှာ ဟိုလူ ရဲဇော်ရှိနေ၍လည်း သူ ပိုပြီး စိတ်မချနိုင်အောင် ဖြစ်မိသည်။

ဘယ်အချိန်က ဘယ်လို နယုန့်ကို သူ ချစ်သွားသလဲ သိ။ ဘာကြောင့် ချစ်မိတာလဲဆိုတာလည်း သူ ရှင်းမပြတတ်။

အချစ်ဆိုတာ အင်မတန် နက်ရှိုင်းသိမ်မွေ့ပြီး အလွန် ရာ ဆန်းကြယ်တာကိုတော့ လက်ခံမိပြီ။ နယုန် စကား တစ်ခွန်းမှ ပြန်မပြောတာကိုဘဲ မြမြခိုင်တို့ အံ့ဩနေသည်။

မာလှချည်လား. . . ဘာပြဿနာ တက်ထားပါလိမ့်။

သိလည်း သိချင်သွားသည်။ ဒီနေ့ တစ်နေ့လုံး ယုန်လေး အမူအရာ ထူးခြားနေသည်။

ကိုအလင်းနီ ကိုယ်တိုင် သူ့ရှေ့ လာပို့ပေးတဲ့ ချော့က သက်မစ်ရှိတ်နှင့် စပျစ်သီးကိတ်ကိုလည်း မတို့မထိ။

ခါတိုင်းဆို ကိုအလင်းနီကို တစ်ခုပြီးတစ်ခု ပူဆာတောင်း ဆိုနေကျ။ ရှုပ်ယှက်ခတ်နေကျမို့ နယုန် စိတ်ဆိုးနေပုံက သူတို့ အတွက် ဆန်းနေပါသည်။

"ယုန်လေး. . . ညကကိစ္စဆိုတာ ဘာလဲ"

"မသိဘူး"

နယုန်က ဘုတောသည်။ သူများတွေ ရိပ်မိကုန်အောင် ကြွေမရ လိုက်ဖွနေတဲ့ အလင်းနီကိုပဲ ကုတ်ဖဲ့ပစ်ချင်နေသည်။

"ခင်ဗျား သွားနော်. . . . ခင်ဗျားမသွားရင် ကျွန်တော် ဒီအလုပ်ကပါ ထွက်ပစ်မယ်"

နယုန် နှင်လွှတ်သဖြင့် အလင်းနီက တခဏကြာအောင် စိုက်ကြည့်နေပြီးမှ လှည့်ထွက်သွားသည်။

"အားနာစရာကြီး ယုန်လေးရာ. . ."

"အေးလေ. . . ကိုအလင်းနီက ဒီလောက်ထိအောင် ချော့နေတဲ့ဥစ္စာ"

"ဟင့်အင်း. . နယုန် သူနဲ့ ခေါ်ကို မခေါ်ဘူး မုန်းတယ်"

ဖိုးနယုန် မျက်လုံးအိမ်မှာ မျက်ရည်စတို့ စိုလက်လာသည်။

သူ တန်ဖိုးမထားတာကို အခံရခက်ဆုံး၊ ဝမ်းနည်းပြင်းပြဆုံး၊ အငိုချင်ဆုံးပဲဆိုတာ နယုန့်ကိုယ် နယုန် သိသည်။





နယုန်က ဟိုတယ် အဆောက်အအုံကနေ တော်တော် လှမ်းတဲ့ ကားမှတ်တိုင်ဆီသို့ ဘောက်ဆတ်ဘောက်ဆတ်နှင့် တစ်ယောက်တည်း လျှောက်လာသည်။

ညနေခင်းလေးက နေရောင် မရှိတော့ဘဲ မှိုင်းအုံ့အုံ့ ဖြစ်နေသည်။

ယူနီဖောင်းနှင့် မဟုတ်တော့ဘဲ ကျွဲတားဂျင်းပင်န် အနက်ရောင်နှင့် တင်ပါးဖုံးအောင် ရှည်သော ရှပ်အင်္ကျီပုံစံ အနီ အနက် အကျီအကွက်လေးကို ဝတ်ထားသဖြင့် သူမရဲ့ပုံစံလေး ကတော့ ထင်းလင်း သားနားနေသည်။

မျက်နှာကလေးက မကြည်လင်။ စူပုတ်ပုတ်နှင့် မှုန်ကုတ်တင်းမာနေဆဲ။

ဟွန်ဒါအက်ကော့ အဖြူရောင်ကားတစ်စီးက သူမအနားမှာ ရုတ်တရက် ထိုးဆိုက်လာပြီး...

"ဟိတ်... မိုးရွာတော့မယ်... တက်..."

နယုန်က မကြားချင်ယောင်ဆောင်ပြီး ဆက်လျှောက်၏။

ရာသီဥတုက အုံ့မှိုင်းမှိုင်း ငြိမ်သက်နေရာက မိုးဖွဲလေးတွေ စတင် ရွာသွန်းလာသည်။

နယုန်သည် ထီးမဆောင်းတတ်သော မိန်းကလေးဖြစ်တာမို့ သူမမှာ ဖွင့်ဆောင်းစရာ ပါမလာ။

ဒီတိုင်းပဲ မိုးရွာထဲ ခပ်အေးအေး ဆက်လျှောက်သည်။

သူများတွေလိုလည်း မိုးလွတ်ရာနေရာသို့ ပြေးမခို။

အလင်းနီသည် ပေကပ်ကပ် ကြွပ်ဆတ်ဆတ်နှင့် ထောင့်မကျိုးသော သူမကို ချစ်စနိုး ပြုံးကြည့်နေမိသည်။

ကားကိုလည်း ပလက်ဖောင်းဘေးကနေ ဖြေးဖြေးချင်း မောင်းလိုက်လာသည်။ လူရှင်း၊ ကားရှင်းသော နေရာမို့သာ သူ ဒီလို လုပ်လို့ရတာ။





"ဟော့... မင်း မတက်ဘူးလား"

မိုးက ပိုစိပ်စိပ် ရွာလာသည်။ ဒီထက်သည်းရင် စိုမှာ။ ကောင်မလေးကတော့ ကျောပိုးအိတ်လေးကွယ်လျက် သူ့ကို မကြည့်ဘဲ ပမာမခန့် လျှောက်နေဆဲ။

အလင်းနီ စိတ်မရှည်။

ကားကို နည်းနည်းကျော်ရပ်လိုက်ပြီး တံခါးဖွင့်ဆင်းချလာသည်။

"လာခဲ့..."

လက်ကောက်ဝတ်ကလေး တစ်ဖက်ကို အတင်းဖမ်းဆုပ်ကာ ကားဆီ ဆွဲခေါ်လာ၏။

"ခင်ဗျားနဲ့ မလိုက်ဘူး..."

မိုးနယုန်က လက်ကို ရုန်းရင်း တွန့်လိမ်ကာ ယက်ကန်ယက်ကန်ပါလာ၏။

အလင်းနီက မလွှတ်။ အတင်းအကြပ်ပင် ကားထဲ ဆွဲသွင်း ထိုင်စေသည်။

ကားထဲ ရောက်သွားပြီဆိုမှ တံခါးပိတ်ပေးပြီး မောင်းသူနေရာ ဖျတ်ကနဲ ပြေးထိုင်သည်။

ကားထွက်လာတော့ နယုန်က စိတ်လျှော့လိုက်သလို ကြိတ်ပြီး ရှိုက်ငိုနေ၏။

အလင်းနီက သူမ ငိုနေတာကို တစ်ခါမှ မမြင်ဘူး၍ လှည့်ကြည့်လှည့်ကြည့်နှင့် မောင်းနေမိသည်။

နယုန်သည် ရင်ထဲမှာ တင်းကြပ်လျက် ဘာတွေ ဝမ်းနည်းနေမိမှန်း မသိပေ။

"သူချစ်တဲ့သူဆိုရင် ဒီလို အနိုင်ကျင့်မှာ မဟုတ်ဘူး၊ ငါ့ကို ကျတော့ မုန်းမုန်းနဲ့ ပစ်စလက်ခတ် ဆက်ဆံတယ်၊ တန်ဖိုးလည်း မထားဘူး၊ ငါက မျက်နှာငယ်နဲ့ အကာအကွယ်မရှိတဲ့သူဆိုတော့ ဘာမှ မှုစရာလည်း မရှိဘူး၊ ယောကျ်ားတွေက ဒီအတိုင်းပဲလား"

"မင်း ဘာတွေ ပွစိပွစိ ပြောနေတာလဲ"

"ခင်ဗျားကို အမြင်ကပ်လို့"

"ငါ ဘာလုပ်မိလို့လဲကွာ"

"ကိုယ် ဘာလုပ်သလဲ ကိုယ် မသိဘူးလား"

"မင်းကို တောင်းပန်ပြီးပြီလေကွာ"

"ခင်ဗျား တောင်းပန်တိုင်း ကျေနပ်ရမှာလား"

"မကျေနပ်ရင် မင်း ဘာလုပ်ချင်လဲ"





"ဘာလုပ်ချင်လဲ ဟုတ်လား၊ ဒါမှ ခင်ဗျားကို ထုချင်တယ်"

သူ့ပုခုံးကို တဘုံးဘုံး ထု၏။

"ဟေ့ . . . ငါ ကားမောင်းနေတာနော်၊ မင်း မရှက်ဘူး သား၊ ဘေးကကားတွေ ကြည့်နေကြပြီ"

နယုန်သည် သူ သတိပေးမှပဲ ဘေးပတ်ဝန်းကျင်ကို ကြည့်မိ သတိပြုမိတော့၏။

ဟုတ်ပါရဲ့ . . .။ ဘေးချင်းကပ်ရက်ကားထဲမှ ကောင်က လေးတွေ သူမတို့ကို ဝိုင်းကြည့်နေကြသည်။

မျက်ရည်တွေ စိုလူးလျက် သူ့အင်္ကျီကို ဆောင့်ဆွဲလိုက်၊ ဘုရိုက်လိုက် လုပ်နေသော နယုန့်ပုံစံက ကြည့်ချင်စရာပဲကိုး။

မီးပွိုင့်က ကားမြန်မြန် ထွက်ပါစေပဲ ဆုတောင်းရသည်။

နယုန်ကား မျက်ရည်သုတ်ရင်း ငြိမ်သွားသည်။ ထုလိုက် က်လိုက်ရတော့ ဒေါသတွေလည်း ပြေသွားပါသည်။

အလင်းနီကို ဘာကြောင့် ဒီလောက်တောင် စိတ်ဆိုး ာကျည်းမိတာလဲ။

ချစ်တယ်လို့ တစ်ခွန်းမှ မပြောဘဲ သူမကို အလွယ်တကူ ရဲတင်းတင်း ပိုင်စိုးပိုင်နင်း နမ်းရှိုက်ခဲ့တဲ့ အတွက်လား။

အလင်းနီက သူမဖက် စောင့်ငဲ့ကြည့်သည်။

နှာသီးဖျားလေးတွေ နီရဲပြီး မျက်ခွံမို့မို့နှင့် ငိုထားတဲ့ မျက်နှာလေးကပင် တစ်မျိုး ဆွဲဆောင်မှု ရှိနေသည်။

အပြင်ဖက်မှာ မိုးက ဖွဲသွားရာမှ ပြန်ရွာလာပြန်သည်။

အလင်းနီက သူဇာတို့အိမ်ဖက် မမောင်းဘဲ ကားကို ကရဝိတ်ဖက်သို့ ဦးတည်လိုက်သည်။

နယုန်သည် ကန်တော်ကြီးဖက် ရောက်လာမှ သူ့ဖက် အလန့်တကြား လှည့်ကြည့်ရင်း . . .

"ခင်ဗျား ဘယ်ကို ဝင်ဦးမှာလဲ"

"သာယာတဲ့ နေရာလေးတစ်ခုပေါ့"

"မသွားဘူး . . . အိမ်ကိုပဲပို့"

"အိမ်ကို ပြန်လို့ ဘယ်ဖြစ်မလဲ၊ မင်းပုံစံကို မှန်ထဲ ကြည့်ဦး"

နယုန်က ကားမှန်ထဲသို့ ကြည့်လိုက်သည်။

ဆံပင်တွေပွပြီး မျက်နှာက နီရဲမို့အစ်နေသည်။

သူပြောတာလည်း ဟုတ်ပါရဲ့။

သူဇာတို့က ဘာဖြစ်လာသလဲ မေးမြန်းမှာပေါ့။





နယုန် ငြိမ်တွေသွားလျှင် သူက ကားကို ကရဝိတ်ဖက် ...င်ပေါက်သို့ ချိုးကွေ့လိုက်လေသည်။

မိုးရွာနေတဲ့ ညနေစောင်းလည်းဖြစ်၊ ရုံးဖွင့်ရက်လည်း ...ဖြစ်တာကြောင့် ကန်တော်ကြီး ကရဝိတ်တစ်လျှောက် ကားရှင်း ...ရှင်း ဖြစ်နေသည်။

အလင်းနီက ဂိတ်ကြေးလှမ်းပေးပြီးတာနှင့် ကားကို ...အထဲသို့ မောင်းလာ၏။

ရေစပ် သစ်ပင်အောက်တစ်နေရာ ရောက်မှပဲ ကားစက် ...သပ် ရပ်ပစ်လိုက်သည်။

"ဒီနေရာမျိုးက သမီးရည်းစားတွေ လာရတာ၊ ခင်ဗျား ...ကျွန်တော့်ကို ဘာသဘောနဲ့ ခေါ်လာတာလဲ၊ ခင်ဗျား ရည်းစားကို ...သွားခေါ်"

"ဟာကွာ . . . မင်း ဘယ်လိုဖြစ်နေတာလဲ"

အလင်းနီက သူမဖက်သို့ ကိုယ်ကြီး လှည့်လာသဖြင့် ...နယုန်က တံခါးဖက် ပိုကပ်လိုက်သည်။

"မင်းနဲ့ ငါနဲ့လည်း ရည်းစားဖြစ်နေပြီပဲ"

"ဘာပြောတယ်"

"မနေ့ညကလေကွာ. . ."

"ခင်ဗျား အဲလို ချော်လဲ ရောမထိုင်နဲ့ မရဘူး"

"မင်း ငါ့ကို မချစ်ဘူးလား"

"ခင်ဗျား ဘာပြောထားလဲ၊ ကျွန်မတော့ကို စိတ်မကူးဘူး လို့ ပြောထားတယ် မဟုတ်လား"

"အခု ငါ စိတ်ပြောင်းသွားပြီ နယုန်၊ မင်းကို ငါ ချစ်သွားပြီ၊ ဘယ်အချိန်ကစပြီး ချစ်သွားတာလဲတော့ မသိဘူးကွာ၊ မင်းကို မမြင်ရရင် ငါ မနေနိုင်ဘူး"

အလင်းနီက ပြောရင်းဆိုရင်း မချင့်မရဲဖြစ်လာပုံနှင့် မြန်ကနဲ ရင်ခွင်ထဲသို့ ခပ်ကြမ်းကြမ်း ဆွဲသွင်းလိုက်သည်။

ပြီးလျှင် နီမြန်းနေသော မျက်နှာဖူးဖူးလေးကို အားပါးတရ ဖိကာပ်နမ်းရှိုက်ပစ်သည်။

နယုန့်မှာ သူ့ရင်ခွင်ထဲ၌ မလူးသာမလွန့်သာ။

စိတ်ဆိုးမှာလည်း သူ မကြောက်တဲ့ပုံနှင့် တင်းတင်းကြပ်ကြပ် ဖွတ်တိုးဖက်ထားတာ။

မိုးကလည်း ပိုသည်းလာတာမို့ အပြင်ကိုပင် သည်းသည်းကွဲကွဲ မမြင်ရ။





အခြေအနေနှင့် အချိန်အခါလေးက အလင်းနီကို ပို အတင့်ရဲစေအောင် ဖန်တီးပေးနေသလိုပါ။ သူကလေးရဲ့ မျက်နှာ အနှံ့သို့ တမြတ်တနိုး စွဲမက်စွာ နမ်းရှိုက်မွှေးလို့ မဝ။

နှုတ်ခမ်းသား နုနုဖတ်ဖတ်လေးကို ထိတွေ့မိတော့ တော်တော်ကြာအောင် ပြန်မခွာနိုင်။

နယုန်သည် အငိုက်တမိနှင့် သူ ဆွဲဆောင်ရာသို့ လွင့်မျောပါသွားမိသည်။ မိုးတိမ်တိုက်တွေကြားမှာ စီးမျောနေရသလိုပင်။ ဟန်ဆောင်ခြင်းတွေ သူတို့ နှစ်ဦးကြားမှာ မရှိတော့။

"ချစ်တယ် . . . ယုန်လေးရယ်၊ မင်းကို သိပ်ချစ်တယ်"

သူက တိုးတိုးဖွဖွ ရေရွတ်သည်။ သူ့ရဲ့ ချစ်စကားကြောင့် နယုန့်ရင်မှာ ကြည်နူးသွားရသည်။

နယုန် အသက်ရှူမြန်စွာ မျက်နှာလေး မော့လာလျှင် အလင်းနီက ရင်ခွင်ထဲမှ ချစ်သူလေးကို ကြည်နူးစွာ ပြုံး၍ကြည့်မိသည်။ ရှက်နေသော နယုန့်မျက်လုံးလေးတွေက သူ့ကို ပို၍ ရင်ခုန်ကြမ်းစေသည်။

"ချစ်လား. . ."

သူက နှုတ်ခမ်းလှုပ်ရုံ မေး၏။

နယုန်က မျက်လွှာလေး ချပြီး . . .

"ကျွန်တော်လည်း ခင်ဗျားကို ချစ်တယ်၊ ကျွန်တော်လေ ယောကျ်ားလေးတစ်ယောက်အပေါ် ဒီလောက်ထိ ချစ်မြတ်နိုး သွားမိလိမ့်မယ်လို့ တစ်ခါမှ မထင်မိဘူး . . . သိလား . . ."

"အား . . . ဝမ်းသာလိုက်တာ ယုန်လေးရာ၊ မင်း အဲလို ဟန်မဆောင်ဘဲ ရင်ထဲရှိတဲ့အတိုင်း ပြောတတ်တာကို ငါ အချစ်ဆုံးပဲ၊ မင်းလောက် ချစ်ဖို့ကောင်းတာ ဘယ်သူမှ မရှိတော့ဘူး၊ ငါတို့ နှစ်ယောက် တစ်သက်လုံး အတူတူ နေသွားကြမယ်၊ ငါ့ဘဝမှာ မင်းရှိနေရင် ပြည့်စုံပြီကွာ၊ မင်းကလွဲပြီး ဘယ်သူ့ကိုမှ ငါ မချစ်ဘူး၊ အဲဒါကို အမြဲတမ်း ယုံထားလိုက် . . . ကြားလား"

သူက နယုန့်မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နှင့် ညှပ်ကိုင်ရင်း သူ့မျက်နှာနှင့် ထိကပ်လိုက်ပြန်သည်။

ဒီတစ်ကြိမ်မှာတော့ နယုန်က မျက်ဝန်းလေးတွေ မှိတ်ထားလိုက်သည်။

သူ့ရဲ့ အနမ်းမိုးတို့ဟာ အပြင်မှာ သည်းထန်နေတဲ့ မိုးမင်းကြီးနှင့်အပြိုင်။ သည်းသည်းမည်းမည်းပင် ရွာနေတော့၏။





ဟိုတယ်အပေါ်ထပ်ရဲ့ အခန်းကျယ်တစ်ခုတွင် ထမင်းစားပွဲအရှည်ကြီးများကို ချထားပေးရာ သူ့အုပ်စုနှင့်သူ ဝန်ထမ်းတွေက ထမင်း လာစားကြသည်။

နယုန်ကလည်း မြနှင့်တစ်တွဲ ထမင်းကို အသာငုံ့စားနေသည်။

ဟိုတယ်က ဟင်းလျာတွေမို့ နေ့စဉ်နေ့တိုင်း မရိုးနိုင်အောင် စားမြိန်ပါသည်။ သို့သော် အိမ်မှာလို လွတ်လပ်မှု မရှိသဖြင့် နယုန်က သိပ်ဘဝင်မကျ။

နာရီဝက်ပဲ အချိန်ပေးတာ။

ထမင်းစားရင်း အေးအေး လူလူ စကားပြောခွင့် မရှိတာ။ သေသပ်စွာ တိတ်တိတ်ဆိတ်ဆိတ် စားသောက်ရတာ။

စားသောက်ပြီးစီးတာနှင့် တပြိုင်နက် ဘေစင်မှာ တစ်ခါတည်း သွားတိုက်ပြီး ဖောက်စ်စပရေးပါးစပ်ဟပြီး ဖျန်းရတာစသဖြင့် စိတ်ကျဉ်းကြပ်စရာ စည်းကမ်းချက်များ ရှိသည် မဟုတ်လား။

နယုန်က ကိုယ်ထုတ်ထားတဲ့ ကိုယ်ပိုင်စည်းကမ်းကိုသာ လိုက်နာချင်တာ။

ငွန်းနှင့် ခက်ရင်းကို ပန်းကန်ထဲ အသံမမြည်အောင် ချလိုက်ပြီးနောက် ရေခဲရေကို မော့သောက်လိုက်သည်။

ပြီးလျှင် အအေးကောင်တာမှာ သစ်သီးဖျော်ရည် တစ်ခွက်သွားယူလာသည်။ မြကသူပြီးမှ သူ ကြိုက်တာ သွားယူမှာ။

နယုန်သည် ဝါနှစ်သော သရက်သီးဖျော်ရည်အေးအေးကို ပိုက်တံမှတဆင့် စုပ်ယူလိုက်၏။

ထိုအချိန်မှာပင် ဟိုတယ်တစ်ခုလုံးကို လှည့်ပတ်စစ်ဆေးနေသော သူဌေးဦးနေဟိန်းက ထမင်းစားခန်းသို့ ဝင်လာသည်။





ဝန်ထမ်းတွေရဲ့ စားသောက်ခန်းမမှာရော ဘာတွေ လိုအပ်နေသလဲ သူကိုယ်တိုင် ကြည့်ရှုစစ်ဆေးဖို့ လိုအပ်သည် မဟုတ်လား။

အခုလို ကြိုတင် အစီအစဉ်မရှိဘဲ အရှိအတိုင်း ဝင်ကြည့်ရတာကို သူ ပိုသဘောကျသည်။

တကယ်လို့များ ကြိုတင် အကြောင်းကြားထားရင် သူ့ကို ပြင်ဆင်မှုများ၊ ဖုံးကွယ်မှုများနှင့် ကြိုဆိုကြမှာ မဟုတ်လား။

ထမင်းစားသောက်နေသော ကောင်မလေးတွေသည် ဦးနေဟိန်း ရောက်လာတာ မြင်သဖြင့် ကိုယ်ရှိန်သတ်၍ အိုးတို့အမ်းတမ်း ဖြစ်သွားကြသည်။

“သုံးဆောင်ပါ သမီးတို့ အန်ကယ်လ် ဒီအတိုင်း ဝင်လာကြည့်တာပါ၊ သမီးတို့ လိုအပ်တာတွေလည်း အကြံပေးကြည့်ကြပါ. . ဟုတ်လား. . .”

ဦးနေဟိန်းက ပြုံးပြုံးရွှင်ရွှင်၊ ဖော်ဖော်ရွေရွေ နှုတ်ဆက်ရင်း စားပွဲရှည်ကြီးတစ်ပတ် ပတ်၏။

နယုန်သည် ဖေဖေ ဝင်လာတာ မြင်ကတည်းက ခေါင်းကို အစွမ်းကုန် ငုံ့၍ အသာငြိမ်ကုပ်နေမိသည်။

ဒါတောင် ဖေဖေက မြင်ဖြစ်အောင် မြင်ကာ တအံ့တသြ ခြေလှမ်းတုန့်သွားလေသည်။ ဒီနေ့တော့ ပက်ပင်းတိုးပြီ။

မိုးနယုန်. . .

သမီးလေး နယုန်. . .။

အများနည်းတူ ဟိုတယ်ယူနီဖောင်းဝတ်လေးနှင့် ထမင်းစားပွဲမှာ ခပ်ကုပ်ကုပ်ကလေး ငြိမ်သက်ထိုင်လို့ ခေါင်းကလေးပင် ငုံ့ထားသေးသည်။

ဒါဆို ဟိုနေ့က တူပါတယ် အောက်မေ့မိတဲ့ ကလေးမက ငါ့သမီး နယုန်ပဲပေါ့။

ဦးနေဟိန်းသည် ချက်ချင်း စကားမဆိုနိုင်ဘဲ အတော် စိတ်မကောင်း ဖြစ်သွားရသည်။

သမီးနှင့် အဖေရဲ့ တွေ့ဆုံမှုက မခမ်းနား. . ။

သမီးက သူ့ကို အရွဲ့တိုက်တာလား။ ဒါမှမဟုတ် ဒ် အဖေ့နေရာ၊ အဖေ့လုပ်ငန်းမှန်း မသိတာလား။

ဘာပဲဖြစ်ဖြစ် ဦးနေဟိန်းရင်မှာ မကောင်း။

"မိုးနယုန်. . ."

နယုန် ဆတ်ကနဲ ဖြစ်သွား၏။





မြမြခိုင်က မော့ကြည့်ပြီး တအံ့တသြ။

ဘော့စ်က ယုန်လေးနာမည် ဘယ်လိုသိတာလဲ။

အင်္ကျီစာရင်း ကဒ်ပြားကို လည်မှာ ဆွဲထားတယ်ဆိုပေမယ့် ကဒ်ပြားက ထမင်းစားပွဲနှင့် ကွယ်နေတာ။

နယုန်က ရှောင်လွှဲမရသဖြင့် ဂျစ်ကန်ကန် ပေစူးစူးလေး မော့ကြည့်လိုက်သည်။ ဖေဖေ့မျက်ဝန်းတွေက နူးညံ့ပျော့ပျောင်းပြီး မေတ္တာတရားနှင့် နွေးထွေးနေပါသည်။

"ဒီမှာ အလုပ်ဝင်နေတာ ကြာပြီလား"

"ဟင့်အင်း. . . သိပ်မကြာသေးပါဘူး"

"ပြီးရင် ရုံးခန်းကို လာခဲ့ပါ"

"ဟုတ်ကဲ့. . ."

တခြားသူတွေရှေ့မှာ ဖေဖေက ဘာမှမပြော၍ တော်ပါသေးသည်။

မြမြခိုင်က မျက်ခုံးပင့်ပြသည်။

မိုးနယုန်ကတော့ ခနိုးခနဲ့ အပြုံးလေးဖြင့်သာ။

ဖေဖေဆူမှာကိုတော့ သူမက သိပ်မကြောက်ပါဘူး။

၃၅

ဖေဖေနှင့် တွေ့သွားပြီဆိုကတည်းက ဘာတွေ ရှေ့ဆက်လာတော့မလဲ နယုန် တွက်ပြီးသားပင်။

အခု ထင်တဲ့အတိုင်း မေမေက ပြောလာပြီ။

မေမေနှင့် ကြီးစုတို့လည်း ရန်ကုန် ရောက်လာခဲ့ပြီလေ။

"သမီးလေး. . . ပစ္စည်းတွေ သိမ်းထားတော့နော်၊ မနက်ဖြန် မနက်စောစော မေမေတို့ လာခေါ်မယ်"

"ဟင် . . . မလိုက်ချင်ပါဘူး၊ ယုန်လေး အဲဒီမှာ မနေချင်ပါဘူးဆိုမှ"

"ဟဲ့ . . . အရင်လာကြည့်ဦး. . . ပြဿနာမရှာနဲ့ သမီးဖေကြီးလည်း ပြောပြီးသားမို့လား"





ဖေဖေက ဟိုအိမ်ကိုပြောင်းခဲ့ဖို့ အမိန့်ချမှတ်ပေးပြီးသား။

"ဖေဖေကတော့ နေစေချင်တာပေါ့"

"သမီးလေးထင်သလို မဟုတ်ပါဘူး၊ မမိုးတို့သားအမိက သည်း ပြေပြေလည်လည် ကောင်းကောင်းမွန်မွန် ဆက်ဆံကြပါတယ်၊ နှိုမှိုဆို အမေလည်း စိတ်တထင့်ထင့်ပဲ၊ အခု တော်တော်အဆင်ပြေတယ်၊ အိမ်ကလေးကလည်း သီးသန့်၊ ဆောက်ထားတာကလည်း ဘန်ဂလိုပုံစံလေး. . . လာနေပါသမီးရယ်၊ သမီးလေး သဘောကျမှာ သေချာပါတယ်၊ ပြီးရင် အိမ်တက်မင်္ဂလာလေးဘာလေးလည်း စီစဉ်ရဦးမယ် မဟုတ်လား၊ သမီးမရှိလို့ ဘယ်ဖြစ်မလဲ. . နော်. . . သမီး၊ မေမေပြောတာ နားလည်လား"

နယုန်က နှုတ်ခမ်းလေးစူကာ မျက်နှာရှုံ့မဲ့မဲ့နှင့် ပြန်မဖြေ။

"ဪ. . . သမီးကို ပြောရဦးမယ်၊ ဖေကြီးက ငါ့သမီးဒို့ ဟန်းဖုန်းတစ်လုံး ဝယ်ပေးထားတယ်၊ သမီးကြိုက်တဲ့ ဟန်းဆက်အသစ် လိုက်ကြည့်တဲ့. . . သိလား၊ ဝမ်းမသာဘူးလားဟင်၊ သမီးလေး လိုချင်တာ ရသွားပြီ"

မန္တလေးမှာတုန်းက ပူဆာခဲ့ဖူးတာမို့ မေမေက သတိတရ ကတိလုံးပေးသည်။

နယုန်လည်း သူများတွေလို လက်ကိုင်ဖုန်းလေး ရှိချင်ခဲ့တာ အမှန်ပဲလေ။

"အဲဒါက ဘာမှအရေးမကြီးပါဘူး"

"ဟယ်. . . သမီးက ပြောရေ့မယ်၊ အစကတော့ သူ့ဖုန်းကိုင်ချင်လှချည်ရဲ့ဆိုပြီး. . ."

"အဲဒီတုန်းက မေမေမှ ဝယ်မပေးဘဲ"

"ဟဲ့ . . . အခု ရပြီလေ၊ ကျေနပ်ရောပေါ့၊ နယုန်ရေ ကန့်လန့် လုပ်မနေနဲ့၊ သမီး အလုပ်လုပ်နေတာ သမီးဖေကြီး ဟိုတယ်မှာဆို၊ သူက တဗျစ်ဗောက်တောက် ပြောလို့ မပြီးဘူး မေမေကလည်း သိမှမသိတာ၊ သူ့ကို အရွဲ့တိုက်တာတဲ့၊ မေမေ တော့ သမီးလေးဖက်က လိုက်ပြောပေးရတာပေါ့၊ ကလေး လည်း ဘယ်သိပါ့မလဲ ဘာညာပေါ့၊ တကယ်တော့ သမီးဖေကြီး မှာ ရည်ရွယ်ချက်ရှိပါတယ်၊ ငါ့သမီးလေးကို ဟိုတယ်ရဲ့ ဒါရိုက် တာ အဖွဲ့ဝင်ထဲ ထည့်ပေးမှာတဲ့၊ မေမေတို့သားအမိ ရှေ့ရေး အတွက်ပဲ အဲဒီဟိုတယ်ကို သူဝယ်ဖို့ ကြိုးစားခဲ့တာလို့ ပြောတယ် ဖေကြီးက သမီးကို သိပ်ချစ်ပါတယ်ကွယ်၊ နာကျည်းနေတဲ့ စိတ် တွေ ဖျောက်လိုက်နော် သမီးလေး. . . လိမ္မာတယ်"





မေမေက သူမကို ကလေးတစ်ယောက်လိုပဲ ချော့မော့ ဖျောင်းဖျ နားချနေပါသည်။

တကယ်တော့ နယုန်လည်း စိတ်လျှော့လိုက်ပါပြီ။

အရင်လေသံအတိုင်း ကပ်တီးကပ်ဖဲ့ လုပ်နေပေမယ့် ဘကယ်တော့ သူမစိတ်တွေ ပြောင်းလဲယိမ်းယိုင်နေခဲ့ပြီ။

အပြင်လောကမှာ တစ်ယောက်တည်း ကိုယ့်ဟာကိုယ် ရပ်တည်ကြည့်တော့မှ ဘယ်လောက် ခက်ခဲပင်ပန်းတယ်၊ ဘယ် လောက် အားငယ်စရာ ကောင်းတယ်ဆိုတာ ခံစားတတ်ခဲ့ပြီ။

မိသားစုကိုလည်း နယုန် လွမ်းတတ်လာသည်။

ကိုယ့်မိဘအရိပ်မှာ နေထိုင်တာ အကောင်းဆုံးဆိုတာ လည်း နှလုံးသားထဲကသိတဲ့ အသိမျိုးနဲ့ သိခဲ့ပါပြီ။

သူမဟာ တောင်ပံဖြန့်ပြီး ပျံသန်းကြည့်ခဲ့ပြီ။

အခု နယုန့်မှာ ချစ်သူလည်း ရှိနေပြီ မေမေ။

ဖေဖေသာသိရင် တအံ့တသြ ရင်ဘတ်ဖိမှာ မြင်ယောင် သည်။

နယုန်သည် ဖေဖေနှင့် ဖုန်းပြောရင်း ခေါင်းထဲမှာ အလင်းအကြောင်းက ရောက်လာသေးသည်။

မနက်ဖြန် အိမ်ပြန်ရတော့မည်။

အလင်းကို ကြိုတင် နှုတ်ဆက်ရမလား။

ဟိုရောက်မှပဲ ဖုန်းဆက်တာ ပိုကောင်းမည်ထင်သည်။

"မေမေ. . . ယုန်လေး မေမေ့စကား နားထောင်ပြီး အဲဒီမှာ လိုက်နေကြည့်ပါ့မယ်၊ ဒါပေမယ့် အဆင်မပြေဘူး မပျော်ဘူးဆိုရင်တော့ တခြားမှာ ပြောင်းနေဖို့ မေမေကိုယ်တိုင် ဖေကြီးကို တောင်းဆိုပေးရမယ်. . . ဒါပဲနော်"

"အေးပါကွယ်. . . ပေးပါတယ်. . ."

ယုန်လေး လက်ခံလျှင် မေမေက ကျေနပ်ဝမ်းသာသွား၏။



အလင်းနီသည် ကားကို ဖြေးဖြေးလေး မောင်းဝင်လာရင်း ခြံနံပါတ်တွေကို လှည့်ကြည့် ဖတ်လာခဲ့သည်။

(၉၂. D) 92.D ဆိုတဲ့ ခြံကိုတွေ့မှ သူ မျက်မှောင်ကုပ်စဉ်းစားမိသည်။

ဒီလိပ်စာကို သူ သိတာပဲ။ ကြွေရုပ် သူ့ကို ပေးထားဖူးတဲ့ လိပ်စာ။

ဒါဆို သူရှာနေတာ ဒီခြံ ဟုတ်ပါ့မလား။

စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေသည်။

သို့သော် နယုန်နှင့်သူငယ်ချင်း သူဇာဆီက သိရတဲ့လိပ်စာကတော့ ဒါပါပဲ။

"နယုန် အိမ်ပြောင်းသွားပြီ ကိုအလင်းနီ"

ဟိုတယ်ကို ရောက်မလာတာ နှစ်ရက်ရှိပြီမို့ စိတ်ပူပြီး လိုက်လာတဲ့ သူ့ကို နယုန့်သူငယ်ချင်းက ထိုသတင်းစကားနှင့် ဆီးကြိုသည်။

"ကျွန်တော့်ကို သူ ဘာမှ မပြောပါလား"

"မန္တလေးက သူ့အမေကိုယ်တိုင် လာခေါ်သွားတာ"

"အခု ဘယ်မှာနေတာလဲ"

သူဇာက သူ့ကို တစ်ချက်ကြည့်ပြီး လိပ်စာပြောပြခဲ့တာ။

အလင်းနီသည် ချစ်သူလေးဖက်က အပြောင်းအလဲ တစ်ခုကို သူ သိမထားရတဲ့အတွက် ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားရလေသည်။

ယုန်လေး ဘာလို့ ကြိုမပြောတာလဲ။

ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုပေမယ့်လည်း ယုန်လေးက လျှို့ဝှက် သိုသိပ်ဆဲ။ မိဘ မိသားစုနှင့် ပတ်သက်၍ တစ်ခွန်းမှ မဟ။

မန္တလေးမှာ ယုန်လေးအမေနဲ့ ကြီးကြီးတစ်ယောက် ရှိတာလောက်ပဲ သူ သိထားသည်။





ဖခင်က အတူမနေဘူးတဲ့။ သူသိတာ 'ဒီလောက်ပဲ။

အခုတော့ မထင်မှတ်တဲ့နေရာ၊ ဆိတ်ငြိမ်ရပ်ကွက်ထဲက ခြံကျယ်ဝန်းကျယ် တိုက်လှလှကြီးဆီ ရောက်လာသတဲ့လား။

ယုန်လေး မိခင်ရဲ့ အသိမိတ်ဆွေအိမ် ဖြစ်နိုင်သည်။

မတော်တဆ ကြွေရုပ်မိဘတွေနှင့် ယုန်လေးမိဘတွေဟာ အသိတွေ. . . အမျိုးတွေဆိုရင် ငါ ဘယ်လိုလုပ်မလဲ။

အလင်းနီက ကားပေါ်က မဆင်းသေးဘဲ စတီယာရင်ကို လက်ဖဝါးနှင့် ပုတ်၍ စဉ်းစားတွက်ချက်နေမိသည်။

ဒီအိမ်ကို သူ တစ်ခါမှ မရောက်ဘူးပေမယ့် ဒါ ကြွေရုပ်တို့အိမ် ဖြစ်နေသည်။

ဘာတွေ ကြုံလာမလဲဟု သူ ခန့်မှန်း၍မရ။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူကတော့ ပြေးတွေ့ရင်ဆိုင်မှာပဲ။ ယုန်လေးကို သူ လွမ်းလှပြီ။

မတွေ့ရတဲ့ ဒီနှစ်ရက်ဟာ သူ့အတွက် ကမ္ဘာပျက်နေသလိုပင် ထင်ရသည်။

ဖုန်းကိုလည်း မဆက်တာမို့ ပိုပြီး ရင်ပူခဲ့ရသည်။

ယုန်လေးက တစ်ခါတစ်ခါ အတော် ရက်စက်တာပဲ။

နေလည်း နေနိုင်သည်။

သို့ပေမယ့်လည်း မနေနိုင်တဲ့သူ၊ အရမ်းတွေ့ချင်တဲ့သူက မေးရမြန်းရ ရှာရဖွေရတာပေါ့လေ။

အခုတော့ ကိုးဆယ့်နှစ်-ဒီကို တွေ့ပြီ။

တိုင်လုံးကြီးများဖြင့် ပေါ်တီကို ထုတ်ထားသော နှစ်ထပ်ခွဲ တိုက်ကြီးက သစ်လွင်သားနားလှသည်။

သူတောင် အရှိန်အဝါကို နည်းနည်း ဖြုသွားရ၏။

ကားပေါ်က ဆင်းရပ်ပြီး တခဏ မော့ကြည့်နေမိသည်။

လူရိပ်လူယောင်များ တွေ့မလားဟု. . .။

သံပန်းတံခါးကြားကနေ သေချာ ထပ်ကြည့်သောအခါ ကွန်ကရစ်လမ်းကလေးတစ်ခုက ညာဖက်ကွေ့သွားပြီး အဲဒီလမ်းကလေးရဲ့ အဆုံးမှာ နောက်ထပ် တိုက်ကလေးတစ်လုံး ရှိနေတာ မြင်ရပြန်သည်။

ခြံဝန်းတစ်ခုထဲမှာ တိုက်က နှစ်လုံး၊ တစ်လုံးက ပိုပိုကြီးမားခန့်ထည်သော မျက်နှာစာမှ တိုက်၊ နောက်တစ်လုံးက ခပ်သေးသေး ဘန်ဂလိုပုံစံနှင့် အနောက်ဘက်ကျကျ အစွန်နားဆောက်ထားတာ။





ဘယ်လိုပဲဖြစ်ဖြစ် ရောက်လာမှတော့ ဝင်တွေ့ရမှာပဲ။

ကြွေရုပ်နှင့် ပတ်သက်မှု ရှိနေတယ်ဆိုရင်လည်း သူ့ရဲ့ကံပေါ့လေ။

အလင်းနီက ဆုံဖြတ်ချက်နှင့် ခြံတံခါးဝ အုတ်တိုင်လေးပေါ်က လူခေါ်ဘဲလ်ကို အသာနှိပ်ကြည့်လိုက်၏။

ကြွေရုပ်သည် ကတဲလီယာ သစ်ခွပွင့်အဖြူလေး နောက်တစ်ပွင့် ပွင့်လာတာကို သဘောတကျ ကိုင်ကြည့်ရင်း တံခါးဘဲလ်သံကြောင့် ခြံတံခါးဝကို လှမ်းကြည့်လိုက်မိသည်။

စတိုင်လ်ဘောင်းဘီ အနက်ရောင်နှင့် ကာကီရောင်ရှပ်အကျီကို ဝတ်ထားသော အရပ်မြင့်မြင့် သဏ္ဌာန်ကို မသဲမကွဲလှမ်းမြင်တာနှင့် ဘယ်သူလဲဆိုတာ သူမ သိသွားရပြီ။

ကြည့်စမ်းပါဦး. . .

အလင်းတစ်ယောက် အိမ်အထိ ပေါက်ချလာပြီ။

အခုတလော အလင်းနှင့် မတွေ့ဖြစ်တာပင် ကြာပြီ။

ကြွေရုပ်က အိမ်နေရင်းဝတ် သံချေးရောင်ဂါဝန်လေးနှင့်ပဲ သော့အရင် ပြေးယူ၍ ခြံတံခါးဆီ ထွက်ခဲ့သည်။

မာလီ ဦးထွေးကိုပင် မခေါ်တော့။

အမှန်တော့ လူဝင်ပေါက်တံခါးကို သော့မခတ်ထား။

ကားဝင်လို့ရတဲ့ တံခါးချပ်ကြီးများကိုသာ သော့ခတ်ထားတာ။

အလင်းနီက ကြွေရုပ်ထွက်လာတာ လှမ်းတွေ့ရတာမို့ ရဲရဲတင်းတင်းပဲ တံခါးကို တွန်း၍ လှမ်းဝင်လိုက်ပါသည်။

ကြွေရုပ်က အဝေးကနေပင် သူ့ကို မခို့တရို့လေး လှမ်းပြုံးပြနေသည်။

အခုတော့ ကျွန်မဆီကို ရှင် ရောက်လာခဲ့ပြီမဟုတ်လား ဆိုသော ပိုင်နိုင်သေချာသော ဟန်ပန်ကလေးနှင့်။

ထိုစဉ်မှာပင် တိုက်နံဘေးမှာ တစ်ယောက်တည်း ဘောလုံးကို ပုတ်ကာပုတ်ကာ ဘတ်စကတ်ဘော ကစားနေသည့် မိုးနယုန်ကလည်း ဒီဖက်ကို လှည့်အကြည့်မှာ ခြံထဲ လှမ်းဝင်လာတဲ့ အလင်းနီကို တွေ့သွားပါသည်။

ဟောတော့. . .

သူမ့မျက်လုံးလေး ဝိုင်းသွားရသည်။

အလင်း. . .

အလင်း ရောက်လာပြီ။





သူဇာ လိပ်စာပေးလိုက်သည် ထင်ပါရဲ့။

နယုန်သည် အပြစ်လုပ်ထားမိသူလို ပုခုံးလေး ကျုံ့လျက် ပြောင်စပ်စပ် လုပ်ပြလိုက်သည်။

တီရှပ်အဖြူ ဘောင်းဘီတိုဖြူဖြူနှင့် သူမရဲ့ပုံစံလေးမှာ ကလေးဆန်ဆန် လှပနေသည်။

မျက်နှာလေးမှာ ချွေးစို့လျက် ခပ်နီနီနှင့်။

နယုန်က အလင်းနီကို လှစ်ကနဲ ပြေးကြိုဖို့ ရည်ရွယ်သည်။

သို့ပေမယ့် အလင်းနား မရောက်ခင် အလိုလို ခြေလှမ်း တုန့်သွားရသည်။

သူမရဲ့ ရှေ့မလှမ်းမကမ်းလေးမှာ ကြွေရုပ်ဖြူက အလင်းဆီ ဦးတည်သွားနေတယ်လေ။

ကျောဟိုက်သော သံချေးရောင်ဂါဝန် အကျပ်ကလေးနှင့် ဖြူဝင်းနေသော နောက်ပိုင်းအလှက မိန်းကလေးချင်းပင် မျက်လုံး မလွှဲချင်အောင် ငေးစရာ ဖြစ်နေတာ။

သွယ်စင်းသော ခြေသလုံးလေးတွေကလည်း ဆွဲဆောင်မှု ရှိလိုက်တာ။

• ညတ်ဝင်းစာပေ •

ကြေရှပ်က အလင်းဆီကို ဘာကြောင့် လှုပ်လီလှုပ်လဲ့လေး ပဲမျှားပြီး လျှောက်နေရတာလဲ။

နွဲ့နွဲ့လေး လှမ်းနေပုံကပင် တစ်မျိုးသော ဟန်မူယာ ဖြစ်နေသည်။

အလင်းနီသည် ကြေရှပ်ရဲ့ နောက်ဘက်နားက ပေါ်လာသော အဖြူရောင်ဝတ်စုံနှင့် ကောင်မလေးကိုမြင်လျှင် မျက်နှာတပြင်လုံး ဝင်းကနဲလက်ကာ နဂိုပြုံးထားသလို ဟန်ဆောင်ပြုံး မဟုတ်ဘဲ အားပါးတရ ပြုံးလိုက်မိ၏။

ဘောလုံးလေး ပိုက်ပြီး ထွက်လာတဲ့ သူ့ချစ်သူကို မြတ်နိုးစွာ ကြည့်နေမိ၏။

"အလင်း . . . လာလေ"

ကြေရှပ်က အခေါ်၊ အလင်းက နယုန့်ထံ လှမ်းအပြုံး။ အလင်းမျက်နှာ အမူအရာကြောင့် ကြေရှပ်ကလည်း နောက်ဘက် ဖျတ်ကနဲ လှည့်အကြည့် . . .။

နယုန်သည် ခြေလှမ်းတုန့်သွားရာမှ ပြန်လှည့်ပြေးဖို့ ရည်ရွယ်လိုက်သည်။

ကြည့်စမ်း . . .





သူလာတာ ယုန်လေးဆီကို မဟုတ်။

သူ ရောက်လာတာ ကြေရှပ်ဖြူဆီတဲ့။

အား . . . ရှက်ဖို့ ကောင်းလိုက်တာနော်။

ယုန်လေးကဖြင့် ကိုယ့်ဆီ လိုက်လာပြီလို့ မှတ်ထင်နေမိ ဘာ။

လွဲချက်ကလည်း အောင့်သက်သက်။

"ဟိတ် . . . ယုန်လေး"

နယုန့်အမူအရာ ကြည့်တာနှင့် သူ့ကို အထင်လွဲပြီဆိုတာ အလင်းနီ ရိပ်မိလိုက်သည်။

ထို့ကြောင့် သူ့ရှေ့က ကြေရှပ်ကို ဂရုမပြုနိုင်ဘဲ ပြန်လှည့်ပြေးတဲ့ ယုန်လေးနောက်က အမြန်လိုက်ရ၏။

"ခဏနေပါဦး . . . ဘာလို့ လှည့်ပြေးတာလဲ"

လက်ကောက်ဝတ်ကလေးကို အမိအရ ဖမ်းဆွဲ၍ သူ တားမြစ်လိုက်သည်။

ကြေရှပ်ဖြူသည် အဖြစ်အပျက်ကို တခဏတော့ အံ့အားသင့်နေမိသည်။

ပြုံးလျှင် ရှက်ခြင်း၊ ခံပြင်းအောင့်သက်ခြင်းက သူမတစ်

ကိုယ်လုံးသို့ ဖုံးလွှမ်းလာပြီး မျက်စိမျက်နှာပျက်သွားမိ၏။

မနေ့တစ်နေ့ကမှ ရောက်လာတဲ့ ဂျစ်ကန်ကန် အပိုး မကျိုးလှတဲ့ ဒေါ်သက်ချိုရဲ့သမီး ဟိုမကျဒီမကျ ယောက်ျားလေး စတိုင်လ်နဲ့ မိုးနယုန်ဟာ ဘယ်အချိန်ကများ သူမရဲ့ အလင်းနီကို သိနေရတာလဲ။

အလင်းခေါ်တာကလည်း ကြည့်ဦး. . .

ယုန်လေးတဲ့. . .။

တရင်းတနှီးနဲ့ နားကြားပြင်းကပ်ဖွယ်။

ဒါထက် ပိုရုပ်ဆိုးတာကတော့ အဲဒီ မိုးနယုန်ရဲ့ လက်တို အူယားဖားယား ပြေးဆွဲလိုက်တာပါပဲ။

ကြွေရုပ်မှာ ကိုယ့်မျက်စိကိုယ်ပင် မယုံချင်။

အလင်းနီ ဒီလောက်ထိ ရဲတင်းသွက်ကလ်နေတာကိုပဲ မျက်စိစပါးမွေး စူးရသည်။

ဟွန်း. . . ဖြစ်နေလိုက်တာ။

အဲဒီဟာလေးက ဘာမို့လို့လဲ။

သူ ဒီလောက် ပျာပျာသလဲ အရေးတယူ ဖြစ်နေရအောင် နယုန်က ကြွေရုပ်တစ်ဝက်တောင် မလှတဲ့ဥစ္စာ။





ကြွေရုပ်က သူတို့ဖက် တစ်လှမ်းချင်း လှမ်းရင်း ဝန်တို ငြူစူနေမိပေမယ့် အလင်းကတော့ ယုန်လေးမျက်နှာလေးကိုသာ ပျောက်သွားမလို ကြည့်နေလျက်။

"ယုန်လေးရယ်. . . အိမ်ပြောင်းတာတောင် ကိုယ့်ကို အသိမပေးဘူး၊ ယုန်လေး ရောက်မလာလို့ ကိုယ်က မျှော်နေတာ၊ နေမကောင်းဘူးလားဆိုပြီး စိတ်ပူမိတာနဲ့ သူဇာတို့အိမ် လိုက်သွားမှ ပြောင်းသွားပြီလို့ သိရတာ၊ ယုန်လေး ဘာလို့ အလုပ်မဆင်းတာလဲ. . . ပြောပါဦး"

"အလုပ်က ထွက်လိုက်ပြီ"

နယုန်က အေးအေးဆေးဆေးပဲ ဖြေလိုက်သည်။

ဒီအလုပ်ကို လိုချင်တုန်းကတော့ သူကလေးပဲ အသည်းအသန်။

"ဘာလို့ ထွက်ရမှာလဲ"

"ကျွန်တော် ထွက်တာ မဟုတ်ဘူး၊ ဘော့စ်က အလုပ်ထုတ်လိုက်တာ"

"ဟာ့ကွာ. . . မဖြစ်နိုင်တာ၊ ဘော့စ်က ယုန်လေးကိုမှ ရွေးပြီး ဘာလို့ အလုပ်ထုတ်ပစ်ရမှာလဲ"

နယုန်နဲ့စကားကြောင့် အလင်းနီ အံ့အားသင့်သွားရ၏။

မြမြခိုင်တို့ကတော့ ပြောသား. . .

ဦးနေဟိန်းက ယုန်လေးကို သူ့ရုံးခန်းခေါ် တွေ့တယ်တဲ့။

ဘာကိစ္စမှန်းသာ မသိကြတာ။

နယုန် ဘာအပြစ်လုပ်မိသလဲ သူလည်း စဉ်းစားမရ။

သို့သော် ထိုကိစ္စက ခဏထားဦး။

"ကဲ . . . ဦးအလင်းနီ၊ ကျွန်တော့်လက်ကို လွှတ်၊ ခင်ဗျား အခုမှ ဟန်ဆောင်ပန်ဆောင် မျက်နှာချိုလာမသွေးနဲ့၊ ခင်ဗျား ဒီကိုလာတာ မကြွေရုပ်ဆီ လာတာ မဟုတ်လား၊ ညာမယ် မကြံနဲ့"

"မဟုတ်ဘူး. . . ယုန်လေးဆီလာတာ၊ ယုန်လေးကို လွမ်းလို့"

"အပိုတွေ လာမပြောနဲ့၊ ဒီမှာ မကြွေရုပ် လာနေပြီ မေးကြည့်လိုက်မယ်"

ကြွေရုပ်က ပြုံးပြုံးလေး ဟန်ဆောင်ယိုက. . .

"အလင်းက နယုန်နဲ့ သိနေတာကိုး"

"ဒါပေမယ့် သူ မကြွေရုပ်ဆီ လာတာပါ"





"မဟုတ်ဘူး. . . ယုန်လေး အလုပ်မဆင်းလို့ လာမေးတာ၊ ဒီရောက်မှ ကြွေရုပ်တို့ခြံပဲ ဖြစ်နေလို့ ကိုယ်က အံ့ဩနေတာ"

သူ အတည်ပြု ထပ်ပြောမှပဲ ကြွေရုပ် ပိုအောင့်သွားရ၏။

အလင်းနီက ဒီလို ပြောင်ကျတဲ့သူလား။

ကြွေရုပ် မယုံချင်။

ဒီလို ဘာမဟုတ်တဲ့ ကောင်မလေးက ကြွေရုပ်နှင့် ပြိုင်ဖက် ဖြစ်နေတာကိုပဲ မခံချိမခံသာ ဖြစ်မိသည်။

သူတို့ကြည့်ရတာ အတိုင်းအတာတစ်ခုထိ ပတ်သက်ကျွမ်းဝင်နေပုံပင်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်တဲ့ မျက်လုံးတွေက သိသာနေတာ။

"မိုးနယုန်နဲ့ ခင်နေတာ ကြွေရုပ်တောင် မသိဘူး၊ ကဲ. . မိုးတို့မတ်တပ်ကြီးနဲ့ မကောင်းပါဘူး၊ လာ. . . ဟိုဒန်းပေါ် ပဲ သွားထိုင်ရအောင်"

ကြွေရုပ်က ဟန်မပျက် ဦးဆောင်လိုက်သည်။

အလင်းက သူမဆီ လာတာ မဟုတ်ပါဘူးလို့ ငြင်းပေ

မယ့် ကြွေရုပ်ကတော့ လှည့်ထွက်သွားပေးဖို့ မစဉ်းစားပါဘူး။

သူတို့ချင်း ဘာတွေပြောမလဲ နားထောင်ချင်သေးသည်။

အလင်း ဘယ်အချိန်က ကြိတ်ပုန်းခုတ် ကြိုးစားလိုက်သလဲ သိချင်သေးသည်။

ဝတ်မှုံကတော့ အလင်းနီကို သိပ်လည်း စိတ်ချမထားနဲ့ဦးဟု သူမကို သတိပေးခဲ့သေးသည်။

'သူ့ကားပေါ်မှာ ဆံပင်တိုတို ကောင်မလေးတစ်ယောက်ပါလာတယ် သိလား' ဟု ပြောတာကိုပင် ကြွေရုပ်က သိပ်အလေးအနက် မထားခဲ့။

အခု ကိုယ့်မျက်မြင် ကြုံရမှပဲ အလင်း ဒီလိုပြောင်းလဲနေတာ ယုံရသည်။

ဝတ်မှုံပြောတဲ့ ကောင်မလေးဟာ မိုးနယုန်ပဲ ဖြစ်မည်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒေါ်သက်ချိုရဲ့သမီး ဖြစ်နေတာကို ကြွေရုပ် ဘာမှ မတတ်နိုင်။

အလင်းနီအပေါ် လက်ခံတယ်လည်း မဟုတ်။

လက်မခံဘူးလည်း မဟုတ်ဘဲ မတင်မကျ အချိန်ဆွဲရင်း





အင်တင်တင် လုပ်ထားမိတဲ့ ကြွေရုပ်သည် အခုမှ ရင်ထဲ ဗွက်ပေါက်လောင် မနာလို ဝန်တိုစိတ်တွေ များပြားလာပါသည်။

အလင်းနီလို လူတစ်ယောက်ကိုတော့ သူမ ဘယ်အချိန်ခေါ်ခေါ်ညိတ်ညိတ် ရနိုင်ပါတယ်လို့ ယူဆထားခဲ့တာ လုံးလုံးပျားယွင်းနေတာပေါ့။

အလင်းနီက ဒက်ဒီသမီးနှင့်ပင် လျင်မြန်စွာ ဇာတ်လမ်းဖြစ်နေပြီ။ အတော်ခြေသွက်တဲ့အလင်း. . .။

နယုန်က ကြွေရုပ်ရဲ့ တစ်မျိုးသော မျက်လုံးအမိုက်တွေကို နားလည်သဘောပေါက်သည်။

ဘာမှ မပြောပေမယ့် အလင်းကို ခပ်ကြိမ်းကြိမ်းလေး ကြည့်မိသည်။

အလင်း အသေအလဲ ကြိုက်ပြီး ပရိုပို့စ်လုပ်ထားတဲ့ မိန်းကလေးဟာ ဟောဒီ ကြွေရုပ်ကလွဲ၍ ဘယ်သူမှ မဖြစ်နိုင်။

ပြည့်စုံကြွယ်ဝသော သူဌေးသမီး. .

စက်စက်ယိုအောင် လှပါတယ်-ချီးမွမ်းထားတဲ့ အလင်းရဲ့ လမင်းလေးပေါ့လေ။

နယုန်က နှုတ်ခမ်းလေးပင် မဲ့ရွဲ့ပြလိုက်ချင်မိသည်။

အရင်က သိချင်လွန်းလို့ တဖွဖွမေးခဲ့တုန်းက သူ မဖြေ။

အခုတော့ အလင်းချစ်ပါတယ်ဆိုတဲ့ မိန်းကလေးဟာ ဘယ်သူလဲ သူမ သိသွားပြီ။

နယုန်သည် ကြွေရုပ်လည်း အနားမှာ ရှိနေသဖြင့် အလင်းကို ဘာမှမမေး။

စကားနာထိုးဖို့ ထေ့ဖို့ငေါ့ဖို့တွေ ရှိပေမယ့် လောလောဆယ်တော့ နှုတ်ပိတ်ထားရသေးသည်။

"အလင်းနဲ့ နယုန်နဲ့ ခင်နေတာ ကြာပြီလား"

ကြွေရုပ် မေးခွန်းကြောင့် တစ်ဦးကိုတစ်ဦး ဖျတ်ကနဲ ကြည့်မိသည်။

"နယုန် ရန်ကုန်ရောက်တာတောင် မကြာသေးပါဘူး ဟုတ်တယ်မို့လား၊ ဒီလောက် အချိန်လေးနဲ့ ဘယ်လိုတွေ့ဖြစ်သွားတာလဲ"

ကြွေရုပ်က တအံ့တသြလေး မေးနေတာ။ အချိန်လေး အတွင်း ချစ်သူတွေပင် ဖြစ်သွားကြပြီဆိုတာ သိလျှင် သူ ပိုပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ဦးမှာ။

"အဟင်း. . . အွန်လိုင်းပေါ်က သိနေတာလား၊ ဒါ





ကြောင့် ဖြေဖို့ ရှက်နေတာလား အလင်းရဲ့၊ နယုန်က တခြားလူ မဟုတ်ဘူးနော်၊ သူက ကြွေရုပ် ညီမလေးပဲရှင့်. . . သိရဲ့လား"

သူက မိတ်ဆွေတွေများ ဖြစ်နေမလားဟု ကြိုတင် ခန့်မှန်းနေချိန်မှာ သူမတို့နှစ်ယောက်က ဘယ်လိုဘယ်လို ညီအစ်မ တော်စပ်လိုက်ပြန်တာလဲ။

အလင်းနီ မျက်စိတွေတောင် လည်ရမလို ဖြစ်သွားရသည်။

မနေ့တစ်နေ့ကမှ လူချင်းတွေ့ဖူးတဲ့ ညီအစ်မဆိုတာ လည်း ထည့်ပြောပါဦးလား။

နယုန့်မေမေဟာ သူ့ဒက်ဒီရဲ့ ပထမဇနီးဆိုတာရော ရှင်း ပြဦးမှာလား။

အလင်းကို သူက ဘယ်လောက်ထိ ပတ်သက်မယ် ရည် ရွယ်လို့ ဒိမ်တွင်းရေးတွေ ဖွင့်ဟချပြဖို့ စဉ်းစားရတာလဲ။

ကြွေရုပ်သဘောကို နယုန် နားမလည်။

အစကတည်းက ဖေဖေ့သမီးနေရာမှာ နေရ၍ သူ့ အပေါ် နယုန် မကျေနပ်။

အခုတဖန် အလင်းရဲ့နှလုံးသားထဲက ဦးဦးဖျားဖျား ပန်း ပွင့်လေးက သူပဲဖြစ်နေပြန်တော့ စူးစူးရှရှ ရင်နာရသည်။

ကြွေရုပ်ဖက်က လက်မခံရသေးဘူးဆိုပေမယ့် အလင်းက ချစ်တယ်ဆိုတာ တစ်ခုနှင့်ပဲ သူမရင်ထဲ အတော်ကြီး နှမြောကြေကွဲမနာလိုအောင် ဖြစ်ရသည်။



"ဟက်လို. . ."

နယုန်က ပေါ်လာတဲ့ ဖုန်းနံပါတ်ကို ကြည့်ပြီး ခပ်ဆတ်ဆတ်လေး ထူးလိုက်မိသည်။

သူ့အပေါ် ရင်ထဲမှာ ခုထိ မကျေနပ်။

"ယုန်လေးရာ. . . မင်း သိပ်ဆိုးပါလားကွာ"

"ဟဲ့မယ်. . . ဘယ်သူက ဆိုးတာလဲ"

"မင်းဆိုးတာပေါ့ မင်း သက်သက်မဲ့ ကိုယ့်ကို ချောက်ချတာမှလား. . ."

"ဘာတွေ လာပြောနေတာလဲ ဦးအလင်းနိုရဲ့"

နယုန် မသိချင်ယောင်ဆောင်ပြီး ပြန်မေးနေတာလေးကို ပဲ အလင်း မချင့်မရဲ ဖြစ်မိသည်။

"မင်းကွာ . . . ဘော့စ်က အလုပ်ထုတ်ပစ်တယ်ဆိုလို့ ကိုယ် စိတ်မကောင်း ဖြစ်နေတာ၊ ဦးနေဟိန်းကို မျက်နှာချင်းဆိုင် သွားမေးမယ်ဆိုပြီး သူ့ရှေ့ ရောက်သွားတယ်"

"ဟိ . . . ဟိ . . . အလင်း တကယ် သွားမေးတယ်"

"မေးတာပေါ့ကွ . . . မိုးနယုန်မှာ ဘာအပြစ်ရှိလို့လဲ၊ သူ ဘာလုပ်လို့ အလုပ်ထုတ်ခံရတဲ့အထိ အပြစ်ပေးတာလဲ ဘာညာနဲ့ ကိုယ်သွားမေးပစ်လိုက်တယ်"

"အဲဒီတော့ . . ."

"မိုးနယုန်ကို နောက်နေ့ အလုပ်ဆင်းစရာ မလိုဘူးလို့ ငါ အမိန့်ပေးလိုက်တာတဲ့၊ ငါ့သမီးမို့လို့ ငါ အလုပ်ဖြုတ်ပစ်တာ မောင်ရင်နဲ့ ဘာဆိုင်သလဲတဲ့"

"ဟင် . . . ဖေဖေ တကယ် အဲလိုပြောတယ်"

"ယုန်လေးကွာ . . . ဦးနေဟိန်းက ယုန်လေးအဖေဆိုတာ တစ်ခွန်းမှ မပြောဘူးနော်၊ မျက်နှာပူစရာကောင်းလိုက်တာ၊ ကိုယ်က မသိဘဲ သွားပြဿနာ ရှာနေမိတယ်"





"နယုန်လည်း တမင် အသိမပေးတဲ့သဘော မဟုတ်ပါဘူး၊ မိသားစုအကြောင်းတွေ ရှင်းပြနေရမှာစိုးလို့"

"ယုန်လေးက ကိုယ့်ကို အတွင်းလူလို့ မသတ်မှတ်လို့ပါ၊ သမီးရည်းစားချင်း ယုံကြည်မှု မရှိတာ"

အလင်းနီသည် အောင့်သက်သက် ခံစားချက်ဖြင့် မျက်နှာပျက်ယွင်း မှုန်တည်နေမိသည်။

ဦးနေဟိန်းကို သူ တကယ်ပဲ သွားမေးခဲ့တာ။

ဒီတော့မှ မိုးနယုန်က သူ့သမီးဆိုတာ သိလိုက်ရတာ။

"အန်ကယ် မင်းကို သိပါတယ်၊ သမီးလေးကလည်း မင်း အကြောင်းတွေ ပြောပြတယ်၊ သူ ဒီကို ရောက်စကတည်းက မင်းပဲ လိုလေသေးမရှိ ကူညီစောင့်ရှောက်ထားတာလို့ ပြောတယ်၊ အဲဒီအတွက် အန်ကယ် ကျေးဇူးတင်တယ်ကွာ၊ မိသားစုလို သဘောထားပြီး အန်ကယ်တို့အိမ်ကို ဝင်ပါ . . ထွက်ပါ၊ အန်ကယ့် သမီးကလည်း မင်းသိတဲ့အတိုင်း ဂျစ်ကန်ကန် ဇွတ်ဆတ်ဆတ်နဲ့ သိပ်ပုံစံမကျဘူးဆိုတော့ သူနဲ့ အဆင်ပြေတာကိုပဲ မင်းကို ချီးမွမ်း ရမယ်ကွ၊ ဆက်ပြီးတော့လည်း စောင့်ရှောက်ပေးပါ မောင် ဖ အလင်းနီ၊ သမီးကို ပြုပြင်နိုင်တာ မင်းပဲရှိတယ် . . .

. . . အစက အန်ကယ့်အိမ် သူ မနေဘူးပဲ လုပ်နေတာကွ၊ အခုမှ စိတ်ပြောင်းသွားပြီး လက်ခံတာ၊ တကယ်တမ်းပြောရရင် အန်ကယ့်ဘဝမှာ ဒီသမီးလေးကိုပဲ စိတ်မချတာကွ၊ အရင်တာဝန် မယူဖြစ်ခဲ့မိတာတွေအတွက် အခုမှ အတိုးချပြီး ပေးဆပ်ရမယ်၊ နယုန်လေး စိတ်ချမ်းသာဖို့ သူ့ဘဝ ပြီးပြည့်စုံဖို့ အန်ကယ်အရမ်း အလေးအနက် ထားပါတယ်၊ ဒါကြောင့် မင်းကိုလည်း ကျေးဇူးတင်ပါတယ်ကွာ"

အန်ကယ်လ် ဦးနေဟိန်း စကားတွေ အလင်းနီ ပြန်ကြားယောင်မိ၏။ ယောက္ခမလောင်းကြီးကတော့ ပြောရလျှင် အိုကေတယ်ပဲ ဆိုပါတော့။

မအိုကေနိုင်သေးတာက ချစ်သူ ယုန်လေးပါပဲ။

"သမီးရည်းစားဆိုတာ တစ်ယောက်ကိုတစ်ယောက် တကယ် နှစ်နှစ်ကာကာ ချစ်မှ အဓိပ္ပာယ်ရှိမှာပါ အခု အလင်းချစ်တာက တခြားတစ်ယောက် ဖြစ်နေတယ်ဆိုတော့ နယုန်လည်း အားလုံးကို ပြန်စဉ်းစားရမယ်"

"ဘာတခြားတစ်ယောက်လဲ. . . ယုန်လေးနော်၊ မင်း ပြဿနာမရှာနဲ့"





"အလင်းရင်ထဲမှာ အလေးအနက်ထားပြီး ချစ်နေတာ မကြွေရုပ် မဟုတ်လား၊ နယုန်နဲ့က မတော်တဆ မရည်ရွယ်ဘဲ ချစ်မိသွားတာ၊ အင်း. . . နီးစပ်သွားတာလို့ ပြောရင် ပိုမှန်မယ် ထင်တယ်"

"မင်း ထင်နေတာ ဘာမှမဟုတ်ဘူး၊ ကြွေရုပ်ဆီ ခွင့်ပန်တဲ့ကိစ္စ ရုပ်သိမ်းပြီးသားပါလို့ မင်းကို ပြောခဲ့ပြီးပြီလေ၊ မင်းလည်း ငါ့ကို ချစ်တယ်လို့ အဖြေပေးပြီးသား၊ အခုမှ မင်း ငါ့ကို အရူးလုပ်ဖို့ မစဉ်းစားနဲ့ ယုန်လေး. . . ငါ ထပ်ပြောမယ်၊ ငါ ချစ်တာ မင်းပဲ၊ မင်းကို စတွေ့ကတည်းက ချစ်မိတာ၊ အန်ကယ်ဦးနေဟိန်း သမီးမှန်း မသိခင်ကတည်းက မင်းအပေါ် စူးစူးနစ်နစ် ချစ်ခဲ့တာပါကွာ၊ အခု အခြေအနေမျိုးမှာ မင်း ပြန်နောက်ဆုတ်မယ်ဆိုရင်တော့ မင်းသဘောပါ"

အလင်းပြောပုံကြောင့် စိတ်ကောက်ရန်တွေ့မယ်၊ စကားနာထိုး ပြဿနာလုပ်မယ်ဟု စဉ်းစားထားသော မိုးနယုန်မှာ နှုတ်ခမ်းလေးကိုက်၍ ငြိမ်တွေသွားရသည်။

ကြည့်ပါဦး. . .

သူတွေးတာက တခြားစီ။

အလင်းနီဖက်က ခံစားမှုကို ရိပ်စားမိလျှင် သူမ အားနာ နှုတ်ဆွံ့သွားရသည်။

ဪ. . . သူ့ဖက်မှာလည်း သူ့ဘာသာ သိမ်ငယ်မှု နှင့်ကိုး. . .။

ဦးနေဟိန်းသမီးဆိုသော အရှိန်အဝါကို သူ ကြောက်နေ ရသေးလား. . . ဖြစ်မှ ဖြစ်ရလေနော်။

အဲဒါဟာ သူ့အတွက် အားငယ်စရာမို့လို့လား။

မကြွေရုပ်နှင့်တုန်းကလို စွန့်လွှတ်ရဦးမလား၊ သူ့အချစ် တွေ ပြန်ရုပ်သိမ်းရဦးမလား စိုးရိမ်တွေးတွေ ရှိနေပုံရတဲ့ အလင်း ကြောင့် သူမ စိတ်ဆိုးဖို့တောင် မေ့သွားရသည်။

အလင်းရယ်. . .

ကျွန်တော်က ခင်ဗျားကိုလေ. . . ဘာနဲ့မှ မရောထွေး ဘဲ သီးသန့်ကလေး ချစ်တာပါ။

မကြွေရုပ်နဲ့ မိုးနယုန်ဟာ ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး နော်. . .။

ဦးနေဟိန်းသမီးဖြစ်တာနဲ့ပဲ ကိုယ်ချစ်တဲ့ ချစ်သူကို ပြန် တွက်ချက် စဉ်းစားနောက်ဆုတ်ရမှာလား။





သိပ်အတွေးခေါင်တဲ့ လူကြီးပဲ။

"ဟက်လို . . . ယုန်လေး. . ."

"ဘာလဲ. . ."

"ဪ. . . တိတ်သွားလို့ပါ"

"အလင်းကို မေးမယ်. . ."

"အင်း. . ."

"မကြွေရုပ်ကို ချစ်သေးလားဟင်၊ ချစ်နေသေးတယ်ဆို ရင် နယုန်က အလင်း စိတ်ချမ်းသာစေချင်လို့ပါ"

"ဘာတွေ လာမေးနေတာလဲ၊ ကိုယ့်ကို ခုထိ မယုံသေး ဘူးလား၊ ကြွေရုပ်ဆိုတာ ကိုယ့်ခေါင်းထဲမှာ ရှိတောင် မရှိတော့ ဘူး၊ ယုန်လေးနဲ့ အတူတူ တွေ့လိုက်ရတဲ့အချိန်မှာ ကိုယ် မျက်နှာ ပူသွားမိတာပဲ ရှိတယ်၊ ရှင်းရှင်းပြောရရင် သူက ဦးနေဟိန်းရဲ့ သမီးအကြီးဆိုတာလည်း ကိုယ် အခုမှ သိရတာ၊ သူ့ပုံစံက မာန ကြီးပုံရတာနဲ့ ကိုယ့်ဘာသာ အသာကလေး ဘက်ခ်ဆုတ်ထားတာ ကြာပြီ၊ ယုန်လေးကို အစကတည်းက ကိုယ် ဝန်ခံထားပြီးသားပဲ၊ ကိုယ့်ဘဝထဲကို ယုန်လေး ရောက်မလာဘူးဆိုရင်လည်း ကိုယ် သူ့ဘက် ပြန်မလှည့်တော့ဘူးလို့ ဆုံးဖြတ်ပြီးသားပါ။ အဲဒီကိစ္စနဲ့

ပတ်သက်ပြီး ယုန်လေး စိတ်ရှင်းရှင်း ထားစမ်းပါကွာ၊ ကိုယ့်အပေါ် အထင်မလွဲပါနဲ့"

အို အလင်းပြောနေတဲ့ စကားတွေ တကယ် အမှန်အတိုင်း ဖြစ်ပါစေ။ နယုန် မျက်စိလေးမှိတ်ကာ ဆန္ဒပြုမိသည်။

"အလင်း. . . အလင်းပြောသလိုပဲ ထားပါဦး၊ အခုအချိန်မှာ မကြွေရုပ်ဖက်က သဘောထား ပြောင်းလိုက်ပြီ အလင်းကို မျက်နှာသာပေးမယ်ဆိုရင်ရော. . ."

"ဟာကွာ. . . ရှင်းပြပြီးပြီ၊ မဖြစ်နိုင်တော့ဘူးလို့. . ."

"ဟုတ်ရဲ့လား အလင်းရာ. . . သူက ကြွေရုပ်ကလေးလို သိပ်လှတာနော်၊ ယုန်လေးက သူ့လိုလည်း မလှဘူး"

ချစ်သူလေးရဲ့ ပွင့်လင်းသော ပြောဆိုသံလေးကြောင့် အလင်းနီ နှုတ်ခမ်းတွေက ချစ်စနိုး ပြုံးမြလာရသည်။

"ကိုယ့်မျက်စိထဲမှာ မင်းက ပိုလှတယ်"

"ဒါကတော့ ညာတာပါ၊ အဲသိသာကြီး"

"မင်းကို ပိုချစ်တယ်"

"ဟင်. . . ဘာပြောလိုက်တယ်၊ ပိုချစ်တယ် ဟုတ်လား၊ ဒါဆို သူ့ကိုလည်း ချစ်နေသေးတယ်ဆိုတဲ့ သဘောပေါ့"





"ဟာ . . . ဆောရီး၊ စကားမှားသွားတာ၊ စိတ်မဆိုးနဲ့"

"ရင်ထဲက အမှန်တရားတွေ ပေါ်လာတာပါ၊ ဟွန်း. . . သိသားပဲ"

"ယုန်လေးရာ. . . မင်း သိပ်စားပါလား"

"အဲဒါဆိုလည်း မချစ်နဲ့တော့"

"ကိုယ်မှ မချစ်လို့ မရတော့တာ"

"အပိုတွေပါ . . . မကြွေရုပ်ကိုသာရမယ်ဆိုရင် ခုချက်ချင်း ပြေးလာမှာ မြင်ယောင်သေးတယ်၊ ဟိုက ငြင်းထားလို့သာ အရှက်ပြေ ပြန်ရုပ်သိမ်းပါတယ် ဘာညာနဲ့ လျှောက်ပြောနေတာ၊ ခင်ဗျားစိတ်ထဲမှာ ဘာရှိလဲ ကျွန်တော် မြင်တယ် ဦးအလင်းနီ၊ လိမ်ဖို့ မစဉ်းစားနဲ့"

"ဟာကွာ. . . အဲဒါတော့ မင်းလွန်တယ်၊ ကိုယ့်ကို အထင်သေးလွန်းတယ်"

"အထင်သေးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီကိစ္စကို ယုန်လေး မေ့နိုင်မှာ မဟုတ်ဘူး၊ အလင်းမျက်နှာကို ကြည့်မိတိုင်းမှာ 'ဩော်. . . သူချစ်တာ ငါ မဟုတ်ဘူး' လို့ အမြဲတမ်း တွေးနေမိမှာ"

ယုန်လေးအပြောကြောင့် အလင်းနီ စိတ်မကောင်း ဖြစ်ရသည်။

ကြွေရုပ်နှင့် ခင်မင်ပတ်သက်ခဲ့မိတာကို သူ့ဘဝထဲက ပြန်နုတ်ပယ် ဖယ်ရှားလိုက်ချင်မိတာ အမှန်ပါ။

ထိုအတိတ်ကြောင့် ယုန်လေး စိတ်ထိခိုက်ရတာမျိုး မဖြစ်စေချင်။

"မဟုတ်ဘူး ယုန်လေး. . . သူ တကယ်ချစ်တာ ငါပါ လားလို့ အမြဲတမ်း ဂုဏ်ယူရမှာပါ"

"တကယ်ရော ဟုတ်ရဲ့လား အလင်းရယ်. . . "

နယုန်က တိုးတိတ်စွာ ပြန်မေးလိုက်သည်။

ညာတာဆိုရင်လည်း အဲလိုညာတဲ့အတွက် စိတ်ချမ်းသာရပါတယ် အလင်းရယ်။

နောင်လည်း အမြဲညာပေးပါ။

"ယုန်လေးကို အရမ်းချစ်တယ်"

အလင်းစကားကြောင့် နှလုံးသားမှာ ကြည်နူးလိုက်ခုန်ရသည်။

"ယုန်လေးလည်း ချစ်တယ်"





"အနားကပ်ပြောကွာ၊ ထပ်ကြားချင်တယ်. . . ကိုယ် အခုပဲ ယုန်လေးဆီ လာခဲ့မယ်"

"အံမယ်. . . မိုးချုပ်တော့မယ့်ဥစ္စာ"

"လာမှာပဲ . . . မရဘူး"

"ဖေဖေနဲ့ တိုးနေမယ်နော်"

"အေးဆေးပဲ. . . အန်ကယ်လ်က ပြောတယ်၊ အိမ်ကို ဝင်ထွက်ပါတဲ့၊ အပိုးမကျိုးတဲ့ သူ့သမီးလေးကိုလည်း စောင့်ရှောက်ပါတဲ့"

"အို. . . အလင်းနော်"

"ဖုန်းချလိုက်တော့. . . ကိုယ် ထွက်လာပြီ"

အလင်းက ဖွတ်တိုးပြောကာ ဖုန်း အဆက်အသွယ် ဖြတ်တောက်လိုက်၏။

မိုးနယုန်သည် ဖုန်းချပြီးတာနှင့် အခန်းထဲက မှန်တင်ခုံ ရှေ့ အပြေးလေး ရောက်လာသည်။

နည်းနည်းပါးပါး အလှပြင်ရမည်။

အဝတ်အစားကိုလည်း အလင်းမျက်စိထဲ တွေ့တာလေး ရွေးဝတ်မှ ဖြစ်မည်။

သူက မကြွေရုပ်လို လှလှလေးမှ သဘောကျတာ မဟုတ်လား။

နယုန်လည်း မိန်းကလေးပီပီသသ နူးနူးညံ့ညံ့ သိမ်သိမ် မွေ့မွေ့လေး သူ့ကို ဆွဲဆောင်ချင်ပါသည်။





ကြွေရုပ်ဖြူသည် ဝရံတာလေးမှာ ထွက်ရပ်လိုက်တာနှင့် ခြံပြင် ဟိုဖက်ခြမ်းရဲ့ အုတ်တံတိုင်းနားကပ်ကာ ရပ်ထားတဲ့ ကား တစ်စီးကို တွေ့သွားရသည်။

ကားမှန်မှာ မန်ယူဘောလုံးအသင်းရဲ့ တံဆိပ်ကို ကပ် ထားတဲ့ကားမို့ သူမ ချက်ချင်း မှတ်မိသည်။

အလင်းနီ. . .

လူကတော့ ကားပြင်ထွက်ရပ်လျက် ဖုန်းပြောနေသည်။ ဖုန်းပြောရင်းက ခြံထဲက ထွက်လာမည့် တစ်စုံတစ်ယောက်ကို လည်း မျှော်တော်ယောင် လုပ်နေတာ။

သူ ဘယ်သူ့ကို လာခေါ်တာလည်း သိပ်စဉ်းစားစရာ မလို။

တခဏအကြာမှာပဲ အဖြေက ပေါ်လာသည်။

မင်းဝွတ်ရောင် ဒရက်စ်လေးနှင့် ရှင်းကျော့လှပနေသော မိုးနယုန်ဟာ လူမှားလောက်အောင်ပင် ရင်သပ်ရှုမောဖွယ် ဖြစ်နေပါရောလား။

ဆံပင်တိုတို ဖောင်းဖောင်းလေးနှင့်မို့ မျက်နှာနုနုလေးက ရှင်းလင်း လှပနေသလို နားစွဲရှည်ရှည် လှုပ်လှုပ်လေးကလည်း ချစ်စရာ ကောင်းလိုက်တာ။

ခွာချွန် ကြိုးသိုင်းဖိနပ်ကလေးနှင့် လှမ်းလျှောက်သွားဟန်ကပင် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်။

ပုခုံးလွယ်အိတ်ပြားပြားပါးပါး အကွက်ကလေးကလည်း ဝတ်ထားတဲ့ ဂါဝန်ရှည်လေးနှင့် လိုက်ဖက်ကြည့်ကောင်းလှသည်။

နယုန်ဆိုတဲ့ ချာတိတ်မလေးက ဒီလို ဖက်ရှင်ကျကျ စမတ်ကျကျ ဝတ်စားဆင်ယင်တတ်လိမ့်မယ်ဟု ကြွေရုပ် မထင်။

မျက်လုံးအဝိုင်းသားနှင့် အံ့သြငေးမောနေမိသည်။





အလင်းနီကတော့ ရှပ်လက်ရှည်အပြာရောင် အစင်းနှင့် စပ်တိုင်လ်ဘောင်းဘီ နက်မှောင်မှောင်ကို ဝတ်ဆင်ထားတာမို့ နဂိုကထက် ပိုကြည့်ကောင်း ရှင်းသန့်နေတာ အမှန်။

အလင်းက ခြံဝန်းအပြင်သို့ လှမ်းလာသူလေးကို ချစ်မြတ် နိုးသော မျက်လုံးတွေနှင့် ငေးကြည့် ကြိုဆိုနေသည်။

အရင်ကဆို သူ့ကိုတွေ့ရင် ဒရောသောပါး ခုန်ပေါက်ပြေးလွှားလာတတ်သူလေးက အခုတော့ ရှက်ပြုံးလေးတစ်ပွင့်နှင့် မရဲတရဲ။

ထွက်သာထွက်လာရသော်လည်း . . .

နယုန့်ရင်တွေ တဆတ်ဆတ် ခုန်နေသည်။

အလှတွေ ပြင်ထားမိတဲ့အတွက်လည်း ပါးပြင်လေး နွေးအောင်ပင် သူမ ရှက်မနေတတ်ကြီး ဖြစ်နေသည်။

သူက မမှိတ်မသုန် စိုက်ကြည့်နေတော့ ရင်တွေတုန်ကာ ခြေလှမ်းတောင် မှားချင်သည်။

နီးကပ်လာသောအခါ တစ်ဦးနှင့်တစ်ဦး အကြည့်ချင်း လွှဲဖယ်မရအောင် ငြိတွယ်စေးကပ်သွားမိကြသည်။

မှောင်စပျိုးတော့မည့် ညနေခင်းအချိန်မို့ လမ်းမှာ ကားအသွားအလာလည်း မရှိဘဲ လူခြေတိတ်နေပါသည်။

သူမ ထွက်လာသော ခြံတံခါးလေးကိုလည်း ပြန်စေ့ပိတ်ထားလိုက်ပြီမို့ သူတို့နားမှာ ဘယ်သူမှ မရှိတာ သေချာနေသည်။

မမိုတ်မသုန် စိုက်ကြည့်နေရင်းက အလင်းနီသည် ဆက်လက်၍ စိတ်မထိန်းနိုင်တော့သလို သူမခါးကလေးကို လှမ်းဖက်၍ ရင်ခွင်ထဲ ဆွဲကာပ်ပစ်လိုက်မိသည်။

"အို. . . အလင်း"

မိုးနယုန်က သူ့ရင်ဘတ်ကို ရှက်လန့်တကြားလေး တွန်းထားမိ၏။

"သိပ်ချစ်တယ်. . . မောင် အရမ်းချစ်ရတဲ့ ယုန်ကလေးပိစိကွေး. . . အသည်းလေး"

သူက ချစ်စနိုးနှင့် အမျိုးစုံအောင်ခေါ်ကာ နယုန်ပါးလေးကို စွဲစွဲမက်မက် နမ်းရှိုက်၏။

သူတို့နှစ်ဦးကို လှမ်းတွေ့နေရသော ကြွေရုပ်မှာ ရုတ်တရက် မျက်နှာပူ မင်သက်နေမိကာ အကြည့်ပဲ လွှဲလိုက်ရမလို၊ အိမ်ထဲပဲ လှည့်ဝင်ရမလို ဖြစ်သွားသည်။





ကြွေရုပ်၏ ရင်ထဲ အသည်းထဲမှာ ဖြစ်ပေါ်လာမိတဲ့ ခံစားချက်ဟာလည်း ပြောပြလို့ မရအောင်ပင် ထိထိရှရှနှင့် လွမ်းဆွတ်နှမြောဖွယ်လေး. . .။

အလင်းနီရဲ့ အကြင်နာ အယုအယတို့ကို မြင်တွေ့ခွင့်သာ ပါလာပြီး ပိုင်ဆိုင်ခွင့်က သူမအတွက် ပါမလာ။

ပျော်ပျော်ရွှင်ရွှင်နှင့် ပေါ့ပါးလန်းဆန်းစွာ ကားပေါ်တက်ထွက်ခွာသွားသော စုံတွဲလေးကို ငေးကြည့်ရင်း ကြွေရုပ်မျက်လုံးအိမ်မှာ မျက်ရည်ကလေး မသိမသာ စို့လာခဲ့သည်။

လွှမ်းမယ်ထင်လို့လား. . .။

မလွမ်းတော့ပါဘူး. . .။

ကိုယ် မလိုချင်လို့ စွန့်လွှတ်ပြင်းပယ်ခဲ့ပြီးသားပဲနော်။

သူတို့ချစ်တာ ချစ်ပါစေ. . .။

ဆုလေးနွယ်